# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘော ရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ - ၁၄၇)


၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက် | ၂၀၁၇ ခုနှစ်၊ ဇွန် ၂၉ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၂၆၉)




# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ တောင်အာဖရိကနိုင်ငံ သံအမတ်ကြီးနှင့် မက္ကဆီကိုနိုင်ငံ သံအမတ်ကြီးတို့ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဂျက်ဖရီ ကွင်းတန် မစ်ချယ် ဒွက်ခ်ျသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

*စာမျက်နှာ ၃ ကော်လံ ၅ ✻*

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျက်ဖရီ ကွင်းတန် မစ်ချယ် ဒွက်ခ်ျ ၎င်း၏ခန့်အပ်လွှာပေးအပ်စဉ်**
(သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဖိလစ်ပိုင်သံအမတ်ကြီးနှင့် နီပေါလ်သံအမတ်ကြီးတို့အား တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် အသစ်ခန့်အပ်ခြင်းခံရသည့် သံအမတ်ကြီး မစ္စတာ အဲဒွါဒို ကပူနန် ဂျူနီယာအား ယနေ့ နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါလ်ဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် အသစ်ခန့်အပ်ခြင်းခံရသည့် သံအမတ်ကြီး မစ္စတာ ဘင်းကေ အူးဒက်စ်အား ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင်လည်းကောင်း နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အဲဒွါဒို ကပူနန် ဂျူနီယာအား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

## ဗင်နီဇွဲလားနိုင်ငံရှိတရားရုံးချုပ်ကို ရဟတ်ယာဉ်ဖြင့် တိုက်ခိုက်ခံရ

စာ - ၁၀

## အလားအလာရှိသော်လည်း မြန်မာ့တွင်းထွက်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တို့ကို ကြီးကြပ်နိုင်မှုအားနည်းဟု သယံဇာတစီမံခန့်ခွဲမှုအညွှန်းကိန်းမှ လေ့လာတွေ့ရှိ

စာ - ၁၁




# ကမ္ဘာကိုခြိမ်းခြောက်နေသော မူးယစ်ဆေးဝါးပြဿနာ

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန်လ ၂၆ ရက်နေ့က ကျင်းပခဲ့ပါသည်။ ထိုအခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံကြီးငယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး ကမ္ဘာ့လူသားတစ်ရပ်လုံးနှင့် နိုင်ငံအသီးသီးကို ခြိမ်းခြောက်နေသည့် ပြဿနာတစ်ရပ်ဖြစ်ကြောင်း ပြောကြားသွားသည်။

၂၀၁၆ ခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့် အမှုပေါင်း ၈၀၀၀ ရှိခဲ့ပြီး၊ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးမှုတန်ဖိုးမှာ ငွေကျပ်သန်းပေါင်း ၆၆၀၀၀ ကျော် ရှိခဲ့သည်ဟု ဆိုပါသည်။ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုသတင်းများကို နယ်စပ်ဒေသများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နယ်စပ်၊ ထိုင်းနိုင်ငံနယ်စပ်စသောနေရာများတွင်လည်း တွေ့ရှိနေရသည်။ ထိုင်းနိုင်ငံထုတ် သတင်းစာများတွင် ဖော်ပြချက်အရ ဇွန်လ ၂၆ ရက်နေ့တွင် ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၌ ယာဘ ခေါ် ဆေးပြား ၁ ဒသမ ၇ သန်း တန်ဖိုးအားဖြင့် ဒေါ်လာ ၁ ဘီလီယံခန့် ဖမ်းဆီးရမိခဲ့ကြောင်းဖော်ပြသည်ကို တွေ့ရသည်။ ထိုနေ့က ရန်ကုန်မြို့တွင် နိုင်ငံတကာမူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထိမ်းအမှတ် အခမ်းအနားတွင် ဒေါ်လာသန်း ၂၃၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခဲ့ပြီး တစ်နိုင်ငံလုံး နေရာသုံးနေရာတွင် ဒေါ်လာ ၃၈၅ သန်းခန့် တန်ဖိုးရှိသော မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခဲ့သည်ကို တွေ့ရသည်။ မူးယစ်ဆေးဝါး အများဆုံးထွက်ရှိရာနေရာများမှာ မြန်မာ၊ လာအို၊ တရုတ်နိုင်ငံတောင်ပိုင်းနှင့် ထိုင်းနိုင်ငံမြောက်ပိုင်းတို့နှင့်ဝေးကွာသော နယ်စပ်ဒေသများဖြစ်သည် ဟု ဆိုပါသည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှုရှိသလို မူးယစ်ဆေးဝါးသုံးစွဲသည့် ဈေးကွက်ကလည်း အကျယ်အပြန့် ရှိနေသည်။ ကုလသမဂ္ဂ၏ မူးယစ်နှင့် ရာဇဝတ်မှုခင်းဆိုင်ရာဌာန ထုတ်ပြန်ချက်အရ ၂၀၁၅ ခုနှစ်တွင် မူးယစ်ဆေးဝါးကို အနည်းဆုံး တစ်ကြိမ်နှင့်အထက် သုံးစွဲဖူးသူ ၂၅၅ သန်း ရှိသည်ဟု ဆိုပါသည်။ ထိုအထဲမှ ဆေးစွဲသူ လူဦးရေမှာ သန်း ၃၀ ခန့်ရှိကာ ကမ္ဘာ့အရွယ်ရောက်ပြီး လူဦးရေ ၀ ဒသမ ၆ ရာခိုင်နှုန်း ရှိနေသည်။ ယခုအခါ ဆေးခြောက်သုံးစွဲမှုမှာ ထိပ်ဆုံးမှဖြစ်နေပြီး ဘိန်းနှင့် ဘိန်းထွက်မူးယစ်ဆေးသုံးစွဲမှု လျော့နည်းလာသည်ကို တွေ့ရသည်။ သို့အတွက် ယာဘခေါ် ဆေးပြားသုံးစွဲမှုက ပို၍အန္တရာယ်ကြီးကာ ကမ္ဘာ့ကျန်းမာရေးပြဿနာ ၇၀ ရာခိုင်နှုန်းသည် မူးယစ်ဆေးဝါးသုံးစွဲမှုမှ ဖြာထွက်လာသော ပြဿနာများဟု ဆိုပါသည်။ အမေရိကန်တွင် မူးယစ်ဆေးကြောင့် သေဆုံးမှုသည် ကားမတော်တဆဖြစ်မှုနှင့် အကြမ်းဖက်မှုများထက် ပိုများနေသည်။ အမေရိကနှင့်ဥရောပတို့တွင် ကုတ်ကင်းသုံးစွဲမှုမြင့်တက်နေပြီး ၂၀၁၅ ခုနှစ်က တစ်ကမ္ဘာလုံးတွင် ကုတ်ကင်း ၈၆၄ တန်အထိ စံချိန်တင် ဖမ်းဆီးရမိခဲ့ပါသည်။ **UNOCD** ၏ ၂၀၁၅ ခုနှစ်ထုတ်ပြန်ချက်အရ တစ်ကမ္ဘာလုံးတွင် ဆေးခြောက်သုံးစွဲသူ ၁၈၃ သန်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲသူ ၃၇ သန်း၊ ဘိန်းနှင့်ဘိန်းထွက်မူးယစ်ဆေးသုံးစွဲသူ ၃၅ သန်းနှင့် ကုတ်ကင်းသုံးစွဲသူ ၁၇ သန်းရှိသည်ဟု သိရသည်။

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ကိန်းဂဏန်းများထက် လူ့အဖွဲ့အစည်းတစ်ခု၊ လူ့အသိုက်အဝန်းတစ်ခုအတွင်း မူးယစ်ဆေးဝါးနှင့်ဆက်နွယ်သည့် မှုခင်းများ၊ အန္တရာယ်များနှင့် ကြောက်ရွံ့မှုများ မည်မျှအထိလျော့ချနိုင်မည်ဆိုသည့် အညွှန်းကိန်းများနှင့် တိုင်းထွာသွားမှသာလျှင် မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်သော စိတ်ချလုံခြုံပျော်ရွှင်သည့် လူ့ဘောင်တစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်သည်ဟု ဒုတိယသမ္မတက ထည့်သွင်းပြောကြားခဲ့သည်။

၁၉၈၇ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန်လ ၂၆ ရက်နေ့ကို ကမ္ဘာ့မူးယစ်ဆေးဝါးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံ၌ အဆိုပါအခမ်းအနားများကျင်းပခဲ့သည်မှာ အကြိမ် ၃၀ ရှိခဲ့ပြီဖြစ်သည်။မူးယစ်ဆေးဝါးပြဿနာတွင် လူမှုရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြစ်မှုတရားစီရင်ရေး စသည့်အကြောင်းအရာများအပြင် မြန်မာနိုင်ငံအတွက်ဆိုလျှင် နယ်စပ်ဒေသများလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်ပါ ဆက်စပ်လျက်ရှိရာ ဘက်ပေါင်းစုံပါဝင်သည့် ချဉ်းကပ်မှုမျိုးဖြင့် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးသည် အရေးကြီးလှပါသည်။ ၂၀၁၆ ခုနှစ်သည် မူးယစ်ဆေးဝါး စံချိန်တင်ဖမ်းမိခဲ့သောနှစ်အဖြစ်မှ ၂၀၁၇ ခုနှစ်သည် မူးယစ်ဆေးဝါးအန္တရာယ် ပိုမိုထိန်းချုပ်နိုင်သော နှစ်တစ်ခုအဖြစ် ရောက်ရှိရန် လိုအပ်နေပါကြောင်း တင်ပြရပါသည်။ ။

# အမေရိကန်နိုင်ငံ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညစာခံပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၈**

အမေရိကန်နိုင်ငံ၏ (၂၄၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညစာခံပွဲ အခမ်းအနားကို ယနေ့ ည ၇ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းနှင့် အမေရိကန်နိုင်ငံတော် သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဦးသောင်းထွန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



## မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး၌ ၁၀ ထပ်ဆောင်နှစ်ဆောင် တိုးချဲ့ဆောက်လုပ်

**မန္တလေး ဇွန် ၂၈**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၅၀၈ ဒသမ ၆၂၀ သန်း အကုန်အကျခံသုံးစွဲ၍ ၁၀ ထပ်ဆေးကုသဆောင် အသစ် နှစ်ဆောင်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောက်လုပ်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ အဆောက်အအုံနှစ်ဆောင်အနက် ပထမဆောင်ဖြစ်သော ပေ (၁၀၀ x ၄၀) အဆောက်ကို ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး ဒုတိယအဆောက်အအုံကို ၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်အကုန်တွင် အပြီးတည်ဆောက်နိုင်ရန် ရည်မှန်းထားကြောင်း ယင်းဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်တင်တင်မိုးက ပြောသည်။

"လာရောက်ကုသကြတဲ့ လူနာဦးရေကလည်း များပြားလာတဲ့အတွက် လက်ရှိကုသပေးနေတဲ့ အထူးကုသဆောင် ၃၂ ခုကနေ ၃၅ ခုအထိတိုးချဲ့ပြီး အခြားခွဲစိတ်ကုသဆောင်တွေ၊ ခွဲစိတ်ခန်းတွေ တိုးချဲ့ဖို့လိုအပ်နေတဲ့အတွက် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးတာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

အဆိုပါ ၁၀ ထပ်ဆောင်နှစ်ဆောင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၂) အဆောက်အအုံအထူးအဖွဲ့(၆)က တာဝန်ယူဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## အနုပညာပြန့်ပွားရေး ဟောပြောမည်

**ရန်ကုန် ဇွန် ၂၈**

ပန်းချီဝါသနာရှင်များအတွက် ပညာဗဟုသုတရရှိစေရန် ပန်းချီဆရာကြီး ဒေါက်တာ ဦးလွန်းကြွယ်က အနုပညာအမွေခေါင်းစဉ်ဖြင့် အနုပညာပြန့်ပွားရေးဟောပြောပွဲကို ဇွန် ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ပန်းချီပန်းပုအစည်းအရုံး (ဗဟို)၌ ဟောပြောမည်ဖြစ်ကြောင်း သိရသည်။

**ထင်ကျော်(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၈-၆-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၇၀၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ . ၀ |
| ဥရောပ | တစ်ယူရို | ၁၅၂၃ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၁ . ၈၆ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ . ၀၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၁၀ |
| တရုတ် | တစ်ယွမ် | ၁၉၉ . ၆၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၇ . ၅၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



* ရှေ့စာမျက်နှာမှ

**ခန့်အပ်လွှာပေးအပ်**

အလားတူ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ မက္ကဆီကို ပြည်ထောင်စုနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သည့် သံအမတ်ကြီး မစ္စတာ နေသန် ဝုဖ်လပ်စ်ဘာဒါသည် ယနေ့ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးထင်ကျော် မက္ကဆီကိုပြည်ထောင်စုနိုင်ငံ သံအမတ်ကြီး မစ္စတာ နေသန် ဝုဖ် လပ်စ်ဘာဒါအား လက်ခံတွေ့ဆုံစဉ်**
(သတင်းစဉ်)

# လက်ရှိမြန်မာ့မီဒီယာကဏ္ဍ ဖြစ်ပေါ်နေသည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် ဇွန် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး H. E. Mrs. Tone Tinnes နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး မကြာသေးမီက သွားရောက်ခဲ့သည့် The Oslo Forum နှင့် ပတ်သက်သည့်ကိစ္စရပ်များ၊ လက်ရှိမြန်မာ့မီဒီယာကဏ္ဍ ဖြစ်ပေါ်နေသည့် အခြေအနေများ၊ ပြန်ကြားရေးဝန်ကြီးဌာန၏ လက်ရှိပြုပြင်ပြောင်းလဲဆောင်ရွက်မှုများနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ပုဒ်မ-၆၆(ဃ)အား ပြင်ဆင်နိုင်မည့် အခြေအနေများ၊ ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်လျက်ရှိသည့် ဩဂုတ်လတွင် ကျင်းပမည့် Transition Forum အတွက် ပြင်ပပညာရှင်များ ဖိတ်ကြားမှုအခြေအနေနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ဝန်ကြီးဌာနတွင် ဆောင်ရွက်နေသော Information and Communication Technology (ICT)ကဏ္ဍတွင် နော်ဝေနိုင်ငံမှ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် လူနည်းစုတိုင်းရင်းသားများ၏ ရိုးရာပစ္စည်းများနှင့် ၎င်းတို့၏ စာပေများအားစုဆောင်း၍ မိမိတို့၏စာကြည့်တိုက်များတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြတိုက်ငယ်လေးများ အသွင် ဖွင့်လှစ်ထားရှိနိုင်ရေး ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။
**(သတင်းစဉ်)**

# နေပြည်တော် ပျဉ်းမနားမြို့၌ လူမှုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက်ဖွင့်

နေပြည်တော် ဇွန် ၂၈

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် လူမှုအခြေပြုဗဟိုဌာန (Community Centre)နှင့် ရွေ့လျားစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်သည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းတို့က လူမှုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက်တို့ကို



ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အောက်ဝဲပုံ)**လူမှုအခြေပြုဗဟိုဌာန ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ရွေ့လျားစာကြည့်တိုက်ဆိုသည်မှာ စာကြည့်တိုက်သည် စာဖတ်သူများထံသို့ တိုက်ရိုက်တွေ့ဆုံသည့် သဘောဖြစ်ပါကြောင်း၊ မြို့ပေါ်စာကြည့်တိုက်သို့ မလာရောက်နိုင်သည့် ကျေးရွာများ၊ ရပ်ကွက်များနှင့် ကျောင်းများ စသည့်နေရာများသို့ သွားရောက်၍ လူထုအား စာအုပ်စာပေများဖြင့် ထိတွေ့ပေးသည့် အစီအစဉ်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင်လည်း နှစ်ပေါင်းများစွာကတည်းက ရွေ့လျားစာကြည့်တိုက်များ တည်ရှိခဲ့ပါကြောင်း။

Community Centre ဆိုသည်မှာ အများပြည်သူတို့ ဆုံတွေ့ပြီး လုပ်ချင်ကိုင်ချင်သည့်ကိစ္စများကို ယခုနေရာတွင် ဆောင်ရွက်မည်၊ အကြံဉာဏ်ထုတ်မည် စသည့်ကိစ္စရပ်များ ဆွေးနွေးတိုင်ပင်သည့် နေရာဖြစ်ပါကြောင်း၊ ယခုနေရာသည် အများပြည်သူများ လွတ်လွတ်လပ်လပ်အသုံးပြုနိုင်သည့် နေရာဖြစ်ပါကြောင်း၊ လာရောက်အသုံးပြုကြရန်လည်း ဖိတ်ခေါ်ပါကြောင်း၊ နောင်အချိန်တွင် အများပြည်သူက လူထုအခြေပြုဗဟိုဌာနသည် မရှိလျှင်မဖြစ်သည့် နေရာဖြစ်သည်ဆိုသည် အထိဖြစ်လာအောင် ရည်ရွယ်၍ တိုးချဲ့တည်ထောင်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက အမှာစကားပြောကြားပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းက ရွေ့လျားစာကြည့်တိုက်နှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လူမှုအခြေပြုဗဟိုဌာနအတွက် လိုအပ်သောပစ္စည်းများကို ပံ့ပိုးကူညီလှူဒါန်းပေးကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လှူဒါန်းသော Mobile Library Bus များနှင့် လူထုအခြေပြုဗဟိုဌာနတို့ကို လှည့်လည်ကြည့်ရှုကြသည်။

နေပြည်တော် ပျဉ်းမနားမြို့တွင် ယနေ့ဖွင့်လှစ်ခဲ့သည့် လူမှုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက်မှာ ငါးခုမြောက် ဖွင့်လှစ်နိုင်ခြင်းဖြစ်ပြီး ကော့မှူး၊ အင်းစိန်၊ မြောင်းမြနှင့် နတ်မောက်မြို့တို့၌ အလားတူဖွင့်လှစ်ထားပြီး ဖြစ်သည်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့ရှိ မြို့နယ် ၂၆ မြို့နယ်အတွင်း လူမှုအခြေပြုစာကြည့်တိုက်များ၊ လူမှုအခြေပြုဗဟိုဌာနများ တိုးတက်ဖြစ်ထွန်းလာစေရေး နားလည်မှုစာချွန်လွှာ ရေးထိုးဆောင်ရွက်လျက်ရှိရာ ငါးနှစ်တာကာလအတွင်း ယခုကဲ့သို့ ရလဒ်များထွက်ပေါ်လာခြင်းဖြစ်ကြောင်းနှင့် မကြာမီ မြစ်ကြီးနားမြို့၌ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။
**(သတင်းစဉ်)**

## ပဉ္စမအကြိမ် တိုင်းရင်းမီဒီယာညီလာခံ ဒုတိယနေ့နှင့် တတိယနေ့ လွိုင်ကော်မြို့၌ဆက်လက်ကျင်းပ

**လွိုင်ကော် ဇွန် ၂၈**

ပဉ္စမအကြိမ် တိုင်းရင်းမီဒီယာညီလာခံကို ကယားပြည်နယ် လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ယနေ့ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံအတွင်းရှိ သတင်းမီဒီယာအဖွဲ့များ၊ တိုင်းရင်းမီဒီယာကိုယ်စားလှယ်များ၊ CSO၊ NGO၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ခုနစ်ခုရှိ မီဒီယာအခင်းအကျင်းနှင့် စပ်လျဉ်း၍ ပြည်နယ်တစ်ခုချင်းစီတွင်ရှိသော သတင်းဌာနများ၊ ပြည်နယ်တစ်ခုချင်းအလိုက် သတင်းမီဒီယာထုတ်လုပ်နိုင်မှု အခြေအနေ၊ ဖြန့်ချိရေးနှင့် ဈေးကွက်အခြေအနေများကို ဆွေးနွေးကြသည်။

တိုင်းရင်းမီဒီယာညီလာခံ ဒုတိယနေ့နှင့် တတိယနေ့ ဆွေးနွေးချက်များအနေဖြင့် မြန်မာနိုင်ငံတွင် သတင်းရယူပိုင်ခွင့်အခြေအနေ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံ နှိုင်းယှဉ်ချက်၊ အမျိုးသားမီဒီယာ မူဝါဒတွင် တိုင်းရင်းမီဒီယာ၏ အခန်းကဏ္ဍ ထည့်သွင်းခြင်း၊ တိုင်းရင်းမီဒီယာမူဝါဒ မူဘောင် အကြမ်းဖျင်းပုံဖော်ခြင်း၊ တိုင်းရင်းမီဒီယာတွင် အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်ရေး ချဉ်းကပ်ဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊ အမျိုးသမီးသတင်းထောက်များ၏အခွင့်အရေးကို မြှင့်တင်ခြင်း၊ တိုင်းရင်းမီဒီယာနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် နိုင်ငံတကာအမြင်၊ မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တိုင်းရင်းမီဒီယာ၏အခန်းကဏ္ဍ၊တိုင်းရင်းမီဒီယာမူဝါဒအတွက်ရေရှည်တည်တံ့သော မူဝါဒ၊ တိုင်းရင်းသားပြည်နယ်များတွင် မီဒီယာတည်ထောင်ရန် ဖြစ်နိုင်ခြေများ၊ တိုင်းရင်းမီဒီယာထုတ်လုပ်မှုမှ တစ်ဆင့် နိုင်ငံတကာမီဒီယာသို့ စသည့်အကြောင်းအရာများအား ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ညီလာခံဆွေးနွေးချက်များနှင့်ပတ်သက်၍ ရရှိလာသော ရလဒ်များကို ထုတ်ပြန်ကြေညာခဲ့သည်။ ဆက်လက်၍ ဂုဏ်ပြုညစာစားပွဲကို ဆက်လက်ကျင်းပကာ တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။
**(ပြည်နယ် ပြန်/ဆက်)**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း Mr. Pasit Sirimalai အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် Universal Peace Federation (Asia) မှ UPF Representative Myanmar Mr. Pasit Sirimalai နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ညှိနှိုင်းခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Universal Peace Federation ၏ Launching of the International Association of Parliamentarians for Peace - Myanmar (IAPP - Myanmar ) အစီအစဉ်နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း Universal Peace Federation (Asia) မှ UPF Representative Myanmar Mr. Pasit Sirimalai အား လက်ခံတွေ့ဆုံစဉ်**



# ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သုံးလပတ်လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၁၇) ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့က မတ်လမှ မေလအထိ သုံးလပတ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအပေါ် သုံးသပ်ခြင်းနှင့် ဇွန်လမှ ဒီဇင်ဘာလအထိ ရှေ့လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက တင်ပြချက်များနှင့်စပ်လျဉ်း၍ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းမော်၊ ဦးသန်းထွန်း၊ ဒေါက်တာဦးပွား၊ ဦးစောဗယ်လင်တိုင်းနှင့် ၎င်းအဖွဲ့ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် ဇွန် ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာန (DFID/ UKAid) ၏ အခြေခံအဆောက်အအုံဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Ms. Kirstyn Thomson နှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံးညှိ့ခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာ့နိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းများနှင့် အကဲဖြတ်သုံးသပ်သည့်လုပ်ငန်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ လှိုင်မြစ်နှင့် ဒုဋ္ဌဝတီမြစ်တို့တွင် ဆောင်ရွက်လျက်ရှိသည့် ရေအရည်အသွေးဆန်းစစ်ခြင်းဆိုင်ရာလုပ်ငန်းများ၊ ပဲခူးမြစ်နှင့် စစ်တောင်းမြစ် ရေဝေရေလဲဒေသ စီမံအုပ်ချုပ်မှုလုပ်ငန်းများ၊ မြေယာအသုံးချမှု မူဝါဒရေးဆွဲပြီးနောက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jaroslav Dolecek အား ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ညှိ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ် ဦးဆောင်သော တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲတို့၏ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများတွင် ချက်သမ္မတနိုင်ငံ၏ အတွေ့အကြုံများကို ဖလှယ် ဆောင်ရွက်မည့်ကိစ္စ၊ ဒီမိုကရေစီစနစ်ဖွံ့ဖြိုးရေးအတွက် ချက်သမ္မတနိုင်ငံ၏ အကူအညီဖြင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော ကူးပြောင်းမှုဆိုင်ရာ စီမံကိန်းလုပ်ငန်းများကိစ္စ၊ နှစ်နိုင်ငံ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင် ရွက်မည့်ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

***✻ ကျောဖုံးမှ***

"One Championship အနေနဲ့ မြန်မာနိုင်ငံကို စတင်ခြေချတာ အခုလာမယ့်ပွဲရောဆို လေးကြိမ်ရှိပြီဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ကနဦးပွဲတုန်းကဆို ပြည်သူတွေ သိပ်မသိသလို၊ လာရောက်အားပေးမှုကလည်း ထူးထူးခြားခြားမဖြစ်ခဲ့ဘူး။ အခုလာမယ့်ပွဲကတော့ ထူးထူးခြားခြားနဲ့ ပရိသတ်စိတ်ဝင်စားမှုများပြီး တော်တော်လေး စည်ကားမယ်လို့မြင်တယ်။ လက်ရှိထုတ်ထားတဲ့ လက်မှတ်အရေအတွက်က ကုန်သလောက်နီးပါးဖြစ်နေပြီ။ တချို့ဆို ပြည်ပကနေ ဒီပွဲအတွက် လက်မှတ်ကြိုတင်မှာယူဝယ်ထားတာတွေရှိတယ်။ ပြောရရင် နှစ်နှစ်အတွင်း အခုလေးကြိမ်မြောက် ကျင်းပတဲ့ပွဲဟာ မြန်မာနိုင်ငံသား အောင်လအန်ဆန်အတွက် ပရိသတ်အားပေးမှု စံချိန်တင်မယ့်ပွဲလို့ သုံးသပ်လို့ရပါတယ်"ဟု အဆိုပါပွဲဖြစ်မြောက်ရေးအတွက် One Championship အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာလက်ခမောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုယှဉ်ပြိုင်ထိုးသတ်မည့် One Championship မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲအပါအဝင် ပွဲစဉ်အားလုံးကို ပြည်တွင်းရုပ်သံလိုင်းဖြစ်သည့် Sky Net မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ပြီး Main Fight ပွဲစဉ်ဖြစ်သော အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှိတို့ တစ်ပွဲတည်းကို MRTV Entertainment မှ တိုက်ရိုက်ပြသသွားမည်ဖြစ်သည့်အပြင် ကမ္ဘာ့ရုပ်သံလိုင်းပေါင်း ၁၀ လိုင်းကျော်မှလည်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော် အရင် One Championship ပွဲတွေ လုပ်တုန်းက မကြည့်ဖြစ်လိုက်ဘူး။ ဝါသနာတော့ပါတယ်။ ဒါပေမယ့် ခရီးထွက်နေရတာနဲ့ အောင်လပွဲကို အားမပေးလိုက်ရတာ။ အခုပွဲတော့ အောင်လအနေနဲ့လည်း မကျေပွဲလည်းဖြစ်သလို ချန်ပီယံလုပွဲလည်းဖြစ်တော့ မဖြစ်မနေအားပေးမယ်ဆိုပြီး လက်မှတ်ဝယ်ထားတာ ပြီးခဲ့တဲ့အပတ် စရောင်းကတည်းကပဲ။ အခုသူငယ်ချင်းက လိုက်ကြည့်ချင်တယ်ဆိုတော့ ရန်ကုန်မှာရှိတဲ့ အရောင်းစင်တာတွေမှာ သူနဲ့အတူ လိုက်ဝယ်တာ ဘယ်အရောင်းစင်တာမှ မရတော့ဘူး။ လက်မှတ်တွေက ကုန်နေကြပြီ။ ပရိသတ်အားပေးမှုကတော့ ကျေနပ်စရာပါ။ အောင်လအနေနဲ့သာ ကြိုးစားပြီးခါးပတ်ယူဖို့လိုတယ်"ဟု ရန်ကင်းမြို့နယ်မှ လက်ဝှေ့ဝါသနာရှင် ကိုမြင့်ကျော်က ပြောသည်။

One Championship အဖွဲ့က ကြီးမှူးကျင်းပမည့် အဆိုပါ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲကြီးအတွက် လက်မှတ်များကို ပြီးခဲ့သောအပတ်က ရန်ကုန်မြို့ရှိ City Mark များနှင့် AGD Bank ငွေလဲကောင်တာများတွင် လက်မှတ်တစ်သောင်းဝန်းကျင်အား ငွေကျပ် နှစ်သိန်း၊ ငါးသောင်း၊ နှစ်သောင်းခွဲနှင့် တစ်သောင်း အတန်းလိုက် အသီးသီးသတ်မှတ်ပြီး စတင်ရောင်းချခဲ့ရာ ယနေ့တွင် ကောင်တာအားလုံးနီးပါး ရောင်းချပေးနိုင်မှုမရှိတော့ဘဲ ပရိသတ်ဝယ်ယူမှုသာ များပြားလျက်ရှိသည်။ မြန်မာနိုင်ငံ၌ ယခင်ကျင်းပခဲ့သော အဆိုပါ One Championship ပွဲများတွင် အများဆုံး လာရောက်အားပေးသည့် ပရိသတ်မှာခြောက်ထောင်ဝန်းကျင်သာရှိခဲ့ပြီး ၂၀၁၅ ခုနှစ် စတင်ကျင်းပသည့်ပွဲနှင့် နှိုင်းယှဉ်လျှင် ပရိသတ်အားပေးမှုမှာ သိသာစွာ ပိုမိုမြင့်တက်လာကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် စတုတ္ထအကြိမ်မြောက်ကျင်းပမည့် အဆိုပါ One Championship မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့သမား စုစုပေါင်း တွဲဆိုင်းခြောက်ဆိုင်း ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ရာ ယင်းတွဲဆိုင်းများအနက် သွေးသစ်ဝင်းလှိုင်နှင့် စိုးထက်ဦး တွဲဆိုင်းတစ်ဆိုင်းတည်းသာ မြန်မာ့ရိုးရာလက်ဝှေ့အလဲထိုးစည်းစနစ်နှင့်အညီ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

***✪ ကျောဖုံးမှ***

MNL All star အသင်းနှင့် ခြေစမ်းပွဲထက် ပိုကောင်းအောင်ကစားနိုင်ခဲ့သည်။ ကမ္ဘောဒီးယားအသင်းမှာမူ မြန်မာအသင်းကို ယှဉ်ပြိုင်ကစားနိုင်ခြင်း မရှိခဲ့ပေ။

မြန်မာ ယူ-၂၂ အသင်းသည် MNL All star အသင်းနှင့် ပွဲထွက် လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဘုန်းသစ္စာမင်း၊ နန်းဝေမင်း၊ ထိုက်ထိုက်အောင်၊ သီဟထက်အောင်၊ ဟိန်းသီဟဇော်၊ လှိုင်းဘိုဘို၊ ရန်နိုင်ဦး၊ မောင်မောင်လွင်၊ စည်သူအောင်၊ သန်းပိုင်၊ အောင်သူတို့ဖြင့် ပွဲထွက်ခဲ့သည်။ တိုက်စစ်မှူး သန်းပိုင်သည် ၁၅ မိနစ်အတွင်း ဂိုးရရှိနိုင်သည့် အပိုင်အခွင့်အရေး နှစ်ကြိမ် ရရှိသော်လည်း အသုံးမချနိုင်ခဲ့ပေ။ ၁၇ မိနစ်တွင် မြန်မာအသင်း အဖွင့်ဂိုးရခဲ့ပြီး ပြစ်ဒဏ်ဘောကို လှိုင်းဘိုဘိုက တိုက်ရိုက်မကန်သွင်းဘဲ ဖန်တီးပေးခဲ့ရာ အောင်သူက ကမ္ဘောဒီးယားနောက်ခံလူများကိုကျော်ဖြတ်ပြီး ကန်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ပိုဖိကစားနိုင်ခဲ့ပြီး ကမ္ဘောဒီးယားအသင်းက တန်ပြန်တိုက်စစ်ဖြင့်သာကစားခဲ့သည်။ ၄၁ မိနစ်တွင် မြန်မာအသင်း ဒုတိယဂိုးရခဲ့ပြီး အောင်သူက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းအစတွင် မြန်မာအသင်းက သန်းပိုင်အစား ရန်ပိုင်စိုးကို ထည့်သွင်းကစားစေခဲ့သည်။ ၄၆ မိနစ်တွင် ကမ္ဘောဒီးယားအသင်း ချေပဂိုးပြန်ရခဲ့ပြီး ရီချန်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ၆၃ မိနစ်တွင် မြန်မာအသင်းက တတိယဂိုးရခဲ့ပြီး မောင်မောင်လွင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းအတွက် စတုတ္ထဂိုးကို ၆၆ မိနစ်တွင် အသင်းခေါင်းဆောင် စည်သူအောင်က အဝေးမှ ကန်သွင်းယူခဲ့သည်။

ညနေ ၃ နာရီက ကျင်းပသော ပထမပွဲတွင် ဂျပန်တက္ကသိုလ်အသင်းက ဟောင်ကောင် ယူ-၂၂ အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဂျပန်တက္ကသိုလ်အသင်းသည် ပထမပိုင်းကတည်းက နှစ်ဂိုးစလုံးသွင်းယူခဲ့ပြီး ၁၃ မိနစ် တွင် အီဆာကာ၊ မိနစ် ၂၀ တွင် အူကီတာတို့က သွင်းယူခဲ့သည်။

ပြိုင်ပွဲဒုတိယနေ့ကို ဇွန် ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် ကမ္ဘောဒီးယား ယူ-၂၂အသင်းနှင့် ဂျပန်တက္ကသိုလ်အသင်း၊ ညနေ ၆ နာရီတွင် မြန်မာ ယူ-၂၂ အသင်းနှင့် ဟောင်ကောင် ယူ-၂၂ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇွန် ၂၈**

၂၀၁၇ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဥပ္ပါတသန္တိစေတီတော်မြတ် ဂေါပကအဖွဲ့၏ သြဝါဒါစရိယဆရာတော်ကြီးများ၊ ပင့်ဖိတ်ထားသည့် ဒေသခံဆရာတော်ကြီးများပါဝင်သော သံဃာတော် ၆၃ ပါး ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ ပေါက်မြိုင်ဆရာတော်ကြီးထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ ပေါက်မြိုင်ဆရာတော်ကြီးထံသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ကြီးများထံ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ဇနီးတို့ကလည်းကောင်း၊ တက်ရောက်လာကြသူများကလည်းကောင်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စျေးကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သြဝါဒါစရိယ ပျဉ်းမနားမြို့မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇွန် ၂၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Steve Marshall အား ယနေ့ မွန်းလွဲ ၃ နာရီတွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု၊ ငှက်ဖျားနှင့် တီဘီရောဂါ ဆေးယဉ်ပါးခြင်းအား သုတေသနပြုမှုတို့တွင် နည်းပညာဖွံ့ဖြိုးရေးကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်စေလွှတ်မှု၊ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်၍ ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စရပ်များနှင့် မြေမြှုပ်မိုင်း ရှင်းလင်းရေးကိစ္စရပ်များတွင် လုပ်ဆောင်နိုင်မည့် အခြေအနေများအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Steve Marshall အား လက်ခံတွေ့ဆုံစဉ်**

# နိုင်ငံရေးဆိုင်ရာမူဘောင်ကိစ္စရပ်များနှင့် NCA စာချုပ်ပါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ချက်တင်သွင်းရန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ ချင်းမိုင်တွင်ဆွေးနွေး

**ချင်းမိုင် ဇွန် ၂၈**

နိုင်ငံရေးဆိုင်ရာ မူဘောင်ကိစ္စရပ်များနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST)သည် ယနေ့နံနက်ပိုင်းမှစ၍ ထိုင်းနိုင်ငံချင်းမိုင်မြို့၌ တွေ့ဆုံဆွေးနွေးလျက်ရှိသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST)ကို မူဝါဒပိုင်းဆိုင်ရာ ဦးဆောင်ကော်မတီတစ်ရပ်အနေဖြင့် ၂၀၁၆ ခုနှစ် မတ်လအတွင်းက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့မှ ခေါင်းဆောင်ရှစ်ဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အဖွဲ့ခေါင်းဆောင်အဖြစ် ကရင်အမျိုးသား အစည်းအရုံး(KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးက တာဝန်ယူထားသည်။

PPST အဖွဲ့ခေါင်းဆောင် စောမူတူးစေးဖိုး၏ အဖွင့်နှုတ်ခွန်းဆက်စကားတွင် "ကျွန်တော်တို့ ရှေ့ကိုသွားမယ့် ကိစ္စတွေမှာလည်း NCA ကို အခြေခံအကောင်အထည်ဖော်ပြီးတော့ ပန်းတိုင်ကိုသွားကြမယ်ဆိုတဲ့ အခြေအနေပေါ်မှာ အားလုံးက သဘောတူထားတယ်။ အခုပြန်ပြီးတော့ လေ့လာကြည့်တဲ့အခါမှာ ကျွန်တော်တို့ အခက်အခဲနဲ့ စိန်ခေါ်မှုတွေ အများကြီးရင်ဆိုင်ခဲ့ရတာကို တွေ့ရှိပါတယ်။ ကျွန်တော်တို့ လုပ်ကိုင်အကောင်အထည်ဖော်တဲ့နေရာမှာ NCA အတိုင်းအတာကို ပြန်မသွားဘဲနဲ့ တချို့လွဲချော်ပြီးတော့ ဘေးကိုထွက်သွားတဲ့ အခြေအနေတွေရှိပါတယ်။ ဒီအခြေအနေတွေဟာ ဘယ်လိုလဲဆိုတာကို ကျွန်တော်တို့ ဆွေးနွေးရတော့မှာဖြစ်ပါတယ်။

"NCA စာချုပ်ထဲမှာ ကျွန်တော်တို့ရဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ပဲ ဖြေရှင်းကြမယ်။ နိုင်ငံရေးနည်းလမ်းအတိုင်းပဲ ဖြေရှင်းလို့ရမယ်။ ကျွန်တော်တို့ တစ်ချိန်တုန်းကလို စစ်မြေပြင်မှာဖြေရှင်းလို့ မရနိုင်ဘူးဆိုတာကိုလည်း အားလုံးက သဘောပေါက်တယ်။ သဘောပေါက်ကြလို့လည်း ကျွန်တော်တို့ Deep of Commitm-ent ကို လက်မှတ်ထိုးခဲ့တယ်။

"ကျွန်တော်တို့ မူဘောင်ကိုအခြေခံကာ မူဘောင်မှာဆွေးနွေးပြီး အားလုံးသဘောတူနိုင်တဲ့ ညှိနှိုင်းမှုမျိုးကတစ်ဆင့် မူဘောင်အရ နိုင်ငံရေးစားပွဲပေါ်မှာ ဆက်လက်ညှိနှိုင်းရမယ်။ အခု ကျွန်တော်တို့ သွားခဲ့ရတဲ့ အဆင့်အထိကတော့ မူဘောင်မှာတင် အဆုံးမသတ်နိုင်သေးဘူး။ မူဘောင်ကိုဆက်ပြီး ကျွန်တော်တို့ ဆွေးနွေးကြဖို့၊ ညှိဖို့လိုမယ်။

"ကျွန်တော့်ဘက်မှာ ဖက်ဒရယ်လို့ ပြောပြီးတော့ စိတ်ထား သဘောထားက တကယ်ပဲ ဒီဖက်ဒရယ်ကို တည်ဆောက်ချင်ကြသလား။ ကျွန်တော်တို့ တူညီတဲ့ ဒီရှစ်ဖွဲ့ကတော့ ဖက်ဒရယ်ကို တကယ်ပဲ အရောက်ချီတက်ဖို့၊ အကောင်အထည်ဖော်ဖို့ စိတ်က အပြည့်အဝရှိတယ်လို့ ကျွန်တော်ယုံတယ်။ ကျွန်တော်တို့ သွားကြတဲ့နေရာမှာ ညှိပြီးတော့ သဘောတူပြီး သဘောထားကြီးကြီးနဲ့ ဖက်ဒရယ်ပန်းတိုင်ကို ရောက်အောင် သွားကြစို့လို့ တိုက်တွန်းပါတယ်" ဟု ပြောကြားခဲ့သည်။

အစည်းအဝေးကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၁ ရက်အထိ လေးရက်ကြာ ပြုလုပ်မည်ဖြစ်ပြီး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကိစ္စရပ်များအတွက် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အထူးအစည်းအဝေး ဆုံးဖြတ်ချက်များအား ပြန်လည်သုံးသပ်ခြင်း၊ NCA စာချုပ်ပါ အချက်များအတိုင်း အကောင်အထည်ဖော်မှုဆိုင်ရာကိစ္စရပ်များကို ပြန်လည်သုံးသပ်ချက် တင်သွင်းခြင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပရေးကိစ္စများကို ဆွေးနွေး၍ ဆုံးဖြတ်ချက် ချမှတ်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-အောင်အောင် (ချင်းမိုင်)**




ယနေ့ပြုလုပ်သည့် PPST အစည်းအဝေးတွင် အဖွဲ့ခေါင်းဆောင် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားစဉ်

# တောင်အာရှနှင့် အရှေ့တောင်အာရှ၏ဝင်ပေါက် ယူနန်ပြည်နယ် ကူမင်းမြို့သို့

**သန်းဦး(လေးမျက်နှာ)**

ရန်ကုန် မင်္ဂလာဒုံလေဆိပ်မှ ဇွန် ၁၀ ရက် ညနေ ၄ နာရီခန့်မှာ ထွက်ခွာရမယ့်ခရီး၊ မိုးကလည်းအငြိုးတကြီး ရွာသွန်းနေပါတယ်။ ကားတွေက လမ်းမပေါ်မှာ ပြည့်သိပ်နေတယ်။ မိမိနေထိုင်ရာ ဒဂုံမြို့သစ်အရှေ့ပိုင်း မြို့နယ်မှ မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို မွန်းတည့် ၁၂ နာရီမှာ ရောက်ရှိပါတယ်။ လေဆိပ်မှာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ တာဝန်ရှိသူတစ်ဦးက လေယာဉ်ကိစ္စများ ဆောင်ရွက်ပေးပြီး လေဆိပ်ထဲမှာ နာရီဝက်လောက် နားနေရပါတယ်။ ညနေ ၄ နာရီခန့်မှာ မင်္ဂလာဒုံလေဆိပ်မှ ထွက်ခွာခဲ့ပြီး ညပိုင်းမှာ ယူနန်ပြည်နယ် ကူမင်းလေဆိပ်ကို ရောက်ရှိပါတယ်။ မိုးသားတိမ်လိပ်များ တလိပ်လိပ် တက်နေတဲ့ကြားမှာ ခမ်းနားလှတဲ့ ကူမင်းမြို့လေဆိပ်ကြီးကို မီးရောင်ထိန်ထိန်လင်းနဲ့ ထင်ထင်ရှားရှား တွေ့မြင်လိုက်ရလို့ ရင်ထဲမှာ တစ်မျိုးတစ်မည် ခံစားလိုက်ရတယ်။ ကားတဝီဝီ သွားနေသော်လည်း ကားလမ်း မပိတ်၊ စနစ်ကျလှပါတယ်။ မြင်ရတဲ့မြင်ကွင်းက အလွန်ပင်စိတ်ချမ်းသာလှပါတယ်။ သွားရောက်ရမှာက ကူမင်းကုန်စည်ပြပွဲနဲ့ ရင်းနှီးမြှုပ်နှံမှု ပြပွဲကြီးကို ဖြစ်ပါတယ်။

**ပထမဆုံး ကျင်းပ**

အဆိုပါ ပွဲတော်ကြီးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှာ နှစ်စဉ် ဇွန်လပိုင်းမှာ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှ ဒေသထွက်ကုန်များ စုစည်း၍ ကုန်စည်ပြပွဲကို အကြီးအကျယ် ကျင်းပကြတယ်။ ယခုနှစ် ကူမင်းကုန်စည်ပွဲတော်ကို ဇွန် ၁၁ ရက်မှ ၁၈ ရက် အထိ ကူမင်းမြို့ ထန်းချီအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း စင်တာ အဆောက်အအုံသစ်ကြီးမှာ ပထမဆုံး ကျင်းပခဲ့ခြင်း ဖြစ်ပါတယ်။

တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှ စုစုပေါင်း ပြခန်းပေါင်း ၈၀၀၀ ကျော်ပြသခဲ့ကြပြီး မြန်မာနိုင်ငံမှ လက်မှုပစ္စည်းပြခန်း၊ လယ်ယာထွက်ကုန်ပစ္စည်း ပြခန်း၊ စားသောက်ကုန်ပြခန်း၊ ကျောက်မျက်ရတနာပြခန်း စသည်ဖြင့် စုစုပေါင်း ၃၄ ခန်း ပါဝင်ပြသပါတယ်။ ယခုနှစ်မှာ ခါတိုင်းနှစ်နဲ့မတူတာကတော့ ကုန်စည်ပြပွဲအပြင် ရင်းနှီး မြှုပ်နှံမှုပြပွဲများပါ ထည့်သွင်းပြသပြီး တောင်အာရှနှင့် အရှေ့တောင်အာရှကုန်စည်ပြပွဲနဲ့ ရင်းနှီးမြှုပ်နှံမှုပြပွဲဟူ၍ ဖြစ်ပါတယ်။ နောက်တစ်ချက် ထူးခြားတာက ယခုနှစ်မှာ ရေထွက် ပစ္စည်းပြခန်း၊ စက်မှုကုန်ကြမ်းပစ္စည်းပြခန်း၊ ကျန်းမာရေးပြခန်းနဲ့ ပညာရေးပြခန်းများလည်း ပါဝင် လာတာကို တွေ့ရပါတယ်။

ယူနန်ပြည်နယ် အစိုးရက တောင်အာရှနှင့် အရှေ့တောင် အာရှ ကုန်စည်ပြပွဲနဲ့ ရင်းနှီးမြှုပ်နှံမှုပြပွဲအတွက် ဖိတ်ကြားထားတဲ့ မီဒီယာများကို မဟာမဲခေါင်ဒေသ မီဒီယာဖလှယ်ရေး အစီအစဉ်အရ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ မြန်မာနိုင်ငံတို့မှ ဖိတ်ကြားထားတဲ့ မီဒီယာအဖွဲ့ များကို မိမိတို့နိုင်ငံအလိုက် ကိုယ်စားပြုသတင်းရယူဖို့ ကူမင်းမြို့မှာ တွေ့ဆုံကြပါတယ်။ ယူနန်ပြည်နယ်အစိုးရ အနေနဲ့ တောင်အာရှနှင့် အရှေ့တောင်အာရှ ကုန်စည်ပြပွဲနဲ့ ရင်းနှီးမြှုပ်နှံမှု ပြပွဲကြီးကို ကူမင်းမြို့မှာ လိုလေသေးမရှိအောင် ကျင်းပ ခဲ့တဲ့အပြင် ဖိတ်ကြားထားတဲ့ မီဒီယာအဖွဲ့များနဲ့ မဟာမဲခေါင်ဒေသ မီဒီယာဖလှယ်ရေး အဖွဲ့များအတွက်လည်း ဟာကွက်မရှိ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်။ မီဒီယာ အဖွဲ့များအားလုံးကို တစ်စုတစ်စည်းတည်း Yunnan Diamachi Garden Resort Hotel မှာ နေရာချပေး ထားခဲ့ပါတယ်။

မီဒီယာအဖွဲ့များဟာ ဇွန် ၁၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲမှာ ဟိုတယ်ကနေ မော်တော်ယာဉ်နဲ့ ကူမင်းမြို့ရှိ ယူနန်အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာမှာ ကျင်းပတဲ့ ကုန်စည်ပြပွဲနဲ့ ရင်းနှီးမြှုပ်နှံမှုပြပွဲ အကြိုသတင်းစာ ရှင်းလင်းပွဲကို တက်ရောက်ကြပြီး နိုင်ငံအလိုက်သိလိုသည် များကို မေးမြန်းကြရာ ယူနန်ပြည်နယ် အတွင်းရေးမှူးက ပြန်လည်ရှင်းလင်းပြီး ယူနန်ပြည်နယ် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက ဖြေကြားပေး ကြပါတယ်။

ဇွန် ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှာ တောင်အာရှနှင့် အရှေ့တောင်အာရှ ကုန်စည်ပြပွဲနဲ့ ရင်းနှီးမြှုပ်နှံမှုပြပွဲ ဖွင့်ပွဲကို ကျင်းပတော့ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး ယွမ်ချင်ဖာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပါတယ်။ ယင်းနောက်မှာတော့ ပြခန်းများကို လှည့်လည်ကြည့်ရှုကြပါတယ်။ ဖွင့်ပွဲအခမ်းအနားကို ရောက်ရှိနေကြတဲ့ မီဒီယာအဖွဲ့များကလည်း မိမိတို့နိုင်ငံ ကိုယ်စားပြုသတင်းများကို မေးမြန်းရေးသားပြီး မိမိတို့ သက်ဆိုင်ရာ သတင်းဌာနများကို ပို့ဆောင်ပေးနေကြတာ ကိုလည်း တွေ့ရပါတယ်။

**သတင်းရယူ**

မဟာမဲခေါင်ဒေသ မီဒီယာဖလှယ်ရေး အစီအစဉ်အရ တက်ရောက်လာကြတဲ့ မီဒီယာအဖွဲ့များဟာ ဇွန် ၁၃ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီမှာ ကူမင်း နိုင်ငံတကာ ချစ်ကြည်ရေးမြို့တော်မှာ ပူးပေါင်းဆောင်ရွက်ရေးနဲ့ ဖွံ့ဖြိုး တိုးတက်ရေး ဆွေးနွေးပွဲကို တက်ရောက်ပြီး သတင်းရယူကြ ပါတယ်။

ကူမင်းမြို့နဲ့ နှစ်နိုင်ငံအကြား ညီအစ်မမြို့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေဖို့ကြိုးပမ်းဆောင်ရွက်တဲ့ One Belt One Road အဆိုပြုချက်အတိုင်း အတူမျှဝေခံစားဖို့ရည်ရွယ်ပြီး ကူမင်းနဲ့ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၊ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၊ မလေးရှားနိုင်ငံ ကော်ချန်မြို့၊ နီပေါနိုင်ငံ ပေါခဟာမြို့နဲ့ ရန်ကုန်မြို့တို့ကို ညီအစ်မမြို့တော်များ အဖြစ် စာချုပ်ချုပ်ဆိုထားကြောင်း သိရပါတယ်။

ညီအစ်မမြို့တော်အချင်းချင်း စီးပွားရေး၊ ကုန်သွယ်ရေး ခရီးသွားလာမှုအခြေပြု၊ ယဉ်ကျေးမှု ချစ်ကြည်ရင်းနှီးမှု အပြန်အလှန် ဆက်သွယ်မှု၊ ကားလမ်း၊ ရထားလမ်း၊ လေယာဉ်နဲ့ အင်တာနက်ကွန်ရက်ချိတ်ဆက်မှုများကိုပါ ပူးပေါင်း ဆောင်ရွက်ဖို့ One Belt One Road အဆိုပြုချက်အတိုင်း အတူတကွ မျှဝေခံစား လုပ်ဆောင်ကြရန်ဖြစ်ကြောင်း သိရပါတယ်။

ညနေပိုင်းမှာ မီဒီယာအဖွဲ့များဟာ ယူနန် ရှေးဟောင်း ယဉ်ကျေးမှု သမိုင်းဝင် ကင်း ( King ) ဒေသစီမံကိန်းသို့ သွားရောက်လေ့လာခဲ့ကြပါတယ်။ အဆိုပါ စီမံကိန်း ဧရိယာမှာ စတုရန်းကီလိုမီတာ ၂၆၃၅ ဒသမ ၈ ဧက ကျယ်ဝန်းပြီး သာယာလှပတဲ့ ဥယျာဉ်၊ ကစားကွင်း၊ အပန်းဖြေပေါ်တော်ဆိပ်၊ ပန်းခြံ စတဲ့ ရှုခင်းတွေနဲ့ ကမ္ဘာလှည့်ခရီးသည်တွေကို ဆွဲဆောင်လျက်ရှိတာကို တွေ့ရပါတယ်။ ထိုဒေသကို ရောက်ရှိ လေ့လာရခြင်းဖြင့် ကဏ္ဍအလိုက် ပြင်ဆင်ထားတဲ့ အပြင်အဆင် တွေကိုတွေ့ရပြီး မိမိတို့နိုင်ငံမှာလည်း ထိုကဲ့သို့ စနစ်တကျ ကဏ္ဍအလိုက် ဖွံ့ဖြိုးစေချင်စိတ်များ တဖွားဖွားခံစားမိလာ ပါတယ်။

မီဒီယာအဖွဲ့များဟာ ထိုမှတစ်ဆင့် ကျင့်နင်ရှေးဟောင်း ယဉ်ကျေးမှုမြို့ကို သွားရောက်ပြီး ၁၃၇၁ ခုနှစ်မှ ၁၄၃၅ ခုနှစ်အထိ သက်ရှိထင်ရှား ကျော်ကြားခဲ့တဲ့ မစ္စတာ ကျင်ဟဲ၏ ရုပ်တုနှင့် ကျောက်စာဥယျာဉ်ကို လေ့လာခဲ့ရပါတယ်။ မစ္စတာ ကျင်ဟဲဟာ တရုတ် မင်- မင်းဆက်ခေတ် သံတမန်အရာရှိနဲ့ ပင်လယ်ခရီးသွား ပညာရှင်တစ်ဦးဖြစ်ခဲ့ပြီး အတ္တလန္တိတ်သမုဒ္ဒရာကို ခုနစ်ကြိမ် ဖြတ်သွားခဲ့ဖူးသူဖြစ်ကြောင်း သိရပါတယ်။

ဇွန် ၁၃ ရက် နေ့လယ်ပိုင်းမှာ ချိန်ကုန့် သတင်းအချက် အလက် ထုတ်လုပ်ရေးဇုန်ကို သွားရောက်လေ့လာခဲ့ရပါတယ်။ ၎င်းမှာ ကူမင်းမြို့ရဲ့ ချိန်ကုန့် ရပ်ကွက်မှာတည်ရှိပြီး တရုတ်နိုင်ငံရဲ့ တစ်ဇုန်တစ်လမ်းစီမံကိန်းကို အခြေပြုပြီး တည်ဆောက်ထားတဲ့ အရှေ့တောင်အာရှမျက်နှာစာ စင်တာတစ်ခုအဖြစ် ဆောက်လုပ် ထားတာဖြစ်ကြောင်း သိရပါတယ်။

အဆိုပါဇုန်မှာ ခေတ်မီတဲ့ အနုပညာဖန်တီးရေးစွမ်းအား ထုတ်လုပ်ရေး ပျိုးထောင်စွမ်းအားနဲ့ ဝန်ဆောင်မှု ကန်ထရိုက် စွမ်းအား စတဲ့စွမ်းအားတို့ကို တိုးမြှင့်စေရန် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း သိရပါတယ်။

ဤဇုန်မှာ ရပ်ကွက်နေရာသုံးခုပါဝင်ပြီး ယင်းတို့မှာ သတင်းအချက်အလက် ထုတ်လုပ်ရေးဇုန်ဖြစ်တဲ့ Warxi ရပ်ကွက်၊ တက္ကသိုလ်နဲ့ အဆင့်မြင့်အသက်မွေးဝမ်းကျောင်း ရပ်ကွက်၊ ယူနန် ဟိုင်ယောင်ရပ်ကွက်တို့ဖြစ်ပါတယ်။ အဆိုပါ စီမံကိန်းရပ်ကွက်မှာ စုစုပေါင်း ၂၂ ဒသမ ၄၇ စတုရန်း ကီလိုမီတာအကျယ်ရှိကြောင်း သိရှိရပါတယ်။

အဲဒီကနေ ယွင်ရှန်မြို့လေးကို ရောက်ရှိပါတယ်။ ယွင်ရှန်မြို့စီမံကိန်းဟာ ချိန်ကုန့် သတင်းအချက်အလက် ထုတ်လုပ်ရေးဇုန်မှာ တည်ရှိပြီး ၎င်းဇုန်မြို့လေးမှာ Tusk Spare ယူနန်တက္ကသိုလ်ဟာ ကျောင်းသား ကျောင်းသူ၊ ပြည်တွင်း ပြည်ပ ဖန်တီးသူတွေအတွက် ပညာလေ့လာဖလှယ်တဲ့ စင်မြင့်တစ်ခုဖြစ်တယ်လို့ သိရပါတယ်။ Tusk Spare ကို ၂၀၁၆ ခုနှစ်မှာ စတင်တည်ထောင်ပြီး ၂၀၁၉ ခုနှစ်မှာ စီမံကိန်း လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ အဲဒီစီမံကိန်းများ ပြီးစီးသွားပါက ယူနန်ပြည်နယ်ဒေသဟာ တောင်အာရှနှင့်အရှေ့တောင်အာရှနိုင်ငံများရဲ့ဝင်ပေါက်ဒေသ တစ်ခု ဖြစ်လို့ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနဲ့ ပညာရေးကဏ္ဍ များ ဖလှယ်ဖို့ အဓိကအချက်အချာကျရာ ဒေသကြီးတစ်ခုဖြစ်လာ မှာဖြစ်ကြောင်း သိရပါတယ်။

**သွားရောက်လေ့လာ**

ဇွန် ၁၄ ရက်မှာ မီဒီယာအဖွဲ့များဟာ ချိန်ကုန့် သတင်းအချက်အလက် ထုတ်လုပ်ရေးဇုန်၊ တောက်ပသော ပန်းကမ္ဘာမြို့လေးရှိ ယူနန်ဟိုင်ယိုအုပ်စုရဲ့ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးစက်ရုံတို့ကို သွားရောက်လေ့လာခဲ့ပါတယ်။ အဲဒီမှာ တိုင်းရင်းဆေးနည်းပညာဖြင့် သွေးတိတ်ဆေးထုတ်လုပ်ပုံ အဆင့်ဆင့်ကို စက်ရုံတာဝန်ရှိသူများက ရှင်းလင်းပြသပါတယ်။

တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းကို ၁၉၀၂ခုနှစ်မှာ Mr.Qu Huanzhang လုပ်ကိုင်ခဲ့တဲ့ တိုင်းရင်းဆေးပညာများကို အခြေခံပြီး တိုးတက်လာတဲ့ နည်းပညာများနဲ့ တစ်စတစ်စ တွင်ကျယ်လာခဲ့ခြင်းဖြစ်ပါတယ်။ စက်ရုံကထုတ်လုပ်တဲ့ တိုင်းရင်းဆေးပုံစံများမှာ ဆေးပြား -၂၂ မျိုး၊ ဆေးတောင့်- ၉ မျိုး၊ ဆေးမှုန့် - ၁၇ မျိုး၊ ဆေးရည် - ၁၁ မျိုး၊ အခြားအမျိုးပေါင်း ၂၀ ထုတ်လုပ်လျက်ရှိပါတယ်။

အဲဒီတိုင်းရင်းဆေးစက်ရုံကနေ ထုတ်လုပ်တဲ့ ဆေးဝါးတွေကို ဟောင်ကောင်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ ထိုင်း၊ မြန်မာ၊ အိန္ဒိယ စတဲ့နိုင်ငံများနဲ့ ထိုင်ဝမ်တို့ကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရပါတယ်။ အဲဒီ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံက ထုတ်လုပ်တဲ့ လိမ်းဆေးရည်မှာလည်း အထူးအစွမ်းထက်ကြောင်း သိရပါတယ်။

တိုင်းရင်းဆေးထုတ်လုပ်ရေးစက်ရုံကြီးဟာ တောင် အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများရဲ့ လေ့လာအတုယူစရာ စက်ရုံကြီး အဖြစ် ချိန်ကုန့်ရပ်ကွက်မှာ ငွားငွားစွင့်စွင့် တည်ရှိနေပြီး ယခုတိုင်လည်း လာရောက်လေ့လာတဲ့သူများ ရှိကြကြောင်း သိရပါတယ်။

မီဒီယာအဖွဲ့များဟာ ဇွန် ၁၅ ရက်မှာ ယူနန်ပြည်နယ်ရဲ့ ဒုတိယမြို့တော်ဖြစ်တဲ့ ချွင်ကျင်းမြို့ကို သွားရောက်လေ့လာ ကြပါတယ်။

ချွင်ကျင်းမြို့ဟာ ယူနန်ပြည်နယ်အစိုးရအုပ်ချုပ်တဲ့ ခရိုင်အဆင့် ခြောက်မြို့နယ်မှာ တစ်မြို့အပါအဝင်ဖြစ်ပြီး ဧရိယာ စတုရန်းကီလိုမီတာ ၂၉၀၀ အကျယ် ရှိပါတယ်။ အဆိုပါမြို့မှာ အမျိုးသားအဆင့် စီးပွားရေးဇုန်၊ နည်းပညာ ပြန့်ပွားရေးဇုန်များနဲ့ စည်ကားလျက်ရှိပြီး လူဦးရေ ၆ ဒသမ ၅ သန်းကျော်နေထိုင်ကြကြောင်းသိရသည်။ ၂၀၁၆ ခုနှစ်မှာ စီးပွားရေးအသားတင် ထုတ်လုပ်မှု တန်ဖိုး ယွမ် ၁၇၇ ဒသမ ၅ ဘီလီယံရှိပြီး တစ်ဦးချင်းဝင်ငွေ GDP ၉ ဒသမ ၂ ရာခိုင်နှုန်း ရှိခဲ့ကြောင်း သိရပါတယ်။

ချွင်ကျင်းမြို့ကို ကျည်ဆန်ရထားအဝင်မှာ ကောင်းကင်ယံက မိုးသားတိမ်လိပ်တွေ တရွေ့ရွေ့နဲ့ တက်လာခဲ့ပြီး မိုးတဖွဲဖွဲ ရွာလျက်ရှိနေပါတယ်။ ပထမဦးစွာ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ အိုလံပစ်ပွဲတော် ကျင်းပရာ အားကစားကွင်းကြီးကို သွားရောက်လေ့လာခဲ့ ရပါတယ်။ ကြီးကျယ်ခမ်းနားလှတဲ့ မိုးလုံလေလုံ အားကစားကွင်းကြီးထဲမှာ ဘတ်စကက်ဘော၊ ဘော်လီဘော၊ စန္ဒကာကစားကွင်း၊ ပိုက်ကျော်ခြင်း စတဲ့အားကစားရုံကြီး များနဲ့ ဘောလုံးကွင်းများကို ကြည့်ရှုလေ့လာခဲ့ရပါတယ်။

ထိုမှတစ်ဆင့် ချွင်ကျင်း အစိမ်းရောင်စီးပွားရေးဇုန် အတွင်း Joyvio Group မှ ၂၀၁၄ ခုနှစ်မှာ စတင် စိုက်ပျိုး အောင်မြင်ခဲ့တဲ့ ဘလူးဘယ်ရီစိုက်ခင်းကို သွားရောက် လေ့လာခဲ့ပါတယ်။ ဘလူးဘယ်ရီသီးတွေကို ဟိုတယ်မှာ အချိုပွဲကျွေးရာမှာ ပါဝင်နေတာတွေ့ရလို့ စိုက်ခင်း ရောက်လျှင်ရောက်ချင်း မီဒီယာအဖွဲ့တွေ စိုက်ခင်းအတွင်း ဆွတ်ခူးစားနေကြတာကို တွေ့နေရပါတယ်။

ဒါကြောင့် စိုက်ခင်းတာဝန်ခံက ဆွတ်ခူးပြီး ဘလူးဘယ်ရီ သီးတွေကို မီဒီယာအဖွဲ့အား ဝေငှပေးခဲ့ပါတယ်။ အစိမ်းရောင် စီးပွားရေးဇုန်အတွင်း ဘလူးဘယ်ရီသီးပင်၊ ဆေးရွက်ကြီးနဲ့ ပဲပိစပ်၊ ပဲပုပ်များကို အဓိကထား စိုက်ပျိုးထားတာ တွေ့ရပါတယ်။ ချွင်ကျင်းမြို့ဟာ နေချင်စဖွယ် ဥယျာဉ်မြို့လေး သဖွယ် တောင်များဝန်းရံလျက်ရှိနေတာကို တွေ့ရပါတယ်။

**ပြန်လည်ထွက်ခွာ**

ထိုမှတစ်ဆင့် အချစ်မြို့လေးရှိ အပန်းဖြေဥယျာဉ်ကို ရောက်ရှိပြီး ဥယျာဉ်အတွင်း သဘာဝအလျောက်ဖြစ်ပေါ် နေတဲ့ ရေပူစမ်းနဲ့ ရောင်စုံလှပစွာ စိုက်ပျိုးထားတဲ့ ပန်းမန်တွေကို လေ့လာခဲ့ပါတယ်။ ညပိုင်းမှာ ချွင်ကျင်းဘူတာမှ ကျည်ဆန်ရထားနဲ့ ကူမင်းမြို့ကို ပြန်လည်ထွက်ခွာခဲ့ရပါတယ်။

တောင်အာရှနှင့် အရှေ့တောင်အာရှကုန်စည်ပြပွဲနဲ့ ရင်းနှီးမြှုပ်နှံမှုပြပွဲ၊ မဟာမဲခေါင် မီဒီယာဖလှယ်ရေးအစီအစဉ် ခရီးစဉ်တစ်လျှောက်မှာ လေ့လာခဲ့ရတဲ့ ဒေသများမှာ တွေ့မြင်ရတဲ့ မြို့များ၊ စီးပွားရေးဇုန်များ၊ စက်မှုဇုန်များ၊ ဥယျာဉ်များ၊ ပန်းခြံများ၊ အဆောက်အအုံများ၊ လမ်းများ၊ တံတားများ၊ ပညာရေးဇုန်များ၊ နည်းပညာ ဖလှယ်ရေးဇုန်များ အားလုံးဟာ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများရဲ့ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနဲ့ ပညာရေးဖလှယ်ရာ ဝင်ပေါက်တစ်ပေါက်ဖြစ်နေမှာ ဖြစ်ပါတယ်။

တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှ ယူနန်ပြည်နယ် ကူမင်းမြို့မှာ တွေ့ဆုံကြတဲ့ မီဒီယာအဖွဲ့တွေ အနေနဲ့ မိမိတို့ လေ့လာတွေ့ရှိချက်များကို မိမိဒေသ နိုင်ငံများသို့ သယ်ဆောင်သွားပြီး အားသာချက်များကို အတုယူရေးသား ကြဦးမှာ မလွဲတော့ပေ......။



မီဒီယာအဖွဲ့များ ချိန်ကုန့် သတင်းအချက်အလက် ထုတ်လုပ်ရေး ဇုန်အတွင်း လေ့လာကြစဉ်

# ၂၀၁၇ ခုနှစ် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာအား ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန်တင်ပြ



နေပြည်တော် ဇွန် ၂၈

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတရုံးမှပေးပို့သော ချင်းပြည်နယ်အတွင်းရှိ မင်းတပ်ခရိုင်ကို မြို့နယ်လေးမြို့နယ်ဖြင့် ဖွဲ့စည်းထားရာမှ မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ် နှစ်မြို့နယ်ကို မင်းတပ်ခရိုင်အဖြစ် လည်းကောင်း၊ မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ် နှစ်မြို့နယ်ကို မတူပီခရိုင်အဖြစ် လည်းကောင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

### လေ့လာတွေ့ရှိချက်

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော ၂၀၁၇ ခုနှစ် ရေခွန်နှင့် တာတမံခွန်ဥပဒေကြမ်းနှင့် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာများကို ကော်မတီဝင်များက ဖတ်ကြားတင်ပြကြပြီး ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇ ခုနှစ် ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ ထုတ်ပြန်ရေးကိစ္စအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၇/၂၀၁၇)နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က မိမိတို့နိုင်ငံ၏ ပြည်ပကြွေးမြီစုစုပေါင်းမှာ ဒေါ်လာ သန်းပေါင်း ၉၀၀၀ နီးပါးရှိနေပြီး မြီရှင်အနေဖြင့် နိုင်ငံခြားအစိုးရများ၊ အစိုးရမဟုတ်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ပါဝင်နေသည်ကိုတွေ့ရမည် ဖြစ်ကြောင်း၊ ပြည်ပကြွေးမြီအများစုသည် သက်သာမှုရှိသည့် ချေးငွေများဖြစ်သည်ဟု ယေဘုယျကောက်ချက်ချထားသည်ကို တွေ့ရကြောင်း။

ယင်းမှာ မြီရှင်နိုင်ငံ အဖွဲ့အစည်းအများစု၏ သက်သာသည့် အတိုးနှုန်းအား အပေါ်ယံကြည့်ပြီး လွယ်လွယ်ပြောသည့် သဘောဖြစ်နေကြောင်း၊ တိုင်းပြည်မှ ထမ်းထားရသည့် ပြည်ပကြွေးမြီဆိုင်ရာ အတိုးနှုန်းမှာ သက်သာမှု ရှိ မရှိ ဆိုသည်ကို မြီရှင်အရေအတွက်နှင့် ချဉ်းကပ်သုံးသပ်အဖြေထုတ်လျှင် မှန်ကန်မှုမရှိနိုင်ဟု ယူဆနိုင်ကြောင်း၊ ပြည်ပချေးငွေများ၏ ပျမ်းမျှအတိုးနှုန်းသည် ၁ ဒသမ ၈၅ ရာခိုင်နှုန်း ဖြစ်ပြီး အတိုးနှုန်း သုညမှ ၄ ဒသမ ၅ ရာခိုင်နှုန်းအတွင်း ရှိကြောင်း။

### ဆိုင်းငံ့ကာလ

ပြည်ပချေးငွေအများစု၏ ဆိုင်းငံ့ကာလသည် အများဆုံး ၁၀ နှစ်အထိ ဆိုသော်လည်း မိမိတို့နိုင်ငံထမ်းထားရသည့် ချေးငွေစုစုပေါင်း၏ ၄၄ ရာခိုင်နှုန်းရှိသည့် တရုတ်နိုင်ငံချေးငွေအများစုမှာ လေ့လာသိရှိရသလောက် ဆိုင်းငံ့ကာလ ငါးနှစ်ဝန်းကျင်သာရှိသည်ကို သတိချပ်သင့်ကြောင်း၊ ယခုကိစ္စကို အလေးအနက်ထား မီးမောင်းထိုးပြနေခြင်းသည် လွှတ်တော်သို့တင်သွင်းလာသည့် ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာမှာ တိုင်းပြည်၏ ပြည်ပကြွေးမြီ ဝန်ထုပ်ဝန်ပိုးတွင် မည်သည့်အစိတ်အပိုင်းက အဓိကကျအရေးပါနေသည်ကို ပေါ်လွင်ထင်ရှားစေလိုသည့်အတွက်ဖြစ်ကြောင်း။

တိုင်းပြည်၏ လက်ရှိကြွေးမြီဝန်ထုပ်ဝန်ပိုးကို မှန်မှန်ကန်ကန် သိမြင်ခြင်းအားဖြင့် ကာလလတ် မဟာဗျူဟာရေးဆွဲရာတွင် အနာဂတ်ကာလ ဆောင်ရွက်မည့် အစီအမံများအပြင် လက်ရှိကြွေးမြီ ဝန်ထုပ်ဝန်ပိုးများကိုပါ မည်သည့်နည်းလမ်းဖြင့် သက်သာအောင် စီမံဆောင်ရွက်မည်ကို ထည့်သွင်းစဉ်းစားစေလိုသည့်အတွက်ဖြစ်ကြောင်း ဆွေးနွေးသည်။

### ကြွေးမြီလျှော့နည်းသွား

လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်အနေထိ ပြည်တွင်းပြည်ပကြွေးမြီနှင့် ဂျီဒီပီ အချိုးကို ဖော်ပြသင့်ကြောင်း၊ ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာမူကြမ်းတွင် ပြည်တွင်းပြည်ပ ကြွေးမြီ၏ ဂျီဒီပီ အချိုးသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်သည် ကြွေးမြီလျှော့နည်းသွားသည့် သဘောမျိုး တွေ့ရှိရကြောင်း၊ ကြွေးမြီခံနိုင်ရည်ရှိမှုကို ထိန်းသိမ်းထားနိုင်ရန်နှင့် ကြွေးမြီဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ လျှော့နည်းစေရန် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် နှစ်နိုင်ငံအစိုးရတို့မှ အတိုးနှုန်းသက်သာသောချေးငွေများ၊ အတိုးနှုန်းသင့်တင့်သည့် ချေးငွေများရယူဆောင်ရွက်သင့်ပါကြောင်း၊ အစိုးရ၏ ကြွေးမြီဆိုင်ရာ ဆောင်ရွက်မည့် အဓိကလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှင့် ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ်အထိ နိုင်ငံတော်၏ စီးပွားရေးမူဝါဒကို အထောက်အကူပြုမည့် စီမံကိန်းလုပ်ငန်းများအနက် အတိုးနှုန်းသက်သာသော ချေးငွေများ၊ အတိုးနှုန်း သင့်တင့်သည့်ချေးငွေများကို ဦးစားပေးရယူရန် ဖြည့်စွက်အကြံပြုအပ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်နှင့် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ သက်သက်ခိုင်တို့ကလည်း ဆွေးနွေးကြသည်။

### ဘဏ္ဍာနှစ်ကုန်ဆုံးပြီးချိန်

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေအရ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာကို အနည်းဆုံး နောက်ဘဏ္ဍာရေးနှစ် သုံးနှစ်ကာလအတွက် နှစ်စဉ်ပုံမှန်ရေးဆွဲတင်ပြရမည် ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာကို တင်ပြစဉ်အချိန်က ပြည်တွင်း ပြည်ပကြွေးမြီအခြေအနေအား ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့၏ အခြေအနေကိုသာ ဖော်ပြနိုင်ခဲ့ကြောင်း၊ နောင်ဘဏ္ဍာရေးနှစ်များအတွက် ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ တင်ပြသည့်အခါ ဘဏ္ဍာနှစ်ကုန်ဆုံးပြီးချိန်မှသာ တင်ပြသွားမည်ဖြစ်ကြောင်း။

မကြာမီ ပြည်ထောင်စုလွှတ်တော်သို့တင်ပြမည့် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် အစိုးရကြွေးမြီဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေစာရင်းအရ ဖြစ်ပေါ်လာသော လိုငွေပေါ်မူတည်၍ ပြည်တွင်း၊ ပြည်ပမှ ချေးယူနိုင်သည့် အများဆုံးပမာဏမှာ ငွေကျပ် ၅၂၀၀ ဘီလီယံ ခန့်မှန်းလျာထားကြောင်း။

### လွှတ်တော်သို့ ပုံမှန်တင်ပြမည်

၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေတင်သွင်းချိန်တွင် ဘတ်ဂျက်လိုငွေသည် မူလလျာထားသည့် ပမာဏထက် ပိုမိုခြင်း၊ လျှော့နည်းခြင်းများရှိနိုင်ကြောင်း၊ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာနှစ် ပြုပြင်ပြီး အရအသုံးခန့်မှန်းခြေစာရင်းပေါ်မူတည်၍ ငွေချေးယူနိုင်သည့် အများဆုံးပမာဏမှာလည်း ပြောင်းလဲနိုင်ပါသဖြင့် အထက်ပါ ပမာဏများ ပြောင်းလဲနိုင်ကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုစနစ်အားကောင်းလာစေရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စားငွေတိုက်ဦးစီးဌာနက အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်နှင့်အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေစသည့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ နည်းပညာ အကူညီဖြင့် နိုင်ငံတကာအဆင့်နှင့်အညီ ဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ကာလ လတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာတို့ကို ပြည်ထောင်စု လွှတ်တော်သို့ ပုံမှန်တင်ပြသွားမည်ဖြစ်ပါ၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အကြံပြုချက်များနှင့်အညီ ပြင်ဆင်ထားပြီးဖြစ်သောကြောင့် "၂၀၁၇ ခုနှစ် ကာလလတ် ကြွေးမြီ စီမံခန့်ခွဲမှုမဟာဗျူဟာ"အား ပြည်ထောင်စု လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

### အတည်ပြု

အဆိုပါ အစီရင်ခံစာ(၇/၂၀၁၇)ကို လွှတ်တော်က သဘောတူလက်ခံရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**မျိုးမြင့်**

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(ပထမနေ့)ကျင်းပ

**ထားဝယ် ဇွန် ၂၈**

ဒုတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ပထမနေ့) ကို တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အစည်းအဝေး၌ ကြယ်ပွင့်ပြထားသည့် မေးခွန်းများအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်သည်။

အစည်းအဝေး (ပထမနေ့)၌ ကြယ်ပွင့်ပြ မေးခွန်းခြောက်ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ လွှတ်တော်တွင် အဆုံးအဖြတ်ပေးရမည့်ကိစ္စရပ်တစ်ခုအား မဲခွဲဆုံးဖြတ်ခြင်း၊ အဆိုတစ်ခု တင်သွင်းခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တနင်္သာရီတိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ အစီအစဉ်တွင်ပါဝင်သော ဌာနအဖွဲ့အစည်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်(ပထမ ခြောက်လ) ကာလအတွက် ရသုံးမှန်းခြေငွေစာရင်း အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# ပြန်လည်စွန့်လွှတ်မြေများအနက်မှ ၇၉၀ ဒသမ ၅၆ ဧကအား မူလပိုင်ရှင်နှင့်သက်ဆိုင်သူများထံ ပြန်လည်လွှဲပြောင်းပေးခဲ့

**ဘားအံ ဇွန် ၂၈**

ကရင်ပြည်နယ်အတွင်း တပ်ရင်းတပ်ဖွဲ့များနှင့် ဝန်ကြီးဌာနများမှ သိမ်းဆည်းထားသည့်မြေများအား ပြန်လည်စွန့်လွှတ်စေ၍ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်ကျော်ကာလအတွင်း ပြည်နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်း ဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ပြန်လည်စွန့်လွှတ်မြေများ အနက် ၇၉၀ ဒသမ ၅၆ ဧကအား မူလ ပိုင်ရှင်နှင့် သက်ဆိုင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ပြန်လည်စွန့်လွှတ်ထားသည့်မြေ ၅၃၃၇ ဒသမ ၆၄ ဧကရှိပြီး စိစစ်၍ မှန်ကန်အောင် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၆ ခုနှစ် ဇွန် ၁၇ ရက်တွင် တစ်ကြိမ်၊ ၂၀၁၇ ခုနှစ် ဇွန် ၁၀ ရက်တွင် တစ်ကြိမ် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကာ ကျန်ရှိသည့် လယ်ယာမြေများကို စိစစ်ဆောင်ရွက်လျက်ရှိပြီး မူလပိုင်ရှင်နှင့် သက်ဆိုင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကြိုးစားဆောင်ရွက်ပေးနေကြောင်း သိရသည်။

ပထမအကြိမ် လွှဲပြောင်းပေးအပ်ရာတွင် ဝန်ကြီးဌာနနှင့်တပ်ရင်းတပ်ဖွဲ့များမှ ပြန်လည်စွန့်လွှတ်မြေ ၂၄၅ ဒသမ ၃၆ ဧကဖြစ်ပြီး လယ်ယာစိုက်ပျိုးမြေ ဧက ၂၃၂ ဒသမ ၄၀ အား ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်ဖြင့် တောင်သူ ၆၁ ဦးထံသို့ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကာ တရားဝင် စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိရေးအတွက် လယ်ယာမြေဥပဒေနှင့်အညီ ဆောင်ရွက်ပေးခဲ့ပြီး ဒုတိယအကြိမ်တွင် စက်မှုဝန်ကြီးဌာန အမှတ်(၂၇) စက်မှုကုန်ကြမ်းဌာနမှ သာမညကျေးရွာမှ တောင်သူ ၆၁ ဦးအား မြေဧရိယာ ၄၁၇ ဒသမ ၁၅ ဧက၊ ကော့ကဒါကျေးရွာမှ တောင်သူ ၁၃ ဦးအား မြေဧရိယာ ၁၂၃ ဒသမ ၃၂ ဧကနှင့် ကာကွယ်ရေးဝန်ကြီးဌာန အမှတ်(၂၀၁) ခြေမြန်တပ်ရင်းမှ သာယာကုန်းကျေးရွာ တောင်သူ နှစ်ဦးအား မြေဧရိယာ ၁၇ ဒသမ ၆၉ ဧက စုစုပေါင်း တောင်သူ ၇၆ ဦးအား မြေဧရိယာ ၅၅၈ ဒသမ ၁၆ ဧက လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်ကျော်ကာလအတွင်း မြေဧရိယာ ၇၉၀ ဒသမ ၅၆ ဧကအား မူလပိုင်ရှင်နှင့် သက်ဆိုင်သူများထံသို့ ပြန်လည် လွှဲပြောင်းပေးခဲ့ပြီး ဖြစ်သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နန်စီပွန်ဒေသ တရားမဝင်ကျောက်မျက်ရှာဖွေသူများအား ထိရောက်စွာရှင်းလင်းဖယ်ရှားနိုင်ရေး တိုင်းဒေသကြီးအစိုးရက ပုဒ်မ ၁၄၄ ထုတ်ရန်တိုက်တွန်းသည့်အဆိုကို မဲခွဲဆုံးဖြတ်ချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်က လက်မခံ

**မုံရွာ ဇွန် ၂၈**

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး နိုင်ဇင်သက်က ခန္တီးမြို့နယ် နန်စီပွန်ဒေသကိစ္စနှင့် ပတ်သက်သောအဆိုကို ဇွန် ၂၈ ရက်က ပြုလုပ်သော ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင်တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်မသင့်ကို မဲခွဲဆုံးဖြတ်ရာ ကန့်ကွက်မဲ ၆၇ မဲ၊ ထောက်ခံမဲ ၂၃ မဲ၊ ကြားနေမဲ သုံးမဲရရှိသဖြင့် အဆိုကိုလွှတ်တော်က လက်မခံကြောင်း ဆုံးဖြတ်သည်။

ခန္တီးခရိုင် ခန္တီးမြို့နယ် နန်စီပွန်ဒေသရှိ တရားမဝင်ကျောက်မျက်ရှာဖွေသူများအား ထိရောက်စွာရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအနေဖြင့် အဆိုပါဒေသကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ(၁၄၄)အရ တားမြစ်မိန့်ထုတ်ပြန်ရန် တိုက်တွန်းကြောင်းအဆိုကို တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး နိုင်ဇင်သက်က လွှတ်တော်သို့တင်သွင်းရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက အဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန်သင့်မသင့် လွှတ်တော်၏အဆုံးအဖြတ်ကို ရယူရာ ခန္တီးမြို့နယ် အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်တေးက စတင်ကန့်ကွက်ရာ ဆန္ဒမဲခွဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

"လက်ရှိခန္တီးမြို့နယ် နန်စီပွန်ဒေသမှာ ပုဒ်မ(၁၄၃)ထုတ်ထားတာ ပုဒ်မ(၁၄၄) ထုတ်ဖို့မလိုအပ်ပါဘူး။ ပုဒ်မ(၁၄၄)ထုတ်လိုက်ရင် မလိုလားအပ်တဲ့ပြဿနာတွေ ဖြစ်လာနိုင်တဲ့အတွက် မလိုအပ်ဘူးလို့ဆုံးဖြတ်ပြီး ဒီအဆိုကိုကန့်ကွက်တာပါ။ ပုဒ်မ(၁၄၃)ထုတ်ထားတာတောင် အသေအပျောက်တွေရှိနေတာ ပုဒ်မ(၁၄၄) ထုတ်ရင် ပိုဆိုးလာမှာစိုးရိမ်စရာပါ"ဟု ခန္တီးမြို့နယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးမောင်တေးကပြောကြားသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ရခိုင်ပြည်နယ်၊ မောင်တောဒေသ အပြစ်မဲ့ပြည်သူများ သတ်ဖြတ်ခံရမှုစာရင်း

(၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဇွန်လ ၂၇ ရက်နေ့အထိ)

| စဉ် | ရက်စွဲ | အမည် | မြို့နယ်/ ကျေးရွာ | သေဆုံး | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ၅-၁၀-၂၀၁၆ | မောင်မောင်စိုး (ခ) ရှုနာများ | ဦးရှည်ကျ ကျေးရွာ | ၁ | တရွာတည်းနေ ကဖားတုလလာ၏ နေအိမ်တွင် ပြတ်ရှ ဒဏ်ရာ (၁၂) ချက်ဖြင့် သေဆုံး။ |
| ၂။ | ၅-၁၀-၂၀၁၆ | မာမတ်တာလီ | ဦးရှည်ကျ ကျေးရွာ | ၁ | ပြတ်ရှဒဏ်ရာ (၁၉) ချက်ဖြင့် သေဆုံး။ |
| ၃။ | ၁၄-၁၀-၂၀၁၆ | စိစစ်ဆဲ | မောင်တော မြို့နယ် မြို့သူကြီး ကျေးရွာ | ၁ | မြို့သူကြီးကျေးရွာ မိုင်တိုင်အမှတ် (၁၄) လမ်းဘေးရေမြောင်းအတွင်း လည်ပင်းပြတ်ရှဒဏ်ရာဖြင့် သေဆုံး ပုပ်ပွနေသည့် အလောင်း (၁) လောင်း အား တွေ့ရှိ။ |
| ၄။ | ၁၇-၁၁-၂၀၁၆ | ဂျာမ (ခ) ဖော်မာဟူဆွန် | ဂေါ်ဒူသာရ (အနောက်) | ၁ | အမကာ ကျောင်းအနီးတွင် လည်ပင်း ပြတ်ရှဒဏ်ရာများဖြင့်သေဆုံး။ |
| ၅။ | ၂၁-၁၂-၂၀၁၆ | ဒုစ်မာမတ် (ခ) ရှုနာမျာ | ငါးခူရ (အလယ်) ရွာ | ၁ | သတင်းထောက်များ၏ မေးမြန်းချက်အား အမှန်တိုင်းဖြေကြားခဲ့သူဖြစ်ပြီး ဦးခေါင်း မပါ၊ ဝဲနင့်ယာ၊ ပေါင် တို့ တွင် ထိုးသွင်း ဒဏ်ရာများဖြင့် သေဆုံး။ |
| ၆။ | ၂၅-၁၂-၂၀၁၆ | ရော်ဖီ | ရေတွင်းကျွန်း ကျေးရွာ | ၁ | ဝမ်းဗိုက်ထိုးသွင်း၊ လည်ပင်း ထိုးသွင်း၊ လှီးဖြတ် ဒဏ်ရာများဖြင့် သေဆုံး။ |
| ၇။ | ၂၈-၁၂-၂၀၁၆ | ဆွေဒူအာမိ | လင်ဘာကုန်းနားကျေးရွာ | ၁ | ချောင်းစပ်တွင် လည်ပင်း လှီးဖြတ်ဒဏ်ရာဖြင့် သေဆုံး။ |
| ၈။ | ၂၀-၁-၂၀၁၇ | စွန်တာအာမတ်၊ မာမတ်ရော်ဖီးနှင့် မာမတ်စုပိုင် | ဒုံးကုလား ကျေးရွာ | ၃ | ပဒကားရွာသစ် အုပ်ချုပ်ရေးတာဝန်ခံ မာမက်နူရ်မှ ပျောက်ဆုံးကြောင်း သတင်းပို့ခဲ့၊ စွန်တာအာမတ် (ဦးခေါင်း၊ ယာနား၊ နာခေါင်း) မာမတ်ရော်ဖီး (ဦးခေါင်းနှင့် မျက်လုံး) မာမတ်စုပိုင် (ဦးခေါင်းနှင့် မျက်နှာ) တို့၌ ဒဏ်ရာများ အသီးသီးဖြင့် သေဆုံး။ |
| ၉။ | ၂၈-၁-၂၀၁၇ | ဇော်ကီး အာမောက် | ပြောင်ပိုက် ကျေးရွာ | ၁ | ထောက်ပံ့ရေးပစ္စည်း ထုတ်ယူပြီးအပြန် တွင် ပုဏ္ဏက်ကန် အစပ် ရွှံ့နွံတွင်း၌(လည်ပင်း၊ မျက်နှာ၊ နံဘေး၊ ရင်အုံ၊ ယာဒူး) ဒဏ်ရာများဖြင့် သေဆုံး။ |
| ၁၀။ | ၄-၂-၂၀၁၇ | အီဒရစ် | ဥဒုံရွာအနီး ပုဏ္ဏက်ကန် | ၁ | ရေခတ်ချောင်းရွာရှိ မာမတ်ဆလင်၏ နေအိမ်သို့ အစည်းအဝေးတက်ရန် အတွက် အဘူဆာဒတ် နှင့် ဆိုင်ကယ်ဖြင့် သွားရောက်စဉ် လူ (၁၁) ဦးခန့်မှ ဓါးဖြင့် ထိုးသတ်ခံရ၍ သေဆုံး။ |
| ၁၁။ | ၂၁-၂-၂၀၁၇ | အဒူစလင် | မောင်တော မြို့နယ် ကျားခေါင်းတောင် ကျေးရွာ | ၁ | အကြမ်းဖက်မှု ဖြစ်စဉ်ကာလအတွင်း သတ်ဖြတ်ခံရပြီး အလောင်းအား မြံဝန်း အတွင်း မြှုပ်နှံထားသည်။ |
| ၁၂။ | ၂၄-၂-၂၀၁၇ | မာမတ်ကာစိမ်း | ရွှေဇားဂုံးနား ကျေးရွာ | ၁ | ဖေ ၂၃ ရက်နေ့တွင် သူငယ်ချင်းဖြစ်သူ နှင့်အတူ ဘောလုံးပွဲကြည့်ပြီးအပြန်တွင် စေတီပြင်ရွာနှင့် ရွှေဇားဂုံးရွာကြားတွင် နှာရလောင်ပါ(၄)ဦးမှ မာမတ်ကာစိမ်းအား လည်ဂုတ်ကို ဆွဲကိုင်ပြီး ခေါ်ဆောင်သွားရာမှ မြဲသချောင်း စပ်တွင် လည်ပင်း၌ ပုဆိုးကွင်းစွပ်လျက် လည်ပင်း ဝဲ/ယာပွန်းပဲ့ ညှိမဲနာခေါင်းနှင့် ပါးစပ်မှ အမြှုပ်ထွက် သေဆုံးနေသည်ကို တွေ့ရှိခဲ့။ |
| ၁၃။ | ၂၆-၂-၂၀၁၇ | ထွန်းသာမောင် | ကျောက်စာတိုင် (ရခိုင်)ရွာ | ၁ | ဖေ ၂၄ ရက်နေ့တွင် သူငယ်ချင်းဖြစ်သူ အောင်ကျော်စိန် နှင့်အတူ သားရေကုန်းဘောင်ရွာအနီး တောစပ်တွင် အမည်မသိ (၃)ဦးမှ ပုဆိန်/ဓားများဖြင့် ခုတ်သဖြင့် အောင် ကျော်စိန်တွင် ယာကျော ပြတ်ရှဒဏ်ရာ၊ ထွန်းသာမောင်တွင် လည်ပင်းနှင့်ယာ ကျောကုန်း ပြတ်ရှ ဒဏ်ရာဖြင့် သေဆုံးခဲ့။ |
| ၁၄။ | ၂-၃-၂၀၁၇ | နူရ်ကာရင် | ကျီးကန်းပြင် ကျေးရွာ | ၁ | ၁-၃-၂၀၁၇ ရက်နေ့ ၂၄၀၀ အချိန် ကျီးကန်းပြင်ရွာနေ ဆယ်အိမ်မှူး (ဟောင်း) နူရ်ကာရင်အား မျက်နှာဖုံးစွပ် ကုလား(၄)ဦး (စိစစ်ဆဲ)မှ လာရောက် ခေါ်ဆောင် သွားပြီး ၂-၃-၂၀၁၇ ရက်နေ့ ၁၆၀၀ အချိန် ရွာတောင်ဘက် လယ်ကွင်းတွင်ထိုးသွင်း/ပြတ်ရှ ဒဏ်ရာ တို့ဖြင့်သေဆုံးနေသည်ကို တွေ့ရှိခဲ့မှု။ |
| ၁၅။ | ၅-၃-၂၀၁၇ | ဇာမာဟူဆိန်း | ဆင်အိုးပြင် ကျေးရွာ | ၁ | မတ် ၅ ရက်နေ့တွင် မောင်ကြီးတောင် ကျေးရွာ၊ ရပ်ကွက် (၁) အနီး ချောင်းစပ်၌ ရင်ဘတ် ထိုးသွင်း ဒဏ်ရာ (၁)ချက်၊ ဦးခေါင်း နောက်စေ့၊ နောက်ကျော၊ ဝဲနားရွက်/အောက်၊ ပေါင်၊ ယာလက်သူကြွယ် ပြတ်ရှ ဒဏ်ရာ (၈) ချက်ဖြင့် သေဆုံး။ |
| ၁၆။ | ၉-၃-၂၀၁၇ | မာမောက်ဆော်လီ | ဘူးသီး တောင် မြို့နယ် အထက်ကျဲကြို မော် ကျေးရွာ အုပ်စု | ၁ | မာမောက်ဆော်လီ သည် ဆယ်အိမ်မှူး အဘူလာရှိန်း (ဖ)လာလူးနှင့်အတူ ကာဒီ (၂) ကျေးရွာသို့ ထွက်ခွာသွားခဲ့ကာ မာမောက်ဆော်လီအား မာမောက်အီနူစ်နှင့် ဆယ်အိမ်မှူး အဘူလာရှိန်း တို့ပါ ကုလား (၆) ဦးမှ ဓါး/တုတ် များဖြင့် ရိုက်၊ ခုတ်ခဲ့။ |
| ၁၇။ | ၁၆-၃-၂၀၁၇ | ဆိုလီမုလ္လာ၊တန်ဒါများ | ပွန်တီ (မြောက်) ရွာ၊ မောင်တော | ၂ | မတ် ၁၅ ရက်နေ့၌ တန်ဒါများသည် နွားကျောင်းထွက်ရာမှ ပျောက်ဆုံးခဲ့ပြီး မတ် ၁၆ ရက်နေ့တွင် ကားလမ်းဘေး ရေမြောင်းအတွင်း လယ်ဂုတ်၊ နဖူး၊ ငယ်ထိပ်နှင့်ဝဲယာ နောက်စေ့ ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိခဲ့။ |
| ၁၈။ | ၃၁-၃-၂၀၁၇ | ရှိဗလီ | မြို့မရပ်ကွက် ဘူးသီး တောင် မြို့နယ် | ၁ | မတ် ၂၁ ဝ၉၃၀ ချိန် ဘူးသီးတောင်မြို့နယ် မြို့မ ရပ်ကွက်နေ ရှိဗလီ သည် မိကျောင်း ခေါင်းဆွဲကျေးရွာရှိ ယောက္ခမဖြစ်သူ နေအိမ်သို့ သွားမည်ပြောပြီး ထွက်သွား၍ ပျောက်ဆုံးခဲ့ရာမှ မတ် ၃၀ ရက် မြစ်နားကျေးရွာ အနီး ကုလားပန်ဖင်ချောင်း ရေလယ်တွင် ရှိဗလီ၏ အလောင်းအား ဒဏ်ရာများဖြင့်တွေ့ရှိခဲ့။(ပျောက်ဆုံးပြီး အသေတွေ့ရှိ) |

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

| စဉ် | ရက်စွဲ | အမည် | မြို့နယ်/ ကျေးရွာ | သေဆုံး | မှတ်ချက် |
|---|---|---|---|---|---|
| ၁၉။ | ၁-၄-၂၀၁၇ | ဟာမစ်ဒူလာ | ရပ်ကွက်(၂) တင်းမေရွာ နယ်မြေ (၁၀) ဘူးသီးတောင်မြို့နယ် | ၁ | တင်းမေရွာနေ ဟာမစ်ဒူလာ သည် နေအိမ်၌ အိပ်ပျော် နေစဉ် ရော်ဖီး ပါ (၇)ဦးမှ မျက်နှာဖုံးအနက်များ စွပ်၍ အိမ်တံခါးအား ရိုက်ချိုး ဝင် ရောက်ကာ တုတ်ဖြင့်ရိုက် ဓါးရှည်များဖြင့် ခုတ်သဖြင့် ဒဏ်ရာများဖြင့် ဟာမစ် ဒူလာ သေဆုံးခဲ့။ |
| ၂၀။ | ၂-၄-၂၀၁၇ | အာနိုဝါရ်အာရှုတ် | မောင်တော မြို့နယ် မြင်းလွတ်မြို့ အရှေ့ပိုင်း ရပ်ကွက် | ၁ | နေအိမ်သို့ အမျိုးသား (၂) ဦးက လာရောက်ခေါ်ဆောင် သွားခဲ့ရာ မှ ပြန်လည်ရောက် ရှိခြင်းမရှိ၍ လိုက်လံရှာဖွေ ရာ (၅) ရပ်ကွက် အရှေ့ ဘက် မြေပဲများ စိုက်ထား သည့် လယ်ကွင်း အတွင်း အာနိုဝါရ်အာရှုတ် အား ဝဲဂျိုင်း အောက်/ နောက် ကျော/ လက်မောင်း ဒဏ်ရာ (၁၂) ချက်(ထိုးသွင်း ၅ ပြတ်ရှ ၇) နှင့် ယာမျက်လုံး ပေါက်ထွက် ဒဏ်ရာတို့ဖြင့် သေဆုံးခဲ့။ |
| ၂၁။ | ၈-၄-၂၀၁၇ | ရော်ဖီး | ဘူးသီးတောင် မြို့နယ် ဘိုကြီးချောင်း ကျေးရွာ | ၁ | တစ်ရွာတည်းနေ ဂူရာဆူတင် (၄၅) နှစ် ပါ(၃)ဦးမှ ရဲဒင်း ဖြင့်ခုတ်၊ ဓားနှင့် လှီးဖြတ် သတ်။ |
| ၂၂။ | ၁၈- ၄-၂၀၁၇ | အာမီအာလီ | မောင်တော မြို့နယ် ဖွေယာရွာ | ၁ | နေအိမ်၌ ရှိနေစဉ် မျက်နှာဖုံး စွပ်ထားသူ (၁၀)ဦး ခန့်မှ အိမ်အောက်သို့ ဆွဲချခဲ့ပြီး ဓါး များဖြင့် ထိုးခုတ်၍သေဆုံး။ |
| ၂၃။ | ၂-၅-၂၀၁၇ | မာမတ်ဖွေယော့ | ဘူးသီးတောင် မြို့နယ် မောင်ကြီး တောင်ကျေးရွာ | ၁ | နေအိမ်၌ ရှိနေစဉ် မျက်နှာ ဖုံးစွပ်ထားသော အမည်မသိ လူ(၅)ဦးမှ နေအိမ်အတွင်း ဝင်ရောက်လာပြီး ဆွဲခေါ် သွားသဖြင့် လိုက်လံရှာဖွေခဲ့ ရာ ဒါးပိုင် ဆရာကျေးရွာ၌ ထိုးသွင်း ဒဏ်ရာ၊ ပြတ်ရှ ဒဏ်ရာတို့ဖြင့် သေဆုံး။ |
| ၂၄။ | ၅-၅-၂၀၁၇ | မာမတ်အာလမ် | မောင်တော မြို့နယ် သဝင်ချောင်း ကျေးရွာ | ၁ | သဝင်ချောင်းကျေးရွာအရှေ့ ဘက်ကိုက် (၃၀၀) ခန့် အကွာတွင် အလောင်း (၁) လောင်း တွေ့ရှိခဲ့ပြီး အလောင်း အနီးမှ KF-7 စာသားပါ ကျည်ခွံ(၁)ခုတို့ အားတွေ့ရှိ။ |
| ၂၅။ | ၅-၅-၂၀၁၇ | အာရာအူလာ | မောင်တော မြို့နယ် သဝင်ချောင်း ကျေးရွာ | ၁ | အာရာအူလာသည် ဆူရာ လီ ကျေးရွာ မှအပြန်တွင် ခေါင်းဆောင်(စိစစ်ဆဲ)အဖွဲ့မှ မေယုတောင်ခြေသို့ ဖမ်း ဆီး ခေါ်ဆောင် သတ်ပစ်ခဲ့။ |
| ၂၆။ | ၁၉-၅-၂၀၁၇ | နိုရှုဆလာမ် | မောင်တော မြို့နယ် ကျောင်း တောင်ကျေးရွာ အုပ်စု | ၁ | အနက်ရောင် ဝတ်စုံဝတ် မျက်နှာဖုံးစွပ်ထားသူ (၅၀) ဦးခန့် ဝင်ရောက် လာပြီး နိုရှုဆလာမ် အား အိမ်ပေါ် မှ ခေါ်ထုတ်၍ နေအိမ်ရှေ့ ကိုက်(၃၀)ခန့်အကွာ လယ် ကွင်း၌ ဓါးဖြင့် ခုတ်သတ်။ |
| ၂၇။ | ၂၈-၅-၂၀၁၇ | တာဟဲရ် | ဘူးသီးတောင် မြို့နယ် မီးကျောင်း ခေါင်းဆွဲ ကျေးရွာ | ၁ | အင်းချောင်းစျေးရွာ တံတား အနီး၌ အမည်မသိလူတစ်စုမှ ဝိုင်းဝန်း သတ်ဖြတ်ခဲ့သဖြင့် သေဆုံး။ |
| ၂၈။ | ၂၉-၅-၂၀၁၇ | ရှောင်ရှူးအာလောင် (ခ) ကျော်ဆွေ | မောင်တော မြို့နယ် ရေတွင်းပင် ကျေးရွာ | ၁ | အကြမ်းဖက်အဖွဲ့ဟု ယူဆရ သူ (၅၀) ဦးခန့်က ဖမ်းဆီး သွားခဲ့ပြီး ဘာကူးမား တောင်ခြေတွင် ကြိုးဖြင့် ချည်နှောင်ထားပြီး လည်ပင်း ပြတ်ရှဒဏ်ရာဖြင့် သေဆုံး။ |
| ၂၉။ | ၄-၆-၂၀၁၇ | နူရ်အာမိန် | မောင်တော မြို့နယ် ရွာသစ်ကေ ကျေးရွာ | ၁ | မိသားစုနှင့်အတူ အိပ်ပျော် နေစဉ် တုတ်၊ ဓားများ ကိုင်ဆောင် ထားသော အမည် မသိလူ (၁၅) ဦးခန့်မှ နေအိမ်အတွင်း ဝင်ရောက်၍ ရာအိမ်မှူးအား ဖမ်းဆီး ခေါ်ဆောင်ပြီး ပုဗ္ဗန်ကန် အနီး၌ သတ်ဖြတ်ခဲ့။ |
| ၃၀။ | ၁၅-၆-၂၀၁၇ | အဘူနာဆဲ | မောင်တော မြို့နယ် ဂေါင်ညာ ကျေးရွာ | ၁ | သူငယ်ချင်းဖြစ်သူ နေအိမ်သို့ ထမင်းသွားစားရာမှပြန်မလာ သဖြင့် ဝိုင်းဝန်းရှာဖွေခဲ့ရာ ဂေါင်ညာကျေးရွာ အရှေ့ ဘက် ချောင်းကမ်း နဘေး တွင် ထိုးသွင်းပြတ်ရှ ဒဏ်ရာ များဖြင့် သေဆုံး။ |
| ၃၁။ | ၁၆-၆-၂၀၁၇ | ဟာဘီဇူ | ဘူးသီးတောင် မြို့နယ် ဂူတာပြင် ကျေးရွာ | ၁ | ရာအိမ်မှူး ဟာဘီဇူသည် တစ်ရွာတည်းနေ ဆယ်အိမ် မှူးနှင့် ရွာကင်းများ စစ်ဆေး၍ ပြန်လာစဉ် မြိုဝန်း အတွင်းမှ မျက်နှာပုဆိုးများ ဖုံးအုပ်ထားသည့် လူ ၅ ဦးမှ ဓါးဖြင့် ထိုးသဖြင့် သေဆုံး။ |
| ၃၂။ | ၂၄-၆-၂၀၁၇ | အဘူဟာရှိန်း | မောင်တော မြို့နယ် ခေါင်းတကားရွာ | ၁ | အိမ်၌ ရှိနေစဉ် မျက်နှာဖုံးစွပ် ၁၀ ဦးမှ ဓါးကိုယ်စီကိုင်၍ နေအိမ်တံခါးအား ချိုးဖျက် ဝင်ရောက်ပြီးဓါးဖြင့် ဝိုင်းခုတ် သဖြင့် ဓါးဒဏ်ရာ ၁၂ ဖြင့် သေဆုံးကာ ဝင်ရောက်ကူညီ သည့် သားဖြစ်သူအား ဝဲ ရင်ညွှန့် ထိုးသွင်း ဒဏ်ရာ ၁ ချက်၊ သမီးဖြစ်သူ ၅ နှစ် သမီးမှ ဖခင်အား ဖက်တွယ် ထားစဉ် ဝဲဦးခေါင်းပြတ်ရှ ဒဏ်ရာ ၂ လက်မ ရရှိခဲ့။ |
| ၃၃။ | ၂၄-၆-၂၀၁၇ | အဖွေယာစ် | မောင်တော မြို့နယ် မြို့သူကြီး ကျေးရွာ | ၁ | နေအိမ်၌ အိပ်ပျော်နေစဉ် မျက်နှာဖုံးစွပ် ၃ ဦးမှ ဝင် ရောက်ကာဓါးဖြင့်ခုတ်သဖြင့် ဓါးဒဏ်ရာ ၄ ချက်ဖြင့် သေဆုံးခဲ့ပြီး ညီမ ဖြစ်သူ ၂ ဦးနှင့် သားဖြစ်သူ တို့မှာ ဓါးဒဏ်ရာများ အသီးသီး ရရှိခဲ့။ |
| ၃၄။ | ၂၄-၆-၂၀၁၇ | ဦးအောင်ကျော် | မောင်တော မြို့နယ် တရိန်းကျေးရွာ | ၁ | ရွာသား ၄ ဦးသည် လိပ်ရှာ သွားရာမှအပြန် အကြမ်းဖက် သမားများမှ ဓါးဖြင့် ဝိုင်းခုတ် ပြီး ၂ ဦးကို ဖမ်းဆီး ခေါ်ဆောင်သွားသဖြင့် ရှာဖွေ ရာ သေဆုံးလျက် တွေ့ရှိခဲ့။ |
| ၃၅။ | ၂၆-၆-၂၀၁၇ | ကိုကိုသိန်း | မောင်တော မြို့နယ် တရိန်းကျေးရွာ | ၁ | ရွာသား ၄ ဦးသည် လိပ်ရှာ သွားရာမှအပြန် အကြမ်းဖက် သမားများမှ ဓါးဖြင့် ဝိုင်းခုတ် ပြီးဖမ်းဆီး ခေါ်ဆောင်သွား ခဲ့သည့် ၂ ဦးအနက်မှ သေဆုံးလျက်ထပ်မံတွေ့ရှိခဲ့။ |
| | | | စုစုပေါင်း | ၃၈ ဦး | |

## ယာဉ်တိမ်းမှောက်မှုကြောင့် ဆေးကုသမှုခံယူသူများအား ထောက်ပံ့ငွေပေး

**အမ်း ဇွန် ၂၈**

ရခိုင်ပြည်နယ် အမ်းမြို့တွင် ဇွန် ၂၄ ရက်က ဘဏ်ချေးငွေထုတ်ယူရန် လယ်သမားများတင်ဆောင်လာသည့်ယာဉ်တစ်စီး ချောက်ထဲထိုးကျတိမ်းမှောက်ခဲ့ရာ၌ အမ်းမြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသော လူနာ ၁၂ ဦးအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လူနာတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၁၀၀၀၀နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၂၀၀၀၀ အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်က ဇွန် ၂၇ က လူနာများအား သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

အမ်းမြို့ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော လူနာ ၁၂ ဦးအနက်မှ သုံးဦးမှာ ကျန်းမာရေးကောင်းမွန်သွားပြီဖြစ်၍ ဆေးရုံမှနေရပ်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

**လှိုင်း ကြီး နိုင်**

**နေပြည်တော် ဇွန် ၂၈** - မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅ မိုင်အထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ (မိုး/ဇလ)



ကမ်းခြေစောင့်တပ်ဖွဲ့က လစ်ဗျားပင်လယ်ပြင်မှ ဒုက္ခသည်များကို ကယ်တင်ခဲ့စဉ်

# လစ်ဗျားနိုင်ငံ ထရီပိုလီအနီးကမ်းခြေတွင် ဒုက္ခသည်ရုပ်အလောင်း ၂၅လောင်းတွေ့ရှိ

**ထရီပိုလီ ဇွန် ၂၈**

လစ်ဗျားနိုင်ငံမြို့တော် ထရီပိုလီအရှေ့ဘက် ၃၀ ကီလိုမီတာအကွာ တာဂျူရာဒေသ ကမ်းခြေ၌ ဒုက္ခသည် ရုပ်အလောင်း ၂၅ လောင်း တွေ့ရှိခဲ့ကြောင်း လစ်ဗျားနိုင်ငံ လခြမ်းနီအသင်းက မကြာသေးမီက ကြေညာခဲ့သည်။

ဥရောပနိုင်ငံများသို့ လှေဖြင့် တရားမဝင် ဝင်ရောက်ရန် ကြိုးစားစဉ် သေဆုံးခဲ့သူများဖြစ်ကြောင်း၊ အဘယ်ကြောင့်သေဆုံးခဲ့သည်ကို မသိရသေးကြောင်း လခြမ်းနီအဖွဲ့ဝင်တစ်ဦးက ပြောသည်။

တရားမဝင် နိုင်ငံကူးသူ ၁၄၇ ဦးကို ယမန်နေ့က ဆာဗရာသာမြို့အနီး ပင်လယ်ပြင်၌ ကယ်တင်နိုင်ခဲ့ကြောင်း၊ ၎င်းတို့အနက် ၁၉ ဦးမှာ အမျိုးသမီးများဖြစ်ကာ လေးဦးမှာ ကလေးငယ်များဖြစ်ကြောင်း၊ တရားမဝင်နိုင်ငံကူးသူ အများစုမှာ လူငယ်များဖြစ်ပြီး ကင်မရွန်း၊ ဆူဒန်၊ မာလီနှင့် ဆီနီဂေါနိုင်ငံသားများဖြစ်ကြောင်း၊ ကယ်တင်နိုင်ခဲ့သူများကို ထရီပိုလီဒုက္ခသည်စခန်းမှ တစ်ဆင့်ပြန်လည်လွှတ်ပေးသွားမည်ဖြစ်ကြောင်း လစ်ဗျားကမ်းခြေစောင့်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

၂၀၁၁ခုနှစ်တွင် လစ်ဗျားနိုင်ငံ၏အခြေအနေမှာ အဆက်မပြတ်ဆိုးရွားလာခဲ့သောကြောင့် ဆာဟာရသဲကန္တာရ တောင်ပိုင်းရှိ အာဖရိကတိုက်နိုင်ငံများမှ တရားမဝင်နိုင်ငံကူးလိုသူများသည် လစ်ဗျားနိုင်ငံမှတစ်ဆင့် မြေထဲပင်လယ်ကို ဖြတ်ကျော်ကာ ဥရောပနိုင်ငံများသို့ သွားရောက်ခဲ့ကြောင်းသိရသည်။

(ဆင်ဟွာ)

# ဗင်နီဇွဲလားနိုင်ငံရှိတရားရုံးချုပ်ကို ရဟတ်ယာဉ်ဖြင့်တိုက်ခိုက်ခံရ

**ကရာကတ် ဇွန် ၂၈**

ဗင်နီဇွဲလားရဲတပ်ဖွဲ့ရဟတ်ယာဉ်တစ်စီးသည် ဗင်နီဇွဲလားတရားရုံးချုပ်ကို အင်္ဂါနေ့တွင် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မဒူရိုက ယင်းတိုက်ခိုက်မှုကို အကြမ်းဖက်အဖွဲ့အစည်းများက အာဏာသိမ်းရန် ကြိုးပမ်းတိုက်ခိုက်မှုတစ်ခုဟု ပြောကြားခဲ့သည်။

တရားရုံးချုပ်အား ရဟတ်ယာဉ်ဖြင့်တိုက်ခိုက်မှုသည် အိုပက်အဖွဲ့ဝင်နိုင်ငံဖြစ်သည့်ဗင်နီဇွဲလားနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းကို ပိုမိုပြင်းထန်လာစေခဲ့သည်။ လေယာဉ်သည် ပြည်ထဲရေးဝန်ကြီးဌာနကို ၁၅ ချက်ခန့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထို့နောက် တရားသူကြီးများ အစည်းအဝေးပြုလုပ်လျက်ရှိသည့် တရားရုံးချုပ်ကို ဗုံးလေးလုံးကြဲချခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။



ဗင်နီဇွဲလားနိုင်ငံရှိ တရားရုံးချုပ် တိုက်ခိုက်မခံရမီ အဆိုပါ တရားရုံးချုပ်ပေါ်တွင် ရဟတ်ယာဉ်တစ်စင်း ပျံဝဲနေစဉ်

လတ်တလောတွင်ထိခိုက်ဒဏ်ရာရရှိသည်ဟူသော သတင်းဖော်ပြမှုမျိုး မရှိသေးပေ။ တိုက်ခိုက်မှု ပြုလုပ်ခဲ့သည့် ရဟတ်ယာဉ်နှင့် ထိုသို့ အကြမ်းဖက်တိုက်ခိုက်မှုမျိုးကို နောက်ကွယ်မှစေခိုင်းနေသူများအား အမြန်ဆုံးဖမ်းဆီးသွားမည်ဖြစ်ကြောင်း သမ္မတ မဒူရိုက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ဧပြီလမှစတင်ဖြစ်ပွားခဲ့သည့် အစိုးရဆန့်ကျင်သည့် ဆန္ဒပြမှုများအတွင်း လူ ၇၅ ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူရာနှင့် ချီရှိခဲ့သည်။

ဆန္ဒထုတ်ဖော်သူများသည် အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ စီးပွားရေးကျပ်တည်းမှုကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် ဆောင်ရွက်မှုပေးရန်နှင့် အတိုက်အခံနိုင်ငံရေး တက်ကြွလှုပ်ရှားသူများကို လွှတ်ပေးရန် အပြင်းအထန်တောင်းဆိုလျက်ရှိသည်။

(ရိုက်တာ)

# ဩစတြေးလျတောင်ပိုင်းတွင် လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ သုံးဦးသေဆုံး



**ကန်ဘာ ဇွန် ၂၈**

ဩစတြေးလျနိုင်ငံတောင်ပိုင်း မောင့်ဂမ်ဘီယာမြို့ပြင်ပ၌ ဇွန် ၂၈ ရက်က လေယာဉ်ငယ်တစ်စင်းပျက်ခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ သုံးဦးသေဆုံးခဲ့ပြီး အခြားသူများလည်း ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ပျက်ကျလေယာဉ်သည် ဩစတြေးလျသယ်ယူပို့ဆောင်ရေး လုံခြုံမှုဆိုင်ရာ ဗျူရို (အေတီအက်စ်ဘီ) ပိုင် တီဘီ ၁၀ အမျိုးအစားလေယာဉ်ဖြစ်ကြောင်း သိရသည်။ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လေယာဉ်မည်သည့်အတွက်ကြောင့် ပျက်ကျခြင်းဖြစ်ကြောင်း မသိရသေးသလို ပျံသန်းနေစဉ် ပေါက်ကွဲခဲ့သလော ဟူသည်ကို လေ့လာစုံစမ်းလျက်ရှိကြောင်း ဒေသခံမီးသတ်တပ်ဖွဲ့က ပြောခဲ့သည်။

လေယာဉ်ပျက်ကျမှုကြောင့် ဒဏ်ရာရသူများကို နီးစပ်ရာလည်းဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး စုံစမ်းစစ်ဆေးသူများက လေယာဉ်ပျံသန်းရာ လမ်းကြောင်းတစ်လျှောက် လေ့လာသွားမည်ဖြစ်ကြောင်း အေတီအက်စ်ဘီက ပြောခဲ့သည်။

(ဆင်ဟွာ)

# တောင်ကိုရီးယားသမ္မတမွန်ဂျယ်အင်း အမေရိကန်နှင့်ထိပ်သီးအစည်းအဝေးကျင်းပရန်သွားရောက်

**ဆိုးလ် ဇွန် ၂၈**

တောင်ကိုရီးယားသမ္မတမွန်ဂျယ်အင်းသည် အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့်ပထမဆုံးသော ထိပ်သီးအစည်းအဝေးကျင်းပရန်ဆိုးလ်မှ ထွက်ခွာသွားကြောင်း သိရသည်။

ယင်းခရီးစဉ်သည်ပြီးခဲ့သည့်လက တောင်ကိုရီးယားသမ္မတ တာဝန်စတင်ထမ်းဆောင်ချိန်မှစတင်ကာ နိုင်ငံဖြတ်ကျော်သွားရောက်သည့်ပထမဆုံးခရီးစဉ်လည်းဖြစ်သည်။ လာမည့်သောကြာနေ့အထိ ကျင်းပမည့် ခေါင်းဆောင်နှစ်ဦး၏ ဆွေးနွေးပွဲတွင် သမ္မတမွန်သည် မြောက်ကိုရီးယားနိုင်ငံနှင့် ပြေရာပြေကြောင်း ဆွေးနွေးလိုသည့် ၎င်း၏သဘောထားအပေါ် ထရန့်နားလည်ပေးနိုင်ရေးကြိုးပမ်းသွားနိုင်ရန် မျှော်လင့်ထားသည်။

မွန်ဂျယ်အင်းသည် မြောက်ကိုရီးယားနှင့်စေ့စပ်ညှိနှိုင်းမှုပြုလုပ်ရန်အရေးကြီးကြောင်းကို အလေးအနက်ပြောကြားခဲ့သည်။ ထို့အပြင်၎င်းသည် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားနှင့်ဒုံးကျည်အစီအစဉ်များကိုလက်လွှတ်စေရန်အတွက် မြောက်ကိုရီးယားအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ရန် လိုအပ်ကြောင်းကိုလည်း ထောက်ခံပြောကြားခဲ့သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က မြောက်ကိုရီးယားနိုင်ငံမှ လွှတ်မြောက်လာသည့် အမေရိကန်တက္ကသိုလ်ကျောင်းသားသေဆုံးခဲ့သည့်အတွက် အမေရိကန်အနေဖြင့် များစွာ ဒေါသထွက်လျက်ရှိသည်။ ထို့အပြင်အမေရိကန်သည် မြောက်ကိုရီးယား၏ တိုက်ချင်းပစ်ဒုံးကျည်များကို ဆန့်ကျင်နိုင်မည့် အမေရိကန်ဒုံးကျည်ကာကွယ်ရေးစနစ်များကို မြန်မြန်ဆန်ဆန်ဖြန့်ကြက်မှုပြုလုပ်ရန် လိုလားလျက်ရှိသည်။ **(အင်န်အိတ်ချ်ကေ)**

# ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ကမ္ဘာတစ်ဝန်းရှိ လုပ်ငန်းများ ပျက်စီးဆုံးရှုံး

**ဝါရှင်တန် ဒီစီ ဇွန် ၂၈**

ဆိုက်ဘာတိုက်ခိုက်မှုတစ်ခုကြောင့် ဇွန် ၂၈ ရက်တွင် ကမ္ဘာတစ်ဝန်းရှိ လုပ်ငန်းအများစု ပရမ်းပတာဖြစ်ပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ကမ္ဘာတစ်ဝန်းရှိ ကွန်ပျူတာထောင်ပေါင်းများစွာ အကြီးအကျယ်ထိခိုက်ပျက်စီးခဲ့ပြီး မွမ်ဘိုင်းဆိပ်ကမ်းမှ လုပ်ငန်းဆောင်တာများမှသည် လော့စ်အိန်ဂျလိစ်ထိ ထိခိုက်ပျက်စီးမှုများ ရှိခဲ့ကြောင်း၊ ထို့အပြင် ဩစတြေးလျရှိ ချောကလက်စက်ရုံ လည်ပတ်မှုကိုလည်း ရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

ယူကရိန်းမှ စတင်လာခဲ့သည်ဟု ယူဆရသော အဆိုပါ ဗိုင်းရပ်စ်သည် ယင်းနိုင်ငံ၏ စီးပွားရေးဘဏ်အများအပြားသာမက နိုင်ငံပိုင်နှင့် ပုဂ္ဂလိကကုမ္ပဏီများအား တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ ထို့အပြင် လော့စ်အိန်ဂျလိစ်၏ အကြီးဆုံး ဆိပ်ကမ်း၏လုပ်ငန်းဆောင်တာများလည်း ရပ်ဆိုင်းသွားခဲ့သလို ရုရှားနိုင်ငံထိပ်တန်းရေနံထုတ်လုပ်သူ ရို့စ်နက်ဖ်၏ လုပ်ငန်းများလည်းထိခိုက်ခဲ့ကြောင်း သိရသည်။

အသုံးပြုသူများသည် နာမည်ကျော်ကြားသော အကောက်ခွန်တွက်ချက်မှုဆိုင်ရာ ပရိုဂရမ်တစ်ခုကို ဒေါင်းလော့ဒ်လုပ်ယူမိသည်နှင့်တစ်ပြိုင်နက် သို့မဟုတ် ဒေသတွင်း သတင်းဝက်ဆိုက်တစ်ခုကို သွားရောက်ကြည့်ရှုမိသည်နှင့် တစ်ပြိုင်နက် ၎င်းတို့၏ ကွန်ပျူတာများမှာ ဗိုင်းရပ်စ် ကူးစက်ခံရခြင်းဖြစ်ကြောင်းသိရသည်။အဆိုပါဗိုင်းရပ်စ်သည် လွန်ခဲ့သော မေလက တိုက်ခိုက်ခဲ့သည့် ‘ဝိုချင်လား’ အမည်ရှိ ဗိုင်းရပ်စ်နှင့် ပုံစံတူကြောင်း ဆိုက်ဘာကျွမ်းကျင်သူများနှင့် သက်ဆိုင်ရာအာဏာပိုင်များက ပြောခဲ့သည်။

(ရိုက်တာ)



# အလားအလာရှိသော်လည်း မြန်မာ့တွင်းထွက်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တို့ကို ကြီးကြပ်နိုင်မှုအားနည်းဟု သယံဇာတစီမံခန့်ခွဲမှုအညွှန်းကိန်းမှ လေ့လာတွေ့ရှိ

**သတင်း - ခင်ရတနာ**

နေပြည်တော် ဇွန် ၂၈

**၂၀၁၇ ခုနှစ် သယံဇာတစီမံခန့်ခွဲမှုအညွှန်းကိန်း (Resource Governance Index) သည် နိုင်ငံများအနေဖြင့် မိမိတို့၏ သဘာဝသယံဇာတများအား ကြီးကြပ်စီမံနိုင်မှုစွမ်းရည်ကို အကဲဖြတ်သည့် ကမ္ဘာလုံးဆိုင်ရာအညွှန်းကိန်းဖြစ်ပြီး ထိုအညွှန်းကိန်းက မြန်မာနိုင်ငံ၏ ကျောက်မျက်ရတနာ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတို့ကို ခန့်ခွဲအုပ်ချုပ်နိုင်မှုမှာ အလွန်အားနည်းနေသေးကြောင်း ယနေ့သတင်းထုတ်ပြန်ခဲ့သည်။**



ကမ်းလွန်သဘာဝဓာတ်ငွေ့ ထုတ်ယူနေမှုကို တွေ့ရစဉ်

ထိုသတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံ၏ ကျောက်မျက်ရတနာကဏ္ဍသည် နိုင်ငံတကာ အကဲဖြတ်ချက် ၈၉ ခုအနက် အဆင့် ၈၃ တွင် ရှိနေကာအမှတ် ၁၀၀ တွင် ၂၇ မှတ် ရရှိထားကြောင်း ဖော်ပြထားသည်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှာ အခြေအနေမဆိုစလောက် ပိုကောင်းပြီး အကဲဖြတ်ချက် ၈၉ ခုအနက် အဆင့် ၇၇၊ အမှတ် ၁၀၀တွင် ၃၁ မှတ် ရရှိထားကြောင်း Natural Resource Governance Institute (NRGI) မှ ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ တွင်းထွက်သယံဇာတကဏ္ဍအား စီမံအုပ်ချုပ်သည့်အပိုင်းတွင် အားနည်းမှုများရှိနေပြီး ပိုမိုကောင်းမွန်သည့် ကြီးကြပ်ကွပ်ကဲမှု၊ ပွင့်လင်းမြင်သာမှုဆိုင်ရာ အစီအမံများ၊ ပြင်ဆင်ထားသည့် ဥပဒေနှင့် ဘဏ္ဍာရေးဆိုင်ရာ မူဘောင်များကို အရေးတကြီးလိုအပ်နေသည့်တိုင် NRGI အနေဖြင့် လက်ရှိတိုးတက်မှုများသည် လမ်းကြောင်းမှန်တစ်ခု၏ ကနဦးအစ အလားအလာကောင်းများပင် ဖြစ်သည်ဟု ယူဆကြောင်း သိရသည်။

ကျောက်မျက်လုပ်ငန်းကဏ္ဍ၊ အထူးသဖြင့် ကျောက်စိမ်းမှရရှိသည့် ဝင်ငွေများသည် မြန်မာနိုင်ငံတွင် ကာလကြာရှည်စွာဖြစ်ပွားနေသည့် နိုင်ငံတွင်းပဋိပက္ခတို့ကို တစ်စိတ်တစ်ပိုင်း ထောက်ပံ့လျက်ရှိပြီး မြန်မာ့ကျောက်မျက်ကဏ္ဍမှ ပြဿနာများ၏ အဓိကအချက်မှာ ပွင့်လင်းမြင်သာမှု အားနည်းခြင်းဖြစ်ကြောင်း အဆိုပါတွေ့ရှိချက်တွင် ဖော်ပြထားသည်။

လုပ်ပိုင်ခွင့် လိုင်စင်ထုတ်ပေးသည့် လုပ်ငန်းစဉ်၊ စာချုပ်များ၊ ကုန်သွယ်သည့် ကုမ္ပဏီများနှင့် ယေဘုယျအားဖြင့် ကဏ္ဍတစ်ခုလုံးတွင် ပါဝင်ပတ်သက်နေသည့် ပိုင်ရှင်အစစ်များ မည်သူဆိုသည့်အချက်များကို အစိုးရအနေဖြင့် ထုတ်ပြန်မှုမရှိသလောက်ပင် ဖြစ်ပါသည်။ ပွင့်လင်းမြင်သာမှုအရ မြန်မာနိုင်ငံ၏ ကျောက်မျက်လိုင်စင်ချထားပေးမှုစနစ်သည် ကမ္ဘာပေါ်တွင် ဒုတိယအနိမ့်ဆုံးဖြစ်သည်။ အမှတ် ၁၀၀ တွင် လေးမှတ်သာရရှိပြီး တာ့မန်နစ္စတန်နိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍကိုသာ ကျော်လွန်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (Myanmar Gems Enterprise သို့မဟုတ် MGE) ၏ လည်ပတ်မှုမှာ အားရကျေနပ်ဖွယ်မရှိဘဲ အမှတ် ၁၀၀ တွင် ၁၆ မှတ်သာရရှိထားခဲ့ပြီး ယခုသုတေသနတွင် လေ့လာထားသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် စီမံခန့်ခွဲမှုအားအနည်းဆုံးအုပ်စုတွင် ပါဝင်နေကြောင်း ယင်းအဖွဲ့အစည်းက ထောက်ပြထားသည်။

လက်ရှိအခြေအနေအရ ကျောက်မျက်ကဏ္ဍမှာ မြန်မာနိုင်ငံ၏ အနာဂတ်၌ အရေးပါသည့် အနေအထားတွင်ရှိနေပြီး အထူးသဖြင့် လိုင်စင်ချပေးသည့် စနစ်၊ ပိုင်ဆိုင်မှု၊ တူးဖော်ထုတ်လုပ်မှုနှင့် ရောင်းချသည့်ဝင်ငွေဆိုင်ရာ အချက်အလက်များ အပါအဝင် ကဏ္ဍတစ်ခုလုံးတွင် ပွင့်လင်းမြင်သာမှု မြင့်မားလာပြီး တန်ဖိုးသတ်မှတ်ခြင်း၊ အခွန်စည်းကြပ်ခြင်း၊ ရောင်းချသည့် ဝင်ငွေကောက်ခံခြင်းစနစ်များလည်း တိုးတက်လာပါက စီမံခန့်ခွဲမှုဆိုင်ရာတွင် ပိုမိုကောင်းမွန်လာစေရန် အထောက်အကူများစွာ ဖြစ်နိုင်ကြောင်း သိရသည်။

လေ့လာတွေ့ရှိချက်အရ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင်လည်း ခက်ခဲသည့် စိန်ခေါ်မှုများရှိနေပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (Myanmar Oil and Gas Enterprise သို့ MOGE) သည် စီမံခန့်ခွဲမှုအတွက် အမှတ် ၁၀၀ တွင် ၃၅မှတ် ရရှိထားကြောင်း သိရှိရသည်။ MOGEမှာ နိုင်ငံတော်၏ အရေးအပါဆုံး ဝင်ငွေအရင်းအမြစ်များအနက် တစ်ခုဖြစ်သည့်အတွက် ပိုမိုကောင်းမွန်စေရန် လိုအပ်ကြောင်း NRGI မှ အစီရင်ခံစာအတွင်း ထည့်သွင်းတိုက်တွန်းထားသည်။

မြန်မာအစိုးရအနေဖြင့် ၎င်း၏ အချက် ၁၂ ချက်ပါ စီးပွားရေးမူတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား ပြုပြင်ပြောင်းလဲရန်မှာ ဦးစားပေးတစ်ချက်ဖြစ်ကြောင်း ဖော်ပြထားရာ ထိုမူတွင် ပွင့်လင်းမြင်သာမှု တိုးတက်လာစေရန်၊ ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာအချက်အလက်များကို ပြည်သူများသို့ချပြရန်၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအားကောင်းလာစေရန်နှင့် စီးပွားရေးအရ မိမိဘာသာလည်ပတ်နိုင်ရန် ပြန်လည်ဖွဲ့စည်းခြင်းတို့ ပါဝင်သည်။ ထိုလျာထားအစီအစဉ်များအတွက် NRGI ၏ သုတေသနက ကူညီလျက်ရှိသည့်အပြင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကြွယ်ဝမှုက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ဖြစ်စေရန် လုပ်ဆောင်ရာတွင် အရေးကြီးပြီး ငြိမ်းချမ်းရေးလုပ်ငန်းကိုလည်း ပံ့ပိုးပေးနိုင်မည်ဟု အဆိုပါအဖွဲ့အစည်းက ယုံကြည်ထားကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ သယံဇာတကြွယ်ဝပြီး ပဋိပက္ခဒဏ်ခံနေရသည့်ဒေသများက သဘာဝသယံဇာတများမှ ရရှိသောဝင်ငွေများနှင့် ၎င်းတို့ကို စီမံခန့်ခွဲသည့် တာဝန်များကို ခွဲဝေပေးရန် တောင်းဆိုထားပါတယ်။ အကျိုးအမြတ်တွေကို ညီညီမျှမျှ ခွဲဝေပေးပြီး စည်းမျဉ်းစည်းကမ်းတွေ လိုက်နာခြင်း ရှိ၊ မရှိ ကြီးကြပ်မည့် စနစ်တစ်ခုကို ဖန်တီးရန်အတွက် ပထမဆုံးခြေလှမ်းအဖြစ် ပွင့်လင်းမြင်သာမှု ပိုကောင်းစေဖို့ လိုတယ်ဆိုတာကို ဒီသယံဇာတ စီမံခန့်ခွဲမှုအညွှန်းကိန်းများတွင် ဖော်ပြထားသည့် စီမံခန့်ခွဲခြင်းဆိုင်ရာ စိန်ခေါ်မှုများက ထောက်ပြနေပါတယ်"ဟု အဆိုပါအဖွဲ့အစည်း မြန်မာနိုင်ငံဆိုင်ရာ တာဝန်ရှိသူက အညွှန်းကိန်းအစီရင်ခံစာပါ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

သယံဇာတစီမံခန့်ခွဲမှု အညွှန်းကိန်းတွင် နိုင်ငံပေါင်း ၈၁ နိုင်ငံမှ ကဏ္ဍ ၈၉ ခု (ရှစ်နိုင်ငံတွင် NRGI မှ ရေနံသဘာဝဓာတ်ငွေ့ကဏ္ဍနှင့် ကျောက်မျက်ရတနာကဏ္ဍ နှစ်ခုစလုံးကို လေ့လာခဲ့ပါသည်) ကို အကဲဖြတ်ထားသည်။ သုတေသနပညာရှင်ပေါင်း ၁၅၀တို့က သက်ဆိုင်ရာ စာတမ်းပေါင်း ၁၀၀၀၀ နီးပါးကို အခြေခံ၍ အရေးပါသည့် မေးခွန်း ၁၃၃ ခုပါဝင်သည့် မူဘောင်ကို အသုံးပြုအကဲဖြတ်ခဲ့ခြင်း ဖြစ်သည်။

NRGI သည် အကဲဖြတ်မှု တစ်ခုခြင်းစီအတွက် အကြောင်းအရာသုံးခု၏ ရလဒ်ပေါင်းကို တွက်ချက်ထားပါသည်။ ခေါင်းစဉ်နှစ်ခုတွင် မူဘောင်ပါမေးခွန်းများအတွက် ကဏ္ဍဆိုင်ရာပညာရှင်များ၊ ကျွမ်းကျင်သူများကို တွေ့ဆုံမေးမြန်းထားသည့် သုတေသနအသစ်အပေါ် အခြေခံထားသည်။ တွင်းထွက်သယံဇာတကဏ္ဍကို နိုင်ငံများက စီမံခန့်ခွဲသည့်စနစ်ကိုလည်း တိုက်ရိုက်တိုင်းတာကြောင်း သိရသည်။

"တန်ဖိုးသတ်မှတ်ခြင်း"တွင် တူးဖော်ထုတ်လုပ်ခွင့်ချပေးခြင်း၊ ရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ ရောင်းချငွေရယူခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား စီမံခန့်ခွဲခြင်းပါဝင်ပါသည်။ ဒုတိယအကြောင်းအရာဖြစ်သည့် "ရောင်းချငွေကို ခန့်ခွဲခြင်း"တွင် နိုင်ငံတော် အသုံးစရိတ်လျာထားခြင်း၊ သယံဇာတဝင်ငွေကို တိုင်းဒေသကြီးနှင့် ပြည်နယ်တို့အား ခွဲဝေပေးခြင်းနှင့် သယံဇာတအရင်းအမြစ် ရန်ပုံငွေတို့ပါဝင်သည်။ သယံဇာတစီမံခန့်ခွဲမှုအညွှန်းကိန်း၏ တတိယအကြောင်းအရာသည် "နိုင်ငံများ၏ နောက်ခံအခြေအနေ"ကို အကဲဖြတ်ပါသည်။ ၎င်းအတွက် အခြားစီမံခန့်ခွဲမှုဆိုင်ရာ အနေအထားများကို တိုင်းတာရန်ရှိနှင့်ပြီး သုတေသနအပေါ်တွင် အခြေခံထားကြောင်း သိရသည်။



## တပ်ကုန်းမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်း

**တပ်ကုန်း ဇွန် ၂၈**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာ ကွင်းအမှတ် (၁၃၀၅) တောင်သူ ဦးငြိမ်းမောင်၏ နွေစပါးစံကွက်၌ စံကွက်ရိတ်သိမ်းပွဲကို ဇွန် ၂၈ ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်ထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းညွန့်နှင့် ဝန်ထမ်းများ၊ တောင်သူများ ပါဝင်ဆောင်ရွက်ခဲ့သည်။ အဆိုပါစံကွက်၌ တစ်ဧကလျှင် ၉၄ ဒသမ ၈၇ တင်း ထွက်ရှိကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## မူလတန်းလွန်ကျောင်းပြောင်းရွှေ့ပေးရေး ဒေသခံများ ဆန္ဒဖော်ထုတ်

**ဆားလင်းကြီး ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့၌ မူလတန်းလွန်ကျောင်းပြောင်းရွှေ့ပေးရေး ဒေသခံပြည်သူများ စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ပွဲကို ဇွန် ၂၈ ရက် နံနက် ၉ နာရီက စတင်၍ နံနက် ၁၁ နာရီအထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆားလင်းကြီးမြို့နယ် ငွေသာကျေးရွာဟောင်းသည် ငွေသာဆည်၏ အောက်ဘက်တွင် ကျရောက်နေသောကြောင့် ဒေသခံရွာသူ/ရွာသားများ အန္တရာယ်ကင်းရှင်းစေရန်အတွက် ယခင်ဝန်ကြီးချုပ်မှ အန္တရာယ်ကင်းလွတ်ရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ရာ အိမ်ထောင်စုအားလုံး ကျေးရွာနေရာသစ်သို့ အားလုံးပြောင်းရွှေ့ခဲ့ခြင်း မရှိခဲ့ပေ။

နေရာသစ်သို့ ကျေးရွာအိမ်ထောင်စုများ ပြောင်းရွှေ့နေခဲ့ကြသော်လည်း မူလတန်းလွန်ကျောင်းမှာ ကျေးရွာဟောင်းနေရာတွင်သာ ရှိနေခဲ့သဖြင့် ကျေးရွာသစ်မှ ကျောင်းသားကျောင်းသူများမှာ ယင်းငွေသာရွာဟောင်းသို့သွားရောက်၍ ပညာသင်ယူနေကြရသည်။ မိုးတွင်းကာလများတွင် ချောင်းရေ၊ ဆည်ရေတို့ဖြင့် အန္တရာယ်တစ်စုံတစ်ရာ ဖြစ်ပေါ်မည်ကို စိုးရိမ်ရခြင်း၊ ကျေးရွာဟောင်းမှ ကျောင်းသားများထက် ရွာသစ်မှ ကျောင်းသားများက ပိုမိုများပြားနေပြီး ရွာဟောင်းနေရာတွင် ကျောင်းဆောင်အား အလျင်အမြန်ဆောက်လုပ်ခဲ့သော ကျောင်းအုပ်ကြီးအား ကျေနပ်မှုမရှိသဖြင့် ဆန္ဒဖော်ထုတ်ကြခြင်းဖြစ်ကြောင်း ဒေသခံများက ပြောပြသည်။

ဆန္ဒဖော်ထုတ်ရန် ခွင့်ပြုမိန့်တောင်းခံပြီး စုရပ်အဖြစ် အမှတ် (၁)ရပ်ကွက် မြေစွန်တောင်ရပ် ဘောလုံးကွင်းမှ ဆားလင်းကြီးမြို့နယ် မြို့နယ်ပညာရေးမှူးရုံးအထိ ဥပဒေနှင့်အညီ ဆန္ဒဖော်ထုတ်ခဲ့ကြရာ မူလတန်းကျောင်းသား ကျောင်းသူ ၆၀ ခန့်နှင့် ကျောင်းသားမိဘဒေသခံပြည်သူ ၂၀၀ ခန့်စုစုပေါင်း ၂၆၀ တို့သည် ဗီနိုင်းပိုစတာများ ကိုင်ဆောင်ကြွေးကြော်၍ စီတန်းလှည့်လည်ခဲ့ကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**



## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

**နေပြည်တော် ဇွန် ၂၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုး တစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ (မိုး/ဇလ)

# မောင်တောတောင်ပိုင်း ကျေးရွာများသို့ ဆန်၊ ဆီ၊ ပဲ ထောက်ပံ့

**မောင်တော ဇွန် ၂၈**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် မောင်တောခရိုင် တောင်ပိုင်းကျေးရွာများသို့ သွားရောက်ကာ ဒေသခံပြည်သူများကို အားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ ပဲနှင့် ငါးသေတ္တာဘူးများ ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

ဒေသခံမိဘပြည်သူများအနေဖြင့် မစိုးရိမ်ကြရန်နှင့် မိမိတို့အနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အစွမ်းကုန် ကူညီဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်ရန်လည်း အရေးကြီးပါကြောင်း၊ ဒေသအတွင်း တဖြည်းဖြည်း တည်ငြိမ်အေးချမ်းလာမည် ဖြစ်ပါကြောင်း ပြည်နယ်ဝန်ကြီးချုပ်က အင်းဒင်ကျေးရွာသို့ရောက်ရှိစဉ် ဒေသခံပြည်သူများအား ပြောကြားခဲ့သည်။

ထို့ပြင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းနှင့် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာတို့ကလည်း ဒေသခံပြည်သူများကို အားပေးစကားပြောကြားကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်ပန္နူနှင့် ရွှေရင်အေးကျေးရွာများသို့ သွားရောက်ပြီး ဒေသခံပြည်သူများကို အားပေးစကားပြောကြားကာ ပြည်နယ်အစိုးရမှ ထောက်ပံ့သော ဆန်၊ ဆီ၊ ပဲနှင့် ငါးသေတ္တာဘူးများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြင်းလွှတ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဒေသခံအုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံကာ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

**သတင်း- မြင့်မောင်စိုး၊ အောင်ကျော်ဦး**
**ဓာတ်ပုံ- သက္က**



# မကွေး၌ တပ်မတော်သုံး ခွင်းပုံးသီးတစ်လုံး တွေ့ရှိ

**မကွေး ဇွန် ၂၈**
မကွေးမြို့ ဈေးလယ်စိုးရပ်ကွက် မဲထီးလမ်းရှိ ပုညဝတီဓမ္မရိပ်သာကျောင်းဝင်း အနီးမှ တပ်မတော်သုံးခွင်းပုံးသီး တစ်လုံးကို ဇွန် ၂၇ ရက် ညနေပိုင်းက တွေ့ရှိခဲ့ကြောင်း မကွေးမြို့မရဲစခန်းမှ သိရသည်။



ဇွန် ၂၇ ရက် ညနေ ၆ နာရီခွဲက ပုညဝတီဓမ္မရိပ်သာ ဝင်/ထွက်ပေါက် နောက်ဘက်ခြမ်း အုတ်နံရံဘေးတွင် ပုံးသီးတစ်လုံးတွေ့ရှိခဲ့ကြောင်း ပုညဝတီကျောင်းမှ ဝေယျာဝစ္စလုပ်ကိုင်သူ ဦးမောင်ဌေးက သတင်းပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပုံးသီးတွေ့ရှိနေရာသို့ မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်ထွန်းဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံ အင်ဂျင်နီယာတပ်မှ ဗိုလ်ကြီး အေးမင်းအောင် ဦးစီးသောတပ်မတော်သားများ ရောက်ရှိစစ်ဆေးခဲ့ခြင်းဖြစ်သည်။ ယင်းပုံးသီးမှာ တပ်မတော်သုံး ၁၂၀ မမ ခွင်းကျည်အမျိုးအစားဖြစ်ပြီး အလျားနှစ်ပေ၊ လုံးပတ် ၁၈ လက်မရှိကာ ယမ်းမပါဝင်ကြောင်း သက်ဆိုင်ရာ၏ စစ်ဆေးချက်အရသိရပြီး ယင်းပုံးသီးအား နယ်မြေခံတပ်မှ လာရောက်ထိန်းသိမ်းသယ်ဆောင်သွားခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျ**

# မန္တလေး ချမ်းအေးသာစံမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**မန္တလေး ဇွန် ၂၈**

မန္တလေး ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက် ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ၇၄ လမ်းနှင့် ၇၅ လမ်းကြား အကွက်အမှတ်(၆၈၁)ဇလံ ဖိုပလီဝင်းတိုက် လိုင်းအမှတ် G သွပ်မိုးနံကပ် နှစ်ထပ်အပေါ်ထပ် အခန်း(၁၂) ပိုင်ရှင် ပန်းသေးဦးထွန်းမြင့်လေး(ခ) အလိုင်း နေအိမ်တိုက်ခန်းအတွင်း အဲကွန်းဆော့ဂတ်အပူလွန်ကဲမှုကြောင့် ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးလောင်မှုကြောင့် အခန်းအမှတ်(၁၁) သို့ မီးကူးစက်လောင်ကျွမ်းသွားသဖြင့် နေအိမ်နှစ်ခန်း မီးလောင်သွားကြောင်း သိရသည်။ **(အောက်ပုံ)**

မီးလောင်ရာသို့ မီးသတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ မီးငြိမ်းသတ်ယာဉ် ၂၅ စီးဖြင့် မီးငြိမ်းသတ်ရာ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်ခန့်တွင် မီးလုံးဝငြိမ်းသွားကြောင်းနှင့် သက်ဆိုင်ရာမှ ပိုင်ရှင်အား လိုအပ်သည့် အရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# အကြမ်းဖက်သင်တန်းတက်ရောက်သူများအား ထောက်ပံ့ပေးသူတစ်ဦး မောင်တောဆေးရုံ၌ သေဆုံးခဲ့မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၈**
အကြမ်းဖက်သင်တန်း တက်ရောက်သူများအား ထောက်ပံ့ပေးသူ မောင်တောမြို့နယ် ဘဂုံးနားအနောက်ရွာနေ မော်လဗီ အူမောဆာဒက်သည် ဇွန် ၂၆ ရက် ညက နှလုံးရောဂါဖြင့် မောင်တောဆေးရုံ၌ သေဆုံးခဲ့၍ ၎င်းသေဆုံးမှုအား ရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

မောင်တောမြို့နယ် ဖွဲရာရွာနေ တပ်ဦးချောင်းကျေးရွာအုပ်စု တာဝန်ခံ အာမိအာလီအား ဇွန် ၁၇ ရက်က မျက်နှာဖုံးဝတ်ဆင်ထားသူ ၁၀ ဦးခန့်မှ နေအိမ်အတွင်း ဝင်ရောက်၍ ဓားဖြင့်ခုတ်သတ်စဉ် ပတ်ဝန်းကျင်မှ ဝိုင်းဝန်းဖမ်းဆီးချိန်၌ သေနတ်ငါးချက် ပစ်ဖောက်၍ ထွက်ပြေးခဲ့သည့်အမှုမှ ဆက်စပ်တရားခံ မာမောက်တော်ယုအား သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၂၅ ရက် နံနက် ၈ နာရီတွင် ဘဂုံးနားအလယ်ရွာ၌ ဖမ်းဆီးခဲ့ပြီး မကျီးချောင်းနယ်မြေစခန်း တွင် စစ်ဆေးခဲ့ရာ ဇွန် ၂၆ ရက် ညနေ ၆ နာရီက ဘဂုံးနားအနောက်ရွာနေ အကြမ်းဖက်သင်တန်း တက်ရောက်သူများအား ထောက်ပံ့ပေးနေသူ မော်လဗီ အူမောဆာဒက်အား ထပ်မံဖမ်းဆီးခဲ့မှုနှင့်အတူ တစ်ရွာတည်းနေ ဆော်လိမ် (စိစစ်ဆဲ) (ပြည်ပနိုင်ငံနေသူ)က မောင်တောမြို့မှတစ်ဆင့် ငွေကြေးထောက်ပံ့ လွှဲပြောင်းပေးနေကြောင်း ထွက်ဆိုခဲ့သည်။

မာမောက်တော်ယုနှင့် မော်လဗီ အူမောဆာဒက်တို့အား ဇွန်၂၆ ရက် ည ၁၀ နာရီတွင် အပြန်အလှန် စစ်ဆေးမေးမြန်းစဉ် မော်လဗီ အူမောဆာဒက်မှာ ရင်ဘတ်အောင့်သည်ဟု ပြောဆိုပြီး ထိုင်ရာမှလဲကျခဲ့သဖြင့် မောင်တောဆေးရုံသို့ ပို့ဆောင်ကုသမှုခံယူစဉ် ဇွန် ၂၆ ရက် ည ၁၁ နာရီ ၁၅မိနစ်တွင် သေဆုံးခဲ့ခြင်း ဖြစ်သည်။

ဆေးရုံမှ ရင်ခွဲစစ်ဆေးချက်အရ မော်လဗီ အူမောဆာဒက်သည် ရုတ်တရက် နှလုံးခုန်ရပ်ကာ သေဆုံးရခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းဖြစ်စဉ်အား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံးဖြတ်စများဖမ်းမိ

**နေပြည်တော် ဇွန် ၂၈**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅၂ စီး၊ သွင်းကုန် အစီး ၅၇၀၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၂၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/ပေးပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၇ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၁ ဒသမ ၂ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၀၇ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉ ဒသမ ၂၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂၇ ရက်တွင် မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် Toyota Alphard ယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးရှာဖွေစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးဖြတ်စများ အရွယ်စုံ ၄၅၀ ဂရမ်နှင့် သယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၄၇ ဒသမ ၅ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**






**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးဖြတ်စများအရွယ်စုံနှင့် သယ်ဆောင်သည့်ယာဉ်ကို တွေ့ရစဉ်**

# ဝေါမြို့နယ် ဒုမြို့နယ်တရားသူကြီး ယာဉ်တိုက်မှုကြောင့် သေဆုံး

**ဝေါ ဇွန် ၂၈**
ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မြို့ဝင်ဂိတ်အနီး၌ ဇွန် ၂၇ ရက် ည ၁၀ နာရီက ယာဉ်တိုက်မှုဖြစ်ပွားပြီး ဝေါမြို့နယ် ဒုတိယမြို့နယ်တရားသူကြီး သေဆုံးခဲ့ကြောင်း သိရသည်။

ဘုရားကြီးမြို့မှ ဝေါမြို့ဘက်သို့ ကိုသီဟလွင် (၂၈ နှစ်) ဝေါမြို့နယ်တရားရုံး ဝန်ထမ်းအိမ်ရာ၌နေသူ မောင်းနှင်လာသည့် ၃၀ ယ/----- ဆိုင်ကယ်နှင့် သထုံမြို့ဘက်မှ ဘုရားကြီးမြို့ဘက်သို့ ဦးသန်းထွန်း အောက်ကျင်းရပ်ကွက် သထုံမြို့နေသူမောင်းနှင်လာသည့် 6K/----- FUSO ၁၂ ဘီး ယာဉ်တို့ ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် (၇၀/၀ နှင့် ၇၀/၁ )ကြား၌ တိုက်မိခဲ့ရာ ကိုသီဟလွင်မှာ ဒဏ်ရာများနှင့် အခင်းဖြစ်နေရာတွင်သေဆုံးခဲ့ပြီး ဆိုင်ကယ်နောက်မှ လိုက်ပါစီးနင်းလာသူ ဦးစိုင်းသီဟတွင် ဒဏ်ရမျာ:ရရှိခဲ့ကြောင်း သိရ၍ ဝေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ကျောင်းသူတစ်ဦး ကားကြိတ်မိ၍ သေဆုံး

**ဆားလင်းကြီး ဇွန် ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ရင်ပေါင်တိုင်ကျေးရွာအနီးရှိ လမ်းတွင် ဇွန် ၂၇ ရက်က စက်ဘီးစီး၍ကျောင်းကိုလာသော ဒုတိယတန်းကျောင်းသူတစ်ဦး ကားဘီးဖြင့် ကြိတ်မိ၍ သေဆုံးသွားကြောင်း သိရသည်။

ဆားလင်းကြီးမြို့နယ် ရင်ပေါင်တိုင်ကျေးရွာနေ ဒုတိယတန်းကျောင်းသူ မပွင့်ဖြိုးလင်းသည် စက်ဘီးစီးပြီး ကျောင်းသို့လာစဉ် တစ်ရွာတည်းနေ ယာဉ်မောင်း ကိုမင်းမောင် မောင်းနှင်လာသော ဖောကားသည် ရှောင်တိမ်းလိုက်ရာမှ မပွင့်ဖြိုးလင်းကို နောက်ဘီးဖြင့် ဦးခေါင်းအားကြိတ်မိကာ နေရာတွင်ပင်ပွဲချင်းပြီး သေဆုံးသွားကြောင်း သိရှိရသည်။ **ဦးငယ်(ဆားလင်းကြီး)**

ဥပဒေဘောင်တွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

## မုဒိမ်းမှုကျူးလွန်သူကို အလုပ်နှင့်ထောင်ဒဏ် အနှစ် ၂၀ ချမှတ်

**မန္တလေး ဇွန် ၂၈**

အမရပူရမြို့နယ် ဖျောက်ဆိတ်ကုန်းကျေးရွာ သံရည်ကျိုရပ်ကွက်နေ ဒေါ်သီသီခိုင်သည် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၃ နာရီခန့်က ၎င်း၏သမီးနှင့်အတူ အိပ်နေစဉ် ခြင်ထောင်အတွင်းသို့ တစ်ရပ်ကွက်တည်းနေ အဒေါ်ဖြစ်သူ၏ခင်ပွန်း ကျော်စိုးဝင်ရောက်လာပြီး ဒေါ်သီသီခိုင်၏သမီးဖြစ်သူ မ------------ (၁၂ နှစ်)၏ အဝတ်အစားများကို ဆွဲချွတ်မှုပြုလုပ်ခဲ့သည်။

ဒေါ်သီသီခိုင်က သမီးဖြစ်သူအား မေးမြန်းရာတွင် ၎င်းနှင့် ကျော်စိုးဆိုသူတို့ နတ်တော်လအတွင်းက -----ရပ်ကွက်သို့ ကန်စွန်းရွက်ခူးရန် အတူသွားရောက်ခဲ့စဉ်က လူမနေသည့် တဲအတွင်းသို့ ခေါ်ဆောင်ကာ သားမယားအဖြစ် နှစ်ကြိမ်ပြုကျင့်ခဲ့ကြောင်း ပြောပြသဖြင့် မြစ်ငယ်ရဲစခန်းသို့ တိုင်တန်းခဲ့သည်။

အဆိုပါအမှုအား မန္တလေးခရိုင်တရားရုံးမှ ရာဇဝတ်ကြီးမှု အမှတ် ၅၅/၂၀၁၇ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ ပြစ်မှုထင်ရှားသဖြင့် တရားခံကျော်စိုးအား ဇွန် ၂၇ ရက်တွင် အလုပ်နှင့် ထောင်ဒဏ် အနှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## ဆွဲကြိုးလုပြေးသူကို အလုပ်ကြမ်းနှင့် ထောင်ဒဏ်ခုနစ်နှစ်ချမှတ်

**မန္တလေး ဇွန် ၂၈**

မန္တလေးခရိုင် အောင်မြေသာစံမြို့နယ်နေ အောင်အောင်(ခ) အောင်ကိုမြတ်သည် ၇-၄-၂၀၁၇ ရက်နေ့က ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း ၇၇ လမ်းထောင့်တွင် အမျိုးသားနှစ်ဦးက ဆိုင်ကယ်ဖြင့် လိုက်လာပြီး ဆိုင်ကယ်နောက်ထိုင် အမျိုးသားက မလင်းအိအိဇော် လည်ပင်းတွင် ဆွဲထားသော အလေးချိန် တစ်ကျပ်သားလေးရွေး တန်ဖိုးငွေကျပ် ၁၀ သိန်းခန့်ဆွဲကြိုးနှင့် ကျောက်ဖြူဆွဲသီးတန်ဖိုးငွေကျပ် လေးသိန်းခန့်အား လုယူထွက်ပြေးရာ ၂၆ လမ်း ၇၈ လမ်းထောင့်အရောက်တွင် တာဝန်ကျ ယာဉ်ထိန်းရဲနှင့် အနီးရှိလူများမှ ဝိုင်းဝန်းဖမ်းဆီး၍ ချမ်းအေးသာစံမြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ပြစ်မှုထင်ရှားသဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၉၂ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ခုနစ်နှစ်ကျခံစေရန် ဇွန် ၂၇ ရက်က အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မြင်းခြံ၌ ဆိုင်ကယ် ၃၃ စီး ခိုးယူမှုကို ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီး

**မြင်းခြံ ဇွန် ၂၈**

မြင်းခြံမြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်မျိုးထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များသည် မြို့အတွင်းမှုခင်းကျဆင်းရေးအတွက် ဆောင်ရွက်လျက်ရှိရာမှ မော်တော်ဆိုင်ကယ်ခိုးယူသူများအား ဇွန် ၂၈ ရက်တွင် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မြင်းခြံမြို့၌ မော်တော်ဆိုင်ကယ် ပျောက်ဆုံးမှုများကြောင့် မြို့မရဲစခန်းသို့လာရောက်တိုင်တန်းမှုများရှိရာမှ ခေတ္တစခန်းမှူး ရဲအုပ်မျိုးထွန်းအောင် သည် နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့်အတူ ဖော်ထုတ်စစ်ဆေးရာမှ ဇွန် ၁၆ ရက်တွင် အမှတ် (၁) ရပ်ကွက်နေ ပြစ်မှုကျူးလွန်သူ မောင်စန်းဗိုလ်အား ဆိုင်ကယ်ခုနစ်စီး ခိုးယူထားမှုပေါ်ပေါက်သဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားခဲ့သည်။



ဇွန် ၂၀ ရက်တွင် အခြားမော်တော်ဆိုင်ကယ်ခိုးယူထားသူများဖြစ်သည့် အမှတ် (၁) တိုးချဲ့ရပ်ကွက်နေ မောင်ယဉ်မင်းထွန်း(ခ) Y2K၊ အမှတ် (၃) ရပ်ကွက်နေ မောင်လှမင်းထက် (ခ) ဝတုတ် (ခ) တရုတ်ကြီးတို့အား မော်တော်ဆိုင်ကယ် ၁၃ စီး ခိုးယူထားမှု၊ ဇွန် ၂၆ ရက်တွင် အမှတ် (၁) တိုးချဲ့ရပ်ကွက်နေ စိုးထွန်း (ခ) ဘာလီ၊ ဆင်းဝွတ်ကျေးရွာနေ မျိုးလှိုင်(ခ) မျိုးကြီးတို့နှင့်အတူ ပူးပေါင်းပါဝင်သော အမှတ် (၂)ရပ်ကွက်နေ ဖြိုးဝေ(ခ) ချစ်မွေးတို့အား မော်တော်ဆိုင်ကယ် ၁၃ စီး ခိုးယူထားမှုတို့ စစ်ဆေးတွေ့ရှိသဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည် ။

ခိုးယူခံရသည့် မော်တော်ဆိုင်ကယ် ပိုင်ရှင်များအနေဖြင့် ပိုင်ဆိုင်ကြောင်းအထောက်အထားများ ယူဆောင်၍ မြို့မရဲစခန်းတွင် မိမိတို့ဆိုင်ကယ်ဟုတ် မဟုတ် လာရောက်စစ်ဆေးကြည့်ရှုနိုင်ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

## ဆိုင်ကယ် ၁၀ စီးခိုးမှုကို ရဲတပ်ဖွဲ့ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၈**

ရှမ်းပြည်နယ် တောင်ကြီးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲမြင့် ဦးစီးသည့် ပူးပေါင်းအဖွဲ့ သည် ဇွန် ၂၅ ရက် ညပိုင်းက လှည့်ကင်းဆောင်ရွက်နေစဉ် တောင်ကြီးမြို့ စဝ်စံထွန်းရပ်ကွက်၊ နယ်မြေ(၅)၊ မင်္ဂလာဂူတဝလမ်းတွင် ဆိုင်ကယ်နှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသည့် တောင်ကြီးမြို့ စိန်ပန်းရပ်ကွက်နေ ကျော်လွင်ထွန်း(၁၅ နှစ်)အား စစ်ဆေးရာ အဆိုပါဆိုင်ကယ်အား တောင်ကြီးမြို့ရွှေတောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီး တောင်လေ့ကားလမ်းမှ ခိုးယူလာခြင်းဖြစ်ကြောင်း၊ ၎င်းအား ဆက်လက်စစ်ဆေးရာ တောင်ကြီးမြို့နယ်အတွင်းမှ ဆိုင်ကယ်မျိုးစုံကိုးစီးအား ခိုးယူထားကြောင်းပေါ်ပေါက်ခဲ့သဖြင့် ဆိုင်ကယ်ခြောက်စီးအား သိမ်းဆည်းရမိထားပြီး အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဓားကိုင်ရမ်းကားနေသူကို အမှုဖွင့်အရေးယူ

**နေပြည်တော် ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး ပေါက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၂၇ ရက်က နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ကျားသိုက်ကျေးရွာအရောက် အဆိုပါကျေးရွာနေ ကျော်သူရဦး(ခ) သားပု(၁၉ နှစ်)သည် ကျေးရွာလမ်းမပေါ်၌ အရိုးအသွား ၂၁ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းအား ကိုင်ဆောင်ပြီးရမ်းကားနေသည်ကို တွေ့ရှိသဖြင့် ဖမ်းဆီးထိန်းသိမ်းကာ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## တရားမဝင်ကျွန်းသစ် ၄၅ လုံး သိမ်းဆည်းရမိ

**ကနီ ဇွန် ၂၈**

ယင်းမာပင်ခရိုင် ကနီမြို့နယ် နတ်လာပို့ကျေးရွာအနီး ချင်းတွင်းမြစ်ကမ်းဘေးဆိုက်ကပ်ထားသောသစ်ဖောင်တစ်စီးမှ ကျွန်းသစ် ၄၅ လုံး သစ်တန်ချိန်(၇ ဒသမ ၀၇၃) တန်ကို ဇွန် ၂၇ ရက် နံနက် ၇ နာရီခွဲက သိမ်းဆည်းရမိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဦးစီး(၁)ဌာနတာဝန်ရှိသူထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ဦးစီး(၁)ဌာန ရဲအုပ်မျိုးလှိုင်ဦးစီးသောအဖွဲ့သည် ကနီမြို့နယ် နတ်လာပို့ရွာအနီး ချင်းတွင်းမြစ်ကမ်းဘေးတွင် ဆိုက်ကပ်ထားသော သစ်ဖောင်တစ်စီးကို စစ်ဆေးရာ လူမရှိဘဲ ဖောင်တွင်တွဲပါလာသော ကျွန်းသစ် ၄၅ လုံးကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



## မော်တော်ယာဉ်တစ်စီး သစ်ပင်ဝင်တိုက်၊ တစ်ဦးသေဆုံး

**အောင်လံ ဇွန် ၂၈**

အောင်လံမြို့နယ် ပန်းမတကျေးရွာအနီး ပြည်-အောင်လံကားလမ်းမပေါ်တွင် ဇွန် ၂၈ ရက် နံနက် ၃ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

လှည်းကူးမြို့နယ် အင်းတိုင်ကျေးရွာနေ ထက်နေလင်း (၃၆ နှစ်) သည် တစ်ရွာတည်းနေ ကျော်ကျော်လင်း၊ မောင်ကြီးတို့နှင့်အတူ 6F/----Nissan ကားနှင့် ပြည်လမ်းအတိုင်း ပြည်မြို့မှ မကွေးမြို့ဘက်သို့ မောင်းနှင်လာရာ အောင်လံမြို့နယ် ပန်းမတကျေးရွာမြောက်ဘက် မိုင်တိုင်အမှတ် (၂၁၈/၆)အနီးအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းအရှေ့ဘက်ရှိ ကုက္ကိုပင်အား ဝင်ရောက်တိုက်မိရာ ယာဉ်မောင်း ထက်နေလင်းနှင့် ကျော်ကျော်လင်းတို့မှာ ဒဏ်ရာပြင်းထန်စွာရခဲ့ကြပြီး မောင်ကြီး (၅၂ နှစ်)မှာ အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးသွားခဲ့ကြောင်း မြို့မရဲစခန်းမှ သိရသည်။

**သိန်းလွင်(အောင်လံ)**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**တင်ဒါခေါ်ယူရေးကော်မတီ**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် လိုအပ်သော ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများနှင့် ဝယ်ယူရေးပစ္စည်းများအတွက် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်း/ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | တည်ဆောက်ရေးလုပ်ငန်း | ၇ |
| ၂ | ရုံးသုံးစက်ကိရိယာ | ၈ |
| ၃ | သင်တန်းကျောင်းသုံးပစ္စည်း | ၁၂ |
| ၄ | ရုံးသုံးပရိဘောဂ | ၄ |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်းနေပြည်တော်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲရေးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၉-၆-၂၀၁၇ရက် (ကြာသပတေးနေ့)ရုံးချိန်အတွင်း

၄။ **တင်ဒါပုံစံ အရောင်းပိတ်မည့်ရက်** - ၇-၇-၂၀၁၇ရက် (သောကြာနေ့)၁၆း၀၀နာရီအထိ

၅။ **တင်ဒါ Specification တင်သွင်းရမည့်ရက်** - ၂၈-၇-၂၀၁၇ရက် (သောကြာနေ့)၁၆း၀၀နာရီအထိ (ရုံးချိန်အတွင်း)

၆။ တင်ဒါဖွင့်မည့်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၂၇၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **ဝန်ကြီးဌာနတင်ဒါခေါ်ယူရေးကော်မတီ**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး၊ ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြောင်းမြခရိုင်၊ကုသရေးဦးစီးဌာန၊ ခုတင်(၂၀၀)ပြည်သူ့ဆေးရုံတွင် သုံးစွဲရန်အတွက်လိုအပ်သော FDAအသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်မှန်နှင့်ဓာတ်ခွဲခန်းသုံးပစ္စည်းများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၆-၆-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၅-၇-၂၀၁၇ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းများအသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့။**
**ဖုန်း-၀၄၂-၇၁၂၉၁၊ ၀၉-၇၉၁၂၁၉၉၆၁**

### သွှာန့်တွာသားများအဖြစ် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် ၈၃၄(ခြောက်လွှာ-ဝဲဘက်)နေ ကျွန်မဒေါ်ခင်မြင့်ဦး ၁၂/ဗဟန(နိုင်)၀၂၀၅၄၃၏သားများဖြစ်ကြသော သားကြီး မောင်သန်းနိုင်ဝင်း BHN/၀၁၂၀၀၁နှင့်သားငယ် မောင်မင်းမင်းဦး ၁၂/ဗဟန(နိုင်)၀၀၃၆၃၂ တို့သည် ကျွန်မမိခင်ကြီး၏ ဆိုဆုံးမစကားများကို မနာခံရုံသာမက ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း၊ မိခင်ကြီးကိုယ်စိတ်နှစ်ပါး ဒုက္ခရောက်အောင် ရန်သူသဖွယ် ပြုမူဆောင်ရွက်နေခြင်းတို့ကြောင့် ၎င်းတို့နှစ်ဦးအား သွှာန့်တွာသားများအဖြစ် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းတို့နှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်ခင်မြင့်ဦး**

**မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဇီဝကမ္မနှင့်ဇီဝဓာတုဗေဒအဖွဲ့မှ ကြီးမှူးကျင်းပသော Refresher course 2017 on STEM CELLS:Bench-to-Bedside and Beyond....**

ကို ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၁)၊ ပြည်လမ်း၊ စာသင်ကျောင်း(၂)တွင် ၁-၇-၂၀၁၇ရက်(စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်ပါသည်။ ယင်းအခမ်းအနားတွင် ပါမောက္ခ ဒေါက်တာကြူကြူမောင်၊ ပါမောက္ခဒေါက်တာအေးသီတာ၊ ပါမောက္ခဒေါက်တာခင်လတ်နှင့် တွဲဖက်ပါမောက္ခဒေါက်တာစိန်ဝင်းတို့မှ ဟောပြောပို့ချမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများသည် ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ တပ်မတော်ဆေးတက္ကသိုလ်တို့ရှိ ဇီဝကမ္မနှင့် ဇီဝဓာတုဗေဒဌာနများတွင် စာရင်းပေးသွင်းနိုင်ပါသည်။

**ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်**
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဇူလိုင်(၅/၆/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

### ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၆-၂၀၁၇ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၈)တွင် ၂၀၁၇ခုနှစ် တရားမကြီးအမှုအမှတ်-၈၊ ကျွန်းလှမြို့နယ်တရားရုံး၊ (တရားမကျင့်ထုံး ကိုဒ ဥပဒေအမိန့်-၅၊ နည်း-၂၀)ငြင်းချက်ထုတ်ရန် သမ္မန်စာတွင် တရားပြိုင် ဒေါ်မျိုးမြင့်အောင်အစား မောင်မျိုးမြင့်အောင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### အမည်ပြောင်း

ဦးဝင်းထွဋ်လတ်-ဒေါ်နီနီအေးတို့၏ သမီး ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အလက(၄) အဌမတန်း(နှင်းဆီခန်း)မှ မဆုပြည့်နန္ဒာအား မဆုပြည့်နန္ဒာထွဋ်ဟု ပြောင်းလဲခေါ်ပါရန်။

**မဆုပြည့်နန္ဒာထွဋ်**

### ဖခင်အမည်မှန်

ညောင်ဦးခရိုင်၊ ပုဂံမြို့သစ် အထက တက္ကသိုလ်ဝင်တန်း(B)မှ မောင်အာယုဇော်၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော် ၈/ပခက(နိုင်)၁၅၁၅၅၅ ဖြစ်ပါကြောင်း။ **ဦးမင်းဇော်**

### ပျောက်ဆုံးကြောင်း

စစ်တွေမြို့၊ ဦးအောင်ထွန်းဦးလမ်း၊ မောလိပ်ရပ်ကွက်နေ ဒေါ်မညွှန့်စိန်(AH-020261)၏ အမည်ပေါက် မြေဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ကျေးဇူးဆပ်ပါမည်။

Ph-09-254401025

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BB/3870, Toyota Corolla, S/W ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ကြည် ၁၂/မရက(နိုင်)၀၁၈၂၆၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ညောင်အိုင်ကျေးရွာနေ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူ မသင်းသင်းဝေနှင့် ညောင်အိုင် မူလတန်းကျောင်း စတုတ္ထတန်းကျောင်းသူ မသင်းမြတ်ဝေတို့၏ ဖခင် ဦးတင်ချိုအောင်၏ အမည်မှန်မှာ ဦးတင်ချိုဦး ၉/ရမသ(နိုင်)၀၉၅၈၉၃ ဖြစ်ပါကြောင်း။ **ဦးတင်ချိုဦး**

### ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ သိမ်ကုန်း အထက တက္ကသိုလ်ဝင်တန်းမှ မနီလာထွန်း၏ ဖခင်အမည်မှန်မှာ ဦးမောင်သင်း ၉/ရမသ(နိုင်)၀၁၇၅၂၂ ဖြစ်ပါကြောင်း။ **ဦးမောင်သင်း**

# ခေတ်သစ်မော်တော်ကားတစ်စီးကို မွေးဖွားခြင်း (အပိုင်း-၄)

သိပ္ပံစာရေးဆရာကိုကိုအောင်

**အအေးခံစနစ်**

မော်တော်ကားတစ်စီးတွင် အင်ဂျင်သည် နှိုးထားသရွေ့ကာလပတ်လုံး အပူဓာတ်ကို ထုတ်လွှတ်နေသော အရင်းအမြစ်တစ်ခု ဖြစ်လျက်ရှိသည်။ အင်ဂျင်အတွင်း၌ လောင်စာရည်နှင့် အခိုးအငွေ့များ ပေါက်လောင်ခြင်းကြောင့်သော်လည်းကောင်း၊ ပေါက်လောင်မှုနှင့် ဆက်စပ်လျက် ပစ္စတင်နှင့် ပစ္စတင်ကွင်းများက အထက်အောက် ကြိမ်ဖန်များစွာ အတက်အဆင်းပြုလုပ်ရာတွင် Sleeve ၏ အတွင်းနံရံများကို ပွတ်တိုက်ခြင်း စသည်တို့ကြောင့်သော်လည်းကောင်း အပူချိန်က တစ်ရှိန်ထိုး မြင့်တက်လာသည်။

နိုင်ငံတကာသတင်းနှင့် ပြည်တွင်းသတင်းအချို့၌ နေအိမ်အဆောက်အအုံများ မီးလောင်ကျွမ်းသည်ကို မြင်တွေ့ဖူးကြပေလိမ့်မည်။ အလျှံတညီးညီးဖြင့် ကြီးမားကျယ်ပြန့်သော မီးလောင်မှုသတင်းဓာတ်ပုံများသည် မြင်ရသူတိုင်းကို ထိတ်လန့်တုန်လှုပ်စေသည်။ သို့ရာတွင် မော်တော်ကားအင်ဂျင်အတွင်း၌ လောင်စာရည်နှင့် လေအရောအနှောတို့ ဖိသိပ်ခံရပြီး လောင်ကျွမ်းသည့်အခါ ဖြစ်ပေါ်သည့်ပေါက်ကွဲမှုက ထိုကဲ့သို့သော အဆောက်အအုံများ မီးလောင်မှုမျိုးထက် အဆများစွာပြင်းထန်သည်ကိုမူ လူအများက သတိမပြုမိကြပေ။

အင်အားကြီးမားပြင်းထန်လှသော အင်ဂျင်အတွင်း ပေါက်လောင်ပေါက်ကွဲမှုကြောင့် အင်ဂျင်တစ်ခုလုံး အပူချိန်မြင့်တက်လာသလို…Compression Stroke ၌ ဖိသိပ်ခံထားရသည့် လောင်စာရည်နှင့် လေအရောအနှောတို့သည် Combustion Stroke တွင် ပေါက်လောင်ပေါက်ကွဲမှု ဖြစ်ပေါ်သည့်အခါ ပစ္စတင်သည် ကြီးမားသောဖိအားဖြင့် တွန်းထုတ်ခြင်းခံရသည့်အတွက် အပေါ်မှအောက်သို့ နေရာရွှေ့သွားချိန်တွင် ပစ္စတင်နှင့်တကွ ပစ္စတင်၌ ပူးတွဲတပ်ဆင်ထားသော ပစ္စတင်ကွင်းများသည် ဘေးပတ်ပတ်လည်ရှိ Sleeve နံရံနှင့် ပွတ်တိုက်ကြခြင်းကြောင့် စက္ကန့်ပိုင်းအတွင်းမှာပင် အင်ဂျင်၏အပူချိန်က မြင့်တက်လာတော့သည်။



စက္ကန့်ပိုင်းကိုကျော်လွန်၍ မိနစ်ပိုင်းသို့ရောက်လာသည်နှင့် အင်ဂျင်၏အပူချိန်မှာ တစ်ရှိန်ထိုး မြင့်မားလာပြီး အင်ဂျင်နှင့်ထိစပ်နေသော ဂီယာဘောက်စ်ခေါ် Power Transmission Unit၊ လှည့်ဝင်ရိုး (Propeller Shaft)၊ ကရောင်းအုံ (Differential)နှင့် မောင်းဝင်ရိုး (Drive Shaft)စသည့် အစိတ်အပိုင်းများဆီသို့ အပူဓာတ်က အပူလျှောက်ကူးခြင်းနည်းလမ်းဖြင့် ကူးပြောင်းရောက်ရှိသွားတော့သည်။

ထို့ပြင် အင်ဂျင်မောင်းတိန်၊ ဂီယာဘောက်စ်မောင်းတိန်းစသော တုန်ခါမှုထိန်းသည့် ရော်ဘာတုံးများ ကြားခံရှိနေမှုကြောင့် အင်ဂျင်၏အပူဓာတ်မှာ ကားကိုယ်ထည်တစ်ခုလုံးကို တိုက်ရိုက်မကူးစက်သည့်တိုင်၊ အင်ဂျင်နှင့် ကားကိုယ်ထည်၊ စက်ဖုံးစသည်တို့မှာ နီးကပ်စွာရှိနေသည့်အတွက် အပူဖြာကူးခြင်းနည်းလမ်းဖြင့် အင်ဂျင်၏အပူဓာတ်က ကားကိုယ်ထည်တစ်ခုလုံးဆီသို့ ပျံ့နှံ့ကူးစက်သွားရသည်။

အကယ်၍ မြင့်တက်လာနေသည့် အင်ဂျင်၏အပူချိန်ကို ထိန်းချုပ်ကန့်သတ်ခြင်း မပြုနိုင်ပါက အင်ဂျင်နှင့်ဆက်စပ်နေသော အစိတ်အပိုင်းများအားလုံးနှင့် ကားကိုယ်ထည်တစ်ခုလုံးတို့သည်လည်း လိုက်လျောညီစွာ အပူချိန်မြင့်တက်လာလိမ့်မည်ဖြစ်သည်။

မြင့်တက်လာနေသော အင်ဂျင်၏အပူချိန်ကို ထိန်းချုပ်ရန် နည်းလမ်းနှစ်သွယ်ရှိသည်။ ပထမနည်းလမ်းမှာ အင်ဂျင်ပတ်ပတ်လည်၌ အင်အားပြင်းသောလေစီးကြောင်းကို ဖြတ်သန်းစေကာ သတ်မှတ်အပူချိန်ထက် မြင့်တက်မလာအောင် ကန့်သတ်ထိန်းချုပ်ခြင်းဖြစ်သည်။ ဒုတိယနည်းလမ်းကမူ အင်ဂျင်ဘလောက် အတွင်းသို့ ရေများကို စီးဝင်လှည့်ပတ်စေကာ သတ်မှတ်အပူချိန်ထက် မြင့်တက်မလာအောင် လုပ်ဆောင်ခြင်းပင်ဖြစ်သည်။

ပထမနည်းလမ်းကို ရွေးချယ်မည်ဆိုပါက အင်ဂျင်တုံး(Engine Block)နှင့် အင်ဂျင်အဖုံး(Engine Head)တို့၏ မျက်နှာပြင်ဧရိယာကို တတ်နိုင်သမျှ အကျယ်ပြန့်ဆုံးဖြစ်စေရန်နှင့် ထိုမျက်နှာပြင်များပေါ်သို့ လေများ လွယ်လင့်တကူဖြတ်သန်းနိုင်စေရန် ဒီဇိုင်းရေးဆွဲရမည်ဖြစ်သည်။ အင်ဂျင်၏မျက်နှာပြင်ဧရိယာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေရေးအတွက် အင်ဂျင်မျက်နှာပြင်တစ်ခုလုံးကို စောင်းလျားသီးသဏ္ဌာန် လေသွင်းမြောင်းများ ပြုလုပ်ပေးရန်လိုအပ်သလို… အဆိုပါလေသွင်းမြောင်းများ အားလုံးတို့သည်လည်း မော်တော်ကားမောင်းနှင်ချိန်၌ ရှေ့တူရူမှ အရှိန်ပြင်းစွာတိုးဝင်လာမည့် လေစီးကြောင်းများနှင့် ဦးလှည့်ရာဘက်တူညီအောင် ပုံစံရေးဆွဲရန်လိုအပ်သည်။

ဒုတိယနည်းလမ်းကို ရွေးချယ်မည်ဆိုပါကမူ အင်ဂျင်အတွင်းသို့ အပူချိန်နိမ့်သော ရေများ စီးဝင်လှည့်ပတ်နိုင်အောင် အင်ဂျင်နံရံများအတွင်း၌ ရေစီးလမ်းကြောင်းများကို ထည့်သွင်းပေးရန်လိုအပ်သည်။ ထို့ပြင် အဆိုပါ ရေစီးလမ်းကြောင်းအတွင်းသို့ ရေများပို့လွှတ်ပေးရန် သတ်မှတ်ရေပမာဏကို အမြဲသိုလှောင်ပေးထားမည့် အအေးခံရေတိုင်ကီ(Radiator)တစ်လုံးရှိရန်လည်း လိုအပ်သည်။

ရေတိုင်ကီအတွင်းမှရေများကို အင်ဂျင်အတွင်းရှိ ရေစီးလမ်းကြောင်းများဆီသို့ ပို့လွှတ်ပေးခြင်းနှင့် အင်ဂျင်အတွင်းမှပြန်ထွက်လာသော ရေပူများကို ရေတိုင်ကီဆီသို့ ပြန်လည်ပို့ဆောင်ကာ အအေးခံခြင်းကို ပြုလုပ်ပေးရန်အတွက် ရေလည်အုံ (Water Circulation Pump) တစ်ခုကိုလည်း ကြားခံတပ်ဆင်ပေးရန် လိုအပ်သည်။

ထို့ကြောင့်ပင် နောက်ဆွဲအင်ဂျင်တပ်ကားများ၌ ရေလည်အုံနှင့်ပူးတွဲကာ ပန်ကာဒလက်များကို တပ်ဆင်ပေးပြီး ရေတိုင်ကီအတွင်းရှိ ရေ၏အပူချိန်ကို လျော့ကျအောင် ပုံစံရေးဆွဲထုတ်လုပ်ကြရသလို ရှေ့ဆွဲအင်ဂျင်တပ်ကားများ၌လည်း ရေတိုင်ကီနှင့်ပူးကပ်ပြီး လျှပ်စစ်မော်တာဖြင့်လည်ပတ်သည့် ပန်ကာဒလက်များကိုတပ်ဆင်ကာ ရေတိုင်ကီအတွင်းရှိရေ၏အပူချိန်ကို လျော့ကျအောင် စီမံပြုလုပ်ပေးကြရခြင်းဖြစ်သည်။

**အပူကာစနစ်**

မော်တော်ကားတစ်စီးတွင် အပူကာစနစ်သည်လည်း မပါမဖြစ် အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ မော်တော်ကားအပူကာစနစ်ကို အခြေခံအားဖြင့် နှစ်မျိုးခွဲခြား၍ရသည်။ ပထမတစ်မျိုးမှာ သဘာဝအပူဒဏ်မှသက်သာရာရအောင် ကာရံပေးထားရသည့် အပူကာစနစ်ဖြစ်ပြီး ဒုတိယတစ်မျိုးကမူ အပူချိန်မြင့်တက်နေသော စက်ပစ္စည်းအစိတ်အပိုင်းများ၏ အပူဓာတ်ထုတ်လွှတ်နေမှုများကို ခံစားရသက်သာစေရန် အကာအကွယ်ပြုပေးထားသည့် အပူကာစနစ်ဖြစ်သည်။

မော်တော်ကား၏ ကိုယ်ထည်အခွံ(Shell)ကို တစ်ချိန်က သံထည်ဖြင့်သာ ပြုလုပ်ခဲ့ကြသော်လည်း မျက်မှောက်ခေတ်၌မူ ကာဗွန်ဖိုင်ဘာများဖြင့်ပါ ဖန်တီးပြုလုပ်ကာ ထုတ်လုပ်ပေးနေကြပြီဖြစ်သည်။ သံထည်ဖြင့်ပြုလုပ်တပ်ဆင်ထားသော မော်တော်ကားကိုယ်ထည်သည် နေ၏အပူရှိန် တစ်နည်းအားဖြင့် ပတ်ဝန်းကျင်၏ အပူရှိန်ကို ချက်ချင်းဆိုသလို စုပ်ယူထားလိုက်မည်ဖြစ်သည့်အတွက် အကယ်၍ မော်တော်ကားအတွင်းရှိ မောင်းနှင်သူနှင့်ခရီးသည်များမှာ ကားကိုယ်ထည်အတွင်းရှိ သံပြားများနှင့် တိုက်ရိုက်ထိတွေ့နေကြရမည်ဆိုပါက ပြင်ပအပူချိန်နီးပါးမျှရှိနေသော အပူဒဏ်ကို ထိတွေ့ခံစားကြရလိမ့်မည်ဖြစ်သည်။

အလားတူပင် ယနေ့ခေတ်သစ်ယာဉ် ကိုယ်ထည်အခွံအဖြစ် သုံးစွဲနေကြသော ကာဗွန်ဖိုင်ဘာများသည်လည်း စတုတ္ထမျိုးဆက် သတ္တုစပ်အပြားများဖြစ်ကြသည့် အားလျော်စွာ သံပြားများလောက် အပူစုပ်ယူမှုမလျင်မြန်သည့်တိုင် အချိန်ကြာလာသည်နှင့်အမျှ အပူဓာတ်ကို စုပ်ယူထားမှုပမာဏ မြင့်တက်လာမည်သာဖြစ်သည်။ သို့ဖြစ်၍ ယာဉ်မောင်းသူနှင့်ခရီးသည်များအဖို့ ယာဉ်ကိုယ်ထည်အခွံ ကာဗွန်ဖိုင်ဘာနှင့် ထိတွေ့ချိန်အတန်အသင့်ရှိလာပါက စုပ်ယူထားသောအပူဓာတ်၏ အရှိန်ကို မလွဲမသွေခံစားကြရမည်ဖြစ်သည်။

မော်တော်ကားထုတ်လုပ်သော အင်ဂျင်နီယာပညာရှင်များအနေဖြင့် ကားကိုယ်ထည်အခွံ သံပြားနှင့် ကာဗွန်ဖိုင်ဘာအပြားတို့၏ အပူဓာတ်သည် အပူလျှောက်ကူးခြင်းနှင့် အပူဖြာကူးခြင်းနည်းလမ်းများဖြင့် ရောက်ရှိလာမှုအပေါ် ယာဉ်မောင်းသူနှင့် စီးနင်းသူများ အကာအကွယ်ရစေရန်အလို့ငှာ လုံလောက်အောင်ကာကွယ်ပေးနိုင်သော အပူကာစနစ်ကို စနစ်တကျ တွက်ချက်ထုတ်လုပ် တပ်ဆင်ပေးကြရသည်။



တစ်ချိန်က မော်တော်ကားဘေးတံခါးချပ်များ၏ အတွင်းမျက်နှာစာ၌ အပူကာပစ္စည်းအဖြစ် ပတ္တူဖျဉ်စများ၊ အထပ်သားများ၊ ရေမြှုပ်ဖော့များ၊ သားရေတုများ စသည်တို့ကို သုံးစွဲလာခဲ့ကြရာမှ ၁၉၈၀ ပြည့်လွန်နှစ်များမှစ၍ အပူဒဏ်နှင့် ထိခိုက်မှုဒဏ် နှစ်မျိုးစလုံးကို ကောင်းစွာခံနိုင်ရည်ရှိသော ဖိုင်ဘာချပ်များကို ပြောင်းလဲသုံးစွဲလာခဲ့သည်။ ပါးလွှာပြီး အလေးချိန်ပေါ့ပါးသော ဖိုင်ဘာချပ်များဖြင့် ဘေးတံခါးအတွင်းဘက် အပူကာပစ္စည်းအဖြစ်လည်းကောင်း၊ ကားခေါင်မိုးမျက်နှာကြက် အပူကာပစ္စည်းအဖြစ်လည်းကောင်း၊ ဒက်ရှ်ဘုတ်အဖြစ်လည်းကောင်း၊ ကားနောက်ခန်း ခေါင်းမှီတန်းအဖြစ်လည်းကောင်း၊ ကားရှေ့ခန်းဒူးကာအဖြစ်လည်းကောင်း၊ ကားနောက်ခန်း ဘေးကာအဖြစ်လည်းကောင်း တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပြီဖြစ်သည်။

မော်တော်ကားတစ်စီးဖို့ စက်နှိုးထားသည့်အခါ သို့တည်းမဟုတ် မောင်းနှင်အသုံးပြုနေသည့်အခါများ၌ အဆက်မပြတ်လည်ပတ်နေရသော အင်ဂျင်သည် အပူထုတ်လွှတ်သည့် အရင်းအမြစ်တစ်ခု ဖြစ်လာသည်။ ထို့ပြင် အဆိုပါအင်ဂျင်နှင့် ဆက်စပ်နေသည့် အိပ်ဇောမန်နီဖိုး၊ အိပ်ဇောပိုက်၊ ဂီယာဘောက်စ်၊ အိပ်ဆယ် စသည်တို့ကလည်း တစ်ဆင့်ခံ အပူထုတ်လွှတ်နေသည့်အရင်းအမြစ်များ ဖြစ်လာကြသည်။ ယင်းကဲ့သို့ အင်ဂျင်နှင့်တကွ ဆက်စပ်နေသည့်အစိတ်အပိုင်းများက ထုတ်လွှတ်နေသောအပူဒဏ်ကို ခရီးစဉ်တစ်လျှောက်လုံး၌ ယာဉ်မောင်းသူနှင့် ခရီးသည်များထံသို့ ကူးစက်မသွားစေရေးအတွက် မော်တော်ယာဉ်အင်ဂျင်နီယာများက အပူကာစနစ်ကို စဉ်းစားတွက်ချက် စီမံဖန်တီးပေးကြရသည်။

ဦးစွာ အင်ဂျင်နှင့်အနီးကပ်ဆုံး၌ရှိနေသည့် စက်ဖုံးဆီသို့ အပူဓာတ်ကူးစက်မှု နည်းပါးစေရန်အတွက် နည်းလမ်းနှစ်မျိုးဖြင့် စီစဉ်ဆောင်ရွက်ပေးရသည်။ ပထမနည်းလမ်းမှာ အင်ဂျင်နှင့်စက်ဖုံးအကြား လွတ်နေသောနေရာကိုဖြတ်သန်း၍ လေပူများအားလုံး ကားအောက်ဘက်သို့ဆင်းသွားစေရန်အတွက် ရေတိုင်ကီ အအေးခံစနစ်၌ တပ်ဆင်ပေးထားသောပန်ကာကို အသုံးချခြင်းဖြစ်သည်။ အအေးခံစနစ်သုံး ပန်ကာကို ဒီဇိုင်းထုတ်ရာတွင် ရေတိုင်ကီအတွင်းရှိ ရေ၏အပူချိန်ကို လျှော့ချပေးရုံအတွက်သာမဟုတ်ဘဲ အင်ဂျင်နှင့်စက်ဖုံးကြားရှိ လွတ်နေသောနေရာ၌ ခိုအောင်းနေသည့် လေပူများကို မှုတ်ထုတ်နိုင်စေရန်အတွက်ပါ ပန်ကာရွက်ပုံစံကို စဉ်းစားတွက်ချက် ရေးဆွဲကြရသည်။



ဒုတိယနည်းလမ်းကမူ အဆိုပါပန်ကာ၏အစွမ်းဖြင့် လုပ်ဆောင်သည့်တိုင် အပူငွေ့အားလုံးထွက်သွားစေရန် လုံလောက်မှုမရှိပါက စက်ဖုံးအတွင်းဘက်၌ အပူကာပစ္စည်းကို ပူးတွဲတပ်ဆင်ပေးခြင်းဖြစ်သည်။ အရပ်အခေါ်အားဖြင့် Heat Cover ဟု ခေါ်ဆိုနေကြသော Bonet Lining များသည် အင်ဂျင်အပူငွေ့ကို စက်ဖုံးအပေါ်သို့ ကူးစက်ရောက်ရှိမှုလျော့နည်းအောင် ကောင်းစွာ ကာကွယ်နိုင်စွမ်းရှိကြသည်။

အလားတူပင် အင်ဂျင်အပူငွေ့ကို ကားရှေ့ခန်းရှိယာဉ်မောင်းသူနှင့် ခရီးသည်တို့ထံ ကူးစက်ရောက်ရှိမသွားစေရန်အတွက်လည်း သားရေစိမ်းအချပ်များ၊ အပူခံ ရော်ဘာပြားများ၊ ကတ္တရာစေးများ၊ ဖိုင်ဘာချပ်များကိုအသုံးပြုပြီး စနစ်တကျ အကာအကွယ်ပြုကာ ထုတ်လုပ်ပေးကြရသည်။

ကားကိုယ်ထည်အောက်ပိုင်းရှိ အိပ်ဇောပိုက်၊ ဂီယာဘောက်စ်နှင့် အိပ်ဆယ် (Axle) ကဲ့သို့သော တစ်ဆင့်ခံ အပူလွှတ်ပစ္စည်းများက ထွက်ပေါ်လာသော အပူငွေ့များကမူ ကားမောင်းသည့်အခါ ကားအောက်ပိုင်းသို့ တိုးဝင်လာသည့် အရှိန်ပြင်းသောလေများ၏ တွန်းထုတ်မှုကြောင့် ရွေ့လျားထွက်ခွာသွားမည်ဖြစ်၍ သီးခြားအပူကာပစ္စည်း တပ်ဆင်ရန်မလိုအပ်ပေ။ သို့ရာတွင် ကားရပ်ထားပြီး အချိန် ကြာမြင့်စွာ စက်နှိုးထားသည့်အခါမျိုးအတွက်မူ အိပ်ဇောပိုက်နှင့် ကားကိုယ်ထည်အောက်ကြမ်းခင်းပြားအကြား လိုအပ်သည့်နေရာ၌ အပူကာပြားများကို တပ်ဆင်ကာ ထုတ်ပေးလျက် ရှိနေကြသည်။

**လေအေးပေးစနစ်**

Air Conditioner ကို မြန်မာဘာသာသို့ပြန်ဆိုပါက လေညှိစက်ဟု အဓိပ္ပာယ်ရသည်။ အခန်းအတွင်းရှိအပူချိန်ကို အလိုရှိသလို ချိန်ညှိရယူနိုင်သောစက်ဖြစ်သည့်အတွက် လေညှိစက်ဟူသော မြန်မာဝေါဟာရသည် အသင့်တော်ဆုံးသော ဘာသာပြန်ဆိုမှုပင်ဖြစ်သည်။ သို့ရာတွင် Air Conditioner (Air Con)ကို အသုံးပြုခြင်းကြောင့် ခြောက်သွေ့အေးမြသောလေကို ခံစားထိတွေ့ကြရသည့်အတွက် အရပ်အခေါ်အားဖြင့် လေအေးစက် သို့မဟုတ် လေအေးပေးစက်ဟုသာ အများက သုံးနှုန်းလျက်ရှိနေကြသည်။

မော်တော်ကားတပ်ဆင်ထုတ်လုပ်မှု လုပ်ငန်းစဉ်၌ လေအေးပေးစနစ် ထည့်သွင်းထုတ်လုပ်မှုကို ဥရောပနိုင်ငံများက ၁၉၇၀ ပြည့်နှစ် မတိုင်မီကတည်းက စတင်ခဲ့ကြသော်လည်း ဂျပန် မော်တော်ကားကုမ္ပဏီများကမူ ၁၉၇၀ ပြည့်လွန်နှစ်များသို့ရောက်ရှိမှသာ စတင်နိုင်ခဲ့ကြသည်။

မော်တော်ကားတစ်စီး၌ လေအေးပေးစနစ်ကို ထည့်သွင်းတပ်ဆင်ထုတ်လုပ်နိုင်ရန်အတွက် အဓိကအားဖြင့် အချက်နှစ်ချက်ကိုအခြေခံကာ စဉ်းစားတွက်ချက်ကြရသည်။ ပထမအချက်မှာ လေအေးပေးစက်အသုံးပြုမည့် မော်တော်ကားအတွင်းခန်း၏ အကျယ်အဝန်းနှင့် ထုထည်ပမာဏဖြစ်ပြီး ဒုတိယအချက်ကမူ အဆိုပါအတွင်းခန်း၌စီးနင်းမည့် ခွင့်ပြုခရီးသည်ဦးရေပင်ဖြစ်သည်။

လေအေးပေးစနစ်တစ်ခုသည် အခန်းအပူချိန်ကို လိုသလိုချိန်ညှိရယူနိုင်ရေးအတွက် အဆိုပါအခန်း၏ အကျယ်အဝန်း၊ ထုထည်ပမာဏတို့နှင့် လိုက်လျောညီထွေဖြစ်သော ကွန်ပရက်ဆာ(Compressor)၊ ကွန်ဒင်ဆာ(Condenser)၊ အီဗာပိုရေတာ(Evaporator)တို့ကို တပ်ဆင်ပေးရန်လိုအပ်သည်။ ဤနေရာတွင် Condenser ကို အရပ်အခေါ်အားဖြင့် အပူကွိုင်ဟူ၍လည်းကောင်း၊ Evaporator ကို အရပ်အခေါ်အားဖြင့် အအေးကွိုင်ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲနေကြသည်ကို သိရှိထားသင့်ကြသည်။ ။

**မြင့်တက်လာနေသော အင်ဂျင်၏အပူချိန်ကို ထိန်းချုပ်ရန် နည်းလမ်းနှစ်သွယ် ရှိသည်။ ပထမနည်းလမ်းမှာ အင်ဂျင်ပတ်ပတ်လည်၌ အင်အားပြင်းသော လေစီးကြောင်းကို ဖြတ်သန်းစေကာ သတ်မှတ်အပူချိန်ထက် မြင့်တက်မလာအောင် ကန့်သတ်ထိန်းချုပ်ခြင်းဖြစ်သည်။ ဒုတိယနည်းလမ်းကမူ အင်ဂျင်ဘလောက် အတွင်းသို့ ရေများကို စီးဝင်လှည့်ပတ်စေကာ သတ်မှတ်အပူချိန်ထက် မြင့်တက်မလာအောင် လုပ်ဆောင်ခြင်းပင်ဖြစ်သည်**

# ခေတ်အဆက်ဆက် မြန်မာ့သမဝါယမ

## ဝင်းနိုင်ထွန်း [သမဝါယမတက္ကသိုလ်(စစ်ကိုင်း)]

*ယမန်နေ့မှ အဆက်*

**ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် သမဝါယမအကြံပေးမစ်ရှင်အဖွဲ့**

ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်မှ ပြည်ထောင်စုမြန်မာနိုင်ငံသမဝါယမဌာန၏ အဓိကလုပ်ငန်း ရပ်များကို လက်တွေ့ဆောင်ရွက်ရာတွင် အကြံပေးရန်အတွက် “ပီဗွီကေအားယား” ခေါင်းဆောင်သည့် သမဝါယမပါရဂူလေးဦး ပါဝင်သောမစ်ရှင်အဖွဲ့ကို မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့သည်။ အကြံပေးမစ်ရှင်အဖွဲ့၏ လမ်းညွှန်မှုကြောင့် ကျောင်းဆရာများအတွက် အထူးအချိန်တိုသင်တန်းများကိုလည်းကောင်း၊ သမဝါယမအရာရှိများအတွက် ဌာနဆိုင်ရာဆွေးနွေးပွဲများကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့သည်။ သင်တန်းပြီးဆုံးသောအခါ ထိုသင်တန်းသားများကို အိန္ဒိယ၊ ပါကစ္စတန်၊ သိဟိုဠ်၊ အင်ဒိုနီးရှား၊ ဂျပန်စသော ပြည်ပနိုင်ငံများသို့ ထပ်မံပညာရှာဖွေနိုင်ရေး အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၏ အထောက်အပံ့ဖြင့်ပညာသင်စေလွှတ်ခဲ့သည်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှစ၍ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော နိုင်ငံတော်တော်လှန်ရေး ကောင်စီသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာအရပ်ရပ်ကို လွှဲပြောင်းရယူခဲ့သည်။ ၁၉၇၄ ခုနှစ် မတ်လ ၂ရက်နေ့တွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်ပေါ်ပေါက်လာခဲ့သည်။ တော်လှန်ရေး ကောင်စီက နိုင်ငံတော်အာဏာအရပ်ရပ်ကို ပြည်သူ့လွှတ်တော် သို့ လွှဲပြောင်းပေးခဲ့သည်။ (၂-၃-၁၉၇၄) ရက်မတိုင်မီ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှ ၁၉၇၄ ခုနှစ် မတ်လ ၁ ရက်နေ့အထိကို ခေတ်ပြောင်းတော်လှန်ရေးကာလဟု သတ်မှတ်ခဲ့ကြသည်။

**ဆိုရှယ်လစ်စီးပွားရေးစနစ်၏ ဒုတိယမဏ္ဍိုင်သမဝါယမ**

ဆိုရှယ်လစ်ခေတ်တစ်လျှောက်လုံးတွင် ပြည်သူပိုင်စနစ် သည် ပထမမဏ္ဍိုင်ဖြစ်ပြီး သမဝါယမကဏ္ဍသည် ဒုတိယမဏ္ဍိုင်အဖြစ် နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းအဖြစ် သတ်မှတ်ခံခဲ့ရသည်။ ထိုသို့သတ်မှတ်ချက်အရ သမဝါယမဝန်ကြီးဌာန ဦးစီးဌာနအဆင့်ဆင့်နှင့် သမဝါယမအသင်းအဆင့်ဆင့်၏ ရုံးစာများတွင် ဒုတိယမဏ္ဍိုင်ဖြစ်သည်ဆိုသည့်စာတမ်းများကို တံဆိပ်နှိပ်ခဲ့ကြသည်။ ဆိုရှယ်လစ်စီးပွားရေးစနစ် အခြေခံဖြစ်သော သမဝါယမစနစ်ကိုလည်း ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အထောက်အကူပြု၍ ဆိုရှယ်လစ်စီးပွားရေးစနစ်နှင့် အံဝင်ခွင်ကျဖြစ်ပြီးလျှင် ဆိုရှယ်လစ်စနစ်သို့ကူးပြောင်းရာတွင် အရေးကြီးသော အခြေခံတစ်ရပ်အဖြစ် ရပ်တည်နေသော သမဝါယမစနစ်မျိုးကို ဆိုလိုကြောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ယင်းစနစ်၏ ရည်ရွယ်ချက်မှာ ခေါင်းပုံဖြတ်မှုကင်းဝေးပြီး လုပ်သားပြည်သူများနှင့်သမဝါယမအသင်းသားများ လူနေမှု အဆင့်တိုးတက်ကောင်းမွန်လာစေရန် ဖြစ်သည်။

သမဝါယမဝန်ကြီးဌာနနှင့် သမဝါယမဦးစီးဌာနများ တော်လှန်ရေးကောင်စီပေါ်ပေါက်လာချိန်တွင် သမဝါယမဝန်ကြီးဌာနသည် သမဝါယမနှင့်ကုန်စည်ဖြန့်ဖြူးရေးဝန်ကြီးဌာနအဖြစ်သာ တည်ရှိနေသေးပြီး ၁၉၆၂ခုနှစ် မတ်လမှစ၍ ထောက်ပံ့ရေးနှင့်သမဝါယမဝန်ကြီးဌာနအဖြစ်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ထောက်ပံ့ရေးဌာနနှင့် သမဝါယမဌာနများပါဝင်ခဲ့သည်။ တော်လှန်ရေးကောင်စီပေါ်လာချိန်တွင် သမဝါယမဌာနများကို အောက်ပါအတိုင်း အဆင့်ဆင့်ဖွဲ့စည်းထားရှိခဲ့သည်-

(က) သမဝါယမမင်းကြီးရုံး(ဗဟိုအဆင့်)
(ခ) သမဝါယမအသင်းဝန်ရုံးများ (တိုင်း/ပြည်နယ် အဆင့်)
(ဂ) သမဝါယမဝန်ထောက်ရုံးများ (ခရိုင်အဆင့်)

**၁၉၇၀ပြည့်နှစ်သမဝါယမစီမံကိန်း**

၁၉၇၀ပြည့်နှစ် မေလ ၂၈ရက်နေ့တွင် ၁၉၇၀ ပြည့်နှစ်သမဝါယမစီမံကိန်းနှင့် သမဝါယမအသင်းဥပဒေများ ပြဋ္ဌာန်းခဲ့သည်။ ၁၉၇၀ ပြည့်နှစ် သမဝါယမအသင်းနည်းဥပဒေနှင့် အရေးယူနည်းများဆိုင်ရာ နည်းဥပဒေများကိုလည်း ပြဋ္ဌာန်းခဲ့သည်။ ပြည်သူပိုင်အခန်း၊ သမဝါယမပိုင်အခန်းနှင့် ပုဂ္ဂလိကပိုင်အခန်းများကိုလည်း ခွဲဝေသတ်မှတ်ခဲ့သည်။

သမဝါယမအသင်းဥပဒေ (၁၉၇၀) ၏ ထူးခြားချက်နှင့် အနှစ်သာရများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အခြေခံသည့် သမဝါယမအသင်းများကို အကာကွယ်ပေးခြင်း။
(ခ) သမဝါယမအသင်း၏ လုပ်ငန်းများအောင်မြင်စေရန် အဓိကဦးဆောင်သည့် အမှုဆောင်ကော်မတီနှင့် ကောင်စီဝင်များ၏ သုံးပုံတစ်ပုံကို အစိုးရက တိုက်ရိုက်ခန့်ထားပြီး ဦးဆောင် ဆောင်ရွက်စေခြင်း။
(ဂ) သမဝါယမအသင်းနှင့် စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူများအား ဤသမဝါယမ ဥပဒေအရသာ အရေးယူရန် အထူးဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးခြင်း။

ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်နိုင်ရေးအတွက် သမဝါယမကောင်စီဖွဲ့စည်းခြင်း၊ သမဝါယမဝန်ကြီးဌာနပြင်ဆင်ဖွဲ့စည်းနိုင်ခြင်း၊ သမဝါယမဝန်ကြီးဌာနအဆင့်ဆင့် ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ သမဝါယမအသင်းများအား ပညာပေးခြင်း၊ စည်းရုံးခြင်းနှင့် ထိန်းကျောင်းကြီးကြပ်ခြင်းစသည့် Organizer, Education, Regulator ဆောင်ပုဒ်ကို စွဲကိုင်၍ ဆောင်ရွက်ခဲ့ကြသည်။

အကျိုးအမြတ်ခွဲဝေခြင်း (ဝါ) အကျိုးဝေစုခွဲဝေခြင်းကို သမဝါယမဝန်ကြီးဌာနက အခါအားလျော်စွာ ညွှန်ကြားချက်များ ထုတ်ပြန်၍ အသင်းအမျိုးအစားအလိုက်နှင့်စီးပွားရေး လုပ်ငန်းစီမံချက်အလိုက် ပြဋ္ဌာန်းပေးခဲ့သည်။ သမဝါယမအသင်းများ၊ အသင်းဝင်များ၊ အမှုဆောင်များနှင့် ဝန်ထမ်းများကို ခွဲဝေပေးခဲ့သည်။ အကျိုးအမြတ်ခွဲဝေပေးခြင်းသည် သမဝါယမ၏ အခြေခံမူတစ်ရပ်ဖြစ်သည်။

**အနှစ်(၂၀) စီမံကိန်း**

၁၉၇၂ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိကျင်းပခဲ့သော ပါတီဗဟိုကော်မတီစတုတ္ထအကြိမ် အစည်းအဝေးမှပါတီ၏ “နှစ်ရှည်နှစ်တိုစီးပွားရေးမူဝါဒ” များကို ချမှတ်ခဲ့သည်။ ၁၉၇၃ခုနှစ်တွင် ကျင်းပခဲ့သော ဒုတိယအကြိမ်ပါတီညီလာခံမှ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံနှစ် (၂၀) နှစ်ရှည်စီမံကိန်းနှင့် ဒုတိယလေးနှစ်စီမံကိန်း လမ်းညွှန်မှုများပြဋ္ဌာန်းခဲ့သည်။

**ပါလီမန်ခေတ်နှင့် ဆိုရှယ်လစ်ခေတ်သမဝါယမ ခြုံငုံသုံးသပ်ချက်**

ပါလီမန်ခေတ်တွင် နိုင်ငံရေးအာဏာအဖွဲ့များ နိုင်ငံအနှံ့ ပျံ့နှံ့ခဲ့သည်နှင့်အမျှသမဝါယမ လုပ်ငန်းများတွင်လည်း ဝင်ရောက်လွှမ်းမိုးခဲ့သည်။ သမဝါယမအသင်းများသည် နိုင်ငံရေးအုပ်စုများနှင့် စည်းရုံးရေးဆင်းရာ စားကျက်သဖွယ်ဖြစ်ခဲ့ရသည်။ သမဝါယမအသင်းများတွင် အုပ်စုတိုက်ပွဲများ ဖြစ်ပွားခဲ့သဖြင့် ဥပဒေစည်းကမ်းအင်္ဂါရပ်တို့နှင့် မညီတော့ဘဲပုံပျက် ပန်းပျက်ဖြစ်ခဲ့သည်။ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးများအား အဘက်ဘက်မှ ယိုယွင်းနေသည့်ကာလဖြစ်၍ သမဝါယမလုပ်ငန်းများလည်း ယိမ်းယိုင်ခဲ့သည်။

၁၉၇၀ပြည့်နှစ်သမဝါယမစီမံကိန်းရည်ရွယ်ချက်များ အလွန်ပြည့်စုံကောင်းမွန်ပြီး အစိုးရကလည်း အားပေးကူညီခဲ့သော်ငြားလည်း ဆိုရှယ်လစ်စနစ်၏ ဗဟိုဦးစီးချုပ်ကိုင်မှုများပြားခြင်း၊ လုပ်ပိုင်ခွင့်ရရှိသူများက တလွဲအသုံးချခြင်း၊ အစိုးရက တိုက်ရိုက်ခန့်အပ်သူများ အရည်အချင်းမပြည့်မီခြင်း၊ လုပ်ပိုင်ခွင့်အလွဲသုံးခြင်း၊ ကြီးကြပ်တည့်မတ်ရန် တာဝန်ရှိသည့် သမဝါယမဝန်မင်းများကလည်း မိမိတာဝန်ကို ပြတ်သားတည့်မတ်စွာဆောင်ရွက်ဝံ့မှုမရှိခြင်း၊ အာဏာပိုင်အဖွဲ့အစည်း အလိုကျ ဆောင်ရွက်ခြင်း စသည်တို့ကြောင့် ဆိုရှယ်လစ်စနစ်နှင့်အတူ ပြည်သူလူထုယုံကြည်မှုမရရှိတော့သဖြင့် ဆိုရှယ်လစ်ခေတ်သမဝါယမလုပ်ငန်းများလည်း ကျဆုံးခဲ့ကြောင်း သုံးသပ်တွေ့ရှိရသည်။

**ဈေးကွက်စီးပွားရေးခေတ်မြန်မာ့သမဝါယမ ဥပဒေများပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ရက်နေ့တွင် ၁၉၇၀ပြည့်နှစ်၏ ပြင်ဆင်သည့် သမဝါယမဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ထိုနည်းတူ နည်းဥပဒေအမှတ် ၁/၈၈ ဖြင့် သမဝါယမနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။

**ဈေးကွက်စီးပွားရေးစနစ်နှင့်သမဝါယမ**

နိုင်ငံတော်အစိုးရသည် တိုင်းပြည်စီးပွားရေးစနစ်ကို ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးကြောင်း ကြေညာခဲ့သည်။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ သမဝါယမလုပ်ငန်းများကို အောက်ဖော်ပြပါအတိုင်း လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့သည်-

(က) ဗဟိုသမဝါယမအသင်းအား စီးပွားရေးလုပ်ကိုင် ခွင့်ပြုခြင်း။
(ခ) ဝန်ထမ်းသက်သာဆိုင်လုပ်ငန်းလုပ်ကိုင်ခြင်း။
(ဂ) ဗဟိုစားသုံးသူသမဝါယမအသင်းဖွဲ့စည်းဆောင်ရွက်ခြင်း။
(ဃ) လယ်ယာကုန်ထုတ်လုပ်ငန်း။
(င) ကော်ဖီသီးနှံစိုက်လုပ်ငန်းနှင့်ဥယျာဉ်ခြံလုပ်ငန်း။
(စ) အသား၊ ငါးထုတ်လုပ်မှုလုပ်ငန်းများ။
(ဆ) သစ်တောထွက်၊ သတ္တုထွက်ပစ္စည်းလုပ်ငန်းများ။
(ဇ) ဆောက်လုပ်ရေးနှင့်ဝန်ဆောင်မှုလုပ်ငန်းများ။
(ဈ) တည်းခို၊ ပြင်ဆင်၊ ဝယ်ယူဝန်ဆောင်မှုလုပ်ငန်းများ။
(ည) အသင်းဆိုင်များ ဖွင့်လှစ်ရောင်းချခြင်း။
(ဋ) စပါးဝယ်ယူခြင်း၊ ဆန်ဖြန့်ဖြူးခြင်းလုပ်ငန်း။

**အစိုးရ၏ အားပေးကူညီမှု**

နိုင်ငံတော်အစိုးရသည် သမဝါယမအခန်းကဏ္ဍလှုပ်ရှားမှုအပေါ် အထူးအာရုံစိုက်ပြီး လိုအပ်သော ချေးငွေများပံ့ပိုးပေးခြင်း၊ ဥပဒေများ ပြဋ္ဌာန်းပေးခြင်း၊ မူဝါဒချမှတ်လမ်းညွှန်ပေးခြင်းစသည့် လိုအပ်သော အကူအညီများဖြည့်ဆည်းပေးခဲ့သည်။ ၁၉၉၂ ခုနှစ် သမဝါယမဥပဒေကိုလည်း အတည်ပြုပြဋ္ဌာန်း ထုတ်ပြန်ပေးခဲ့သည်။

**သမဝါယမအသင်းများ ဖွဲ့စည်းတည်ထောင်ခြင်း**

သမဝါယမ အသင်းအဖွဲ့များအနေဖြင့် စနစ်တကျ အောင်မြင်သော အသင်းများဖြစ်ပေါ်လာရေး ကိုယ်တိုင်ကြိုးစား အားထုတ်မှုဖြင့် ကိုယ့်အားကိုယ်ကိုးသော သမဝါယမလုပ်ငန်းများ ဖြစ်ပေါ်လာရေးကို ဦးတည်၍ အသင်းဖွဲ့စည်းမှုကို ပထမဦးစားပေး သတ်မှတ်ဆောင်ရွက်ခဲ့သည်။

သမဝါယမအသင်းဖွဲ့စည်းရေးလုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေးကို ရည်ရွယ်၍ သမဝါယမဝန်ကြီးဌာနနှင့် သမဝါယမဦးစီးဌာနတို့က လိုအပ်သော ညွှန်ကြားချက်များ အမိန့်စာများ ထုတ်ပြန်ပေးပြီး ဗဟိုအဆင့်ဖွဲ့စည်းရေးကော်မရှင်နှင့် ဒေသဆိုင်ရာ တိုင်း/ပြည်နယ် မြို့နယ်အဆင့် ဖွဲ့စည်းရေး ကော်မရှင်တို့ကို ဖွဲ့စည်းပြီး သမဝါယမအသင်းများ ဖွဲ့စည်းရေး နှင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ အောင်မြင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

သမဝါယမအခန်းကဏ္ဍဖွဲ့စည်းပုံမှာ သုံးပိုင်းရှိပြီး ယင်းတို့မှာ ဌာနဆိုင်ရာဖွဲ့စည်းပုံ၊ အသင်းဆိုင်ရာ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆိုင်ရာ ဖွဲ့စည်းပုံတို့ဖြစ်သည်။ သမဝါယမအသင်းပိုင်းဆိုင်ရာ ဖွဲ့စည်းပုံတွင် ဥပဒေအရ ဖွဲ့စည်းထားသော သမဝါယမအသင်းများနှင့်သမဝါယမ အသင်းအဆင့်ဆင့်တို့ပါဝင်သည်။

**ဈေးကွက်စီးပွားရေးခေတ်မြန်မာ့သမဝါယမသုံးသပ်ချက်**

ပြောင်းလဲလာသော စီးပွားရေးစနစ်နှင့်အညီ ပို့ကုန်လုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်။ အခြေခံ သမဝါယမအသင်းများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ တောင့်တင်းခိုင်မာအောင် ဆောင်ရွက်ခဲ့ကြသည်။ သင်တန်းကျောင်းများ၊ ကောလိပ်များလည်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။

၁၉၈၈ခုနှစ် အရေးအခင်းအပြီး ဈေးကွက်စီးပွားရေးစနစ်တွင် စီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင် လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကာလတွင် အမှုဆောင်များ၏ မသမာမှု၊ အမှုဆောင်နှင့်အသင်းသားများ၏ လုပ်ငန်းမကျွမ်းကျင်မှု၊ စိတ်ဆန္ဒစောမှုများကြောင့် ဆုံးရှုံးမှုများ ပေါ်ပေါက်ခဲ့ခြင်းနှင့် တိုင်းပြည်စီးပွားရေး အကျပ်တည်းဆုံးကာလ ဈေးနှုန်းများ ကျဆင်းချိန်တွင် အသင်းပိုင်များကို မတန်မဆ ဈေးနှိမ်ရောင်းချ၍ ဘဏ်ချေးငွေများ ပေးဆပ်ခဲ့ရခြင်းတို့ကြောင့် အောင်မြင်မှု မရရှိခဲ့ခြင်းတို့ တွေ့ရှိရသည်။

**ပါတီစုံဒီမိုကရေစီခေတ် မြန်မာ့သမဝါယမ သမဝါယမအသင်းများ ဖွဲ့စည်းထားရှိမှု**

သမဝါယမအသင်းဥပဒေကို (၂၂-၁၂-၁၉၉၂)ခုနှစ်တွင် ထုတ်ပြန်ထားရှိခဲ့ပြီး သမဝါယမအသင်း နည်းဥပဒေများကို (၃၀-၉-၂၀၁၃) ခုနှစ်တွင် ထုတ်ပြန်နိုင်ခဲ့သည်။ လက်ရှိ ဖွဲ့စည်းထားရှိပြီးသော အသင်း အမျိုးအစားနှင့် အရေအတွက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| | |
|---|---|
| - ဗဟိုသမဝါယမအသင်း | (၁) သင်း |
| - သမဝါယမအသင်းစုချုပ် | (၂၂) သင်း |
| - သမဝါယမအသင်းစု | (၄၆၄) သင်း |
| - အခြေခံသမဝါယမအသင်း | (၄၀၁၅၂)သင်း |
| **စုစုပေါင်း** | **(၄၀၆၃၉) သင်း/အသင်းသား (၄၂၃၉၆၈၇)** |
| - ကုန်ထုတ်လုပ်မှု သမဝါယမအသင်း | (၃၃၀၂၇) သင်း |
| - ဝန်ဆောင်မှု သမဝါယမအသင်း | (၄၄၃၄) သင်း |
| - ကုန်သွယ်မှု သမဝါယမအသင်း | (၃၁၇၈) သင်း |
| **စုစုပေါင်း** | **(၄၀၆၃၉)သင်း/ အသင်းသား(၄၂၃၉၆၈၇)** |

**မြန်မာ့သမဝါယမ အခြေခံမူ(၁၀)ချက်**

(၁) အသင်းကို မိမိဆန္ဒအလျောက် ပါဝင်သူများဖြင့် ဖွဲ့စည်းရန်၊
(၂) အသင်းသား(သို့) ကိုယ်စားလှယ်သည် လူတစ်ကိုယ် ဆန္ဒမဲတစ်မဲပေးနိုင်သည့် ညီမျှသော အခွင့် အရေးရရှိ၍ အသင်း၏ လုပ်ငန်းအရပ်ရပ်ကို အများ၏ ဆန္ဒဖြင့်သာ စီမံခန့်ခွဲရန်၊
(၃) အသင်းတွင် ထည့်ဝင်ထားသော အစုအတွက် ရရှိမည့် အကျိုးခံစားခွင့်ကို ကန့်သတ်ထားရန်၊
(၄) အသင်း၏ လုပ်ငန်းမှ ထွက်ပေါ်လာသည့် အသားတင် အမြတ်ငွေများကို အသင်းသားများ၏ ဆုံးဖြတ်ချက်ဖြင့် ခွဲဝေရန်၊
(၅) သမဝါယမ သဘောတရားနှင့်နည်းစနစ်ပြန့်ပွားရေး အတွက် ဆောင်ရွက်ရန်၊
(၆) ပြည်တွင်းပြည်ပရှိ သမဝါယမအသင်းအချင်းချင်း ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန်၊
(၇) အသင်းသည် အသင်း၏ စီးပွားရေးနှင့်လူမှုရေးလုပ်ငန်း များကို လုပ်ဆောင်သည့် အဖွဲ့အစည်းသာ ဖြစ်စေရန်၊
(၈) အသင်းသည် အသင်းသား၊ အသင်းဝင်များ၏ အကျိုးကို ဦးတည်ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏ လူနေမှုအဆင့် အတန်းမြင့်မားရေးကို ရှေးရှုဆောင်ရွက်ရန်၊
(၉) အသင်းသားများ (သို့) အသင်းဝင်များသည် အသင်း၏ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်သူများ ဖြစ်ကြစေရန်၊
(၁၀) အသင်းသည် အသင်းသား၊ အသင်းဝင်များနှင့် အကျိုးတူ စီးပွားရေးလုပ်ကိုင်သူများ၏ အကျိုး စီးပွားအတွက် အချင်းချင်းလုပ်အားပစ္စည်းတို့ ပူးပေါင်း၍ အများ၏ဆန္ဒဖြင့် စီမံခန့်ခွဲလုပ်ကိုင်သည့် အဖွဲ့အစည်းဖြစ်စေရန်၊

**အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်(ICA)၏ အခြေခံမူ (၇)ရပ်**

(၁) ဆန္ဒအလျောက် လွတ်လပ်စွာပါဝင်နိုင်ခြင်း၊
(၂) အများဆန္ဒနှင့်အညီ စီမံခန့်ခွဲခြင်း၊
(၃) စီးပွားရေးလုပ်ငန်းများတွင် အသင်းသားများ ပါဝင်ခြင်း၊
(၄) ကိုယ်တိုင်စီမံခန့်ခွဲခြင်းနှင့်လွတ်လပ်မှုရရှိခြင်း၊
(၅) ပညာလေ့ကျင့် သင်ကြားရေးနှင့်သတင်းဖြန့်ချိရေး ဆောင်ရွက်ခြင်း၊
(၆) သမဝါယမအသင်းအချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်း၊
(၇) လူ့အဖွဲ့အစည်းအကျိုးကို အလေးထားခြင်း၊

**သမဝါယမအသင်းများ၏ လုပ်ငန်းများ**

- အသေးစား အရင်းအနှီး ချေးငွေထုတ်ချေးခြင်း လုပ်ငန်း (Microfinance)။
- လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းစက် ကိရိယာများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်းလုပ်ငန်း (Hire Purchase System)။
- စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေးအတွက် မြေယာပြုပြင်ခြင်းလုပ်ငန်း ။
- လယ်ယာအထောက်အကူပြု ဝန်ဆောင်မှု သမဝါယမအသင်းများ ပေါ်ပေါက်လာရေးလုပ်ငန်း။
- လယ်ယာကဏ္ဍအတွက် သွင်းအားစုအား ဖြန့်ဖြူးပေးနိုင်ရေးလုပ်ငန်း။

**အသေးစားချေးငွေထုတ်ချေးပေးခြင်းလုပ်ငန်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ**

**သံမဏိစည်းကမ်း(၂)ရပ်**

(၁) လုပ်ငန်းဆောင်ရွက်ရာတွင် ခွင့်ပြုပေးထားသော ရန်ပုံငွေဖြင့်သာ လုပ်ငန်းစရိတ်သုံးစွဲပြီး အခြေခံ သမဝါယမအသင်းထံမှသော်လည်းကောင်း၊ ငွေချေးယူကြသည့် အသင်းသားများထံမှသော်လည်းကောင်း တစ်စုံတစ်ရာ ငွေကြေးဖြတ်တောက်ခြင်းမပြုရ၊
(၂) ချေးငွေများ နောက်တစ်ကြိမ် ထုတ်ချေးသည့်အခါ အဆပ်ပြ၍ ပြန်လည်ထုတ်ချေးပေးခြင်းမပြုရ၊ အမှန်တကယ် ပေးဆပ်ပြီးမှသာ ထပ်မံထုတ်ချေးရမည်။

**ဝိုင်းကြီးချုပ်အဖွဲ့၏ လိုက်နာရမည့် စည်းကမ်း(၃)ရပ်**

(၁) ချေးယူငွေများကို အလွဲသုံးစားမပြုအောင် အဖွဲ့ဝင်အချင်းချင်း ထိန်းရန်၊
(၂) ချေးယူငွေများကို မိမိလုပ်ငန်းတွင် တကယ်ထိရောက်စွာ အသုံးပြုစေရေး အဖွဲ့ဝင်အချင်းချင်း ထိန်းရန်၊
(၃) သတ်မှတ်ကာလအတွင်း အတိုးအရင်းကို ပြေကျေစွာ ပေးဆပ်ရန်နှင့် တစ်ဦးမဆပ်ပါက ကျန်အဖွဲ့ဝင်များက တာဝန်ယူပေးဆပ်ရန်။

**အသင်းသားများက လိုက်နာရမည့် စည်းကမ်း(၂)ရပ်**

(၁) ချေးငွေများကို အသုံးပြုရန် တင်ပြတောင်းခံသည့် လုပ်ငန်းအတွက် ထိထိရောက်ရောက် သုံးစွဲသွားရန်၊
(၂) လုပ်ငန်းအတွက် အသုံးပြုသည့်ချေးငွေများကို သတ်မှတ်ကာလတွင် အပြေအကျေ ပြန်လည်ပေးဆပ်ရန်။

**သမဝါယမအသင်းအဆင့်ဆင့်၏ လိုက်နာရမည့် စည်းကမ်း(၂)ရပ်**

(၁) အသင်းသားများက ချေးငွေကို အလွဲသုံးစားမပြုရေး၊ လုပ်ငန်းတွင် ထိရောက်စွာသုံးစေရေး ကြပ်မတ်ရမည်၊
(၂) သတ်မှတ်ကာလတွင် ချေးငွေနှင့်ဝန်ဆောင်စရိတ် အတိုးကို ပြန်ဆပ်အောင် ကြပ်မတ်ရမည်၊ မဆပ်ပါက အသင်းအဆင့်ဆင့်ကပါ တာဝန်ယူပြန်ဆပ်ရမည်။

**အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း အောင်မြင်စေရေးအတွက် လိုက်နာရမည့် စည်းကမ်း(၃)ချက်**

(၁) ချေးပေးလိုက်သည့် ငွေများကို ပြည်သူ့လူမှုဘဝ တိုးတက်အောင်လုပ်ငန်းများထိထိရောက်ရောက် အောင်မြင်အောင် ဆောင်ရွက်နိုင်စေရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးရန်၊
(၂) ချေးငွေများကို သတ်မှတ်ကာလတွင် အရင်းအတိုးမှန်မှန် ပြန်လည်ပေးဆပ်စေရန်၊
(၃) စာရင်းဇယားများ ပြည့်စုံမှန်ကန်မှုရှိစေရေးနှင့် ထားရှိရမည့် နေရာများတွင် အမှန်တကယ်ထားရှိစေရန်၊

**သမဝါယမအသင်းသားများ ရရှိနိုင်မည့် အကျိုးကျေးဇူး**

(၁) အတိုးနှုန်းသက်သာစွာဖြင့် အရင်းအနှီး ချေးငွေရရှိခြင်း၊
(၂) မိမိပိုင်စုဆောင်းငွေများ တဖြည်းဖြည်းများပြားလာခြင်း၊ နောင်မိမိလုပ်ငန်းအတွက် ပြန်လည်ထုတ်ယူခွင့်ရှိခြင်း၊
(၃) မိမိကိုယ်ပိုင်စုဆောင်းငွေအပေါ်တွင် အတိုးရရှိခြင်း၊

*စာမျက်နှာ ၁၇ သို့*

# စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော် ဘုရားဖူးငါးကြိုဆိုပွဲနှင့် ငါးကျွေးဆိပ်ဖွင့်ပွဲကျင်းပ

**ပွင့်ဖြူ ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင်တည်ရှိသော သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော်မြတ်ကြီး၏ ဝါတွင်းကာလ နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော ဘုရားဖူးလာငါးကြီးများကို မုန်းချောင်းအနောက်ဘက် ဘူးသည်ကျေးရွာတောင်ဘက် (ယခင်ဝါဏိဇ္ဇဂါမရွာကြီး) အနီးရှိ ငါးကျွေးဆိပ်မှ ရေဝတီမြစ်ဝအထိ ကြိုဆိုဖိတ်ခေါ်ပွဲနှင့် ငါးကျွေးဆိပ်ဖွင့်ပွဲကို ဝါဆိုလပြည့်နေ့ ဇူလိုင် ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။



ကျောင်းတော်ရာစေတီတော်ကြီး၏ အရှေ့ဘက် သုံးဖာလုံခန့်အကွာတွင် ဖြတ်သန်းစီးဆင်းနေသော မုန်းချောင်းအတွင်း နှစ်စဉ်နှစ်တိုင်း ဝါထပ်ရက်ကိုပင် သိတတ်သော ငါးကြီးများ ဝါတွင်းကာလရောက်တိုင်း လာရောက်ကာ ဦးခိုက်ပူဇော်လျက်ရှိရာ ဘုရားဖူးလာပြည်သူများမှ အစာကျွေးကုသိုလ်ပြုကြသည်မှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလျက်ရှိသည်။ မုန်းချောင်းရေ အနည်းအများ၊ ရာသီဥတုအခြေအနေပေါ်မူတည်၍ ယမန်နှစ်က နံနက်စောစောပိုင်းတွင် ဦးခေါင်းများဖော်၍ အစာများစားနေသည်ကို တွေ့ရှိရသည့်အတွက် ဘုရားဖူးလာပြည်သူများ ကိုယ်တွေ့မြင်တွေ့ကာ အစာကျွေးကုသိုလ် ပြုခဲ့ကြသည်။

ဘုရားဖူးလာငါးကြီးများ ကြိုဆိုဖိတ်ခေါ်ပွဲကို နှစ်စဉ်ဝါဆိုလပြည့်နေ့ နံနက် ၇ နာရီတွင် ငါးကျွေးဆိပ်ကမ်းမှ ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့များနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြမည်ဖြစ်သည်။

**သူရထွန်း(ပွင့်ဖြူ)**

# ကောက်စိုက်သမငှားရန် ခက်ခဲသဖြင့် စပါးကြဲခင်းသာ အဓိကထားစိုက်ပျိုး

**ညောင်လေးပင် ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ မိုးရာသီစပါးစိုက်ပျိုးရာတွင် ကောက်စိုက်သမငှားရန် ခက်ခဲသဖြင့် ပျိုးနုတ်၊ ကောက် စိုက် စိုက်ပျိုးခြင်းထက် စပါးကြဲခင်းစိုက်ပျိုးခြင်းသာ အစိုက်များကြကြောင်း သိရသည်။

ယခင်က စပါးကြဲခင်းစိုက်ပျိုးခြင်းကို ရေကြီးကွင်း လယ်ယာမြေများတွင် စိုက်ပျိုးကြကာ ကုန်းလယ်မြေများတွင် စပါးမျိုးကြဲ၍ ပြန်နုတ်ကာ ကောက်စိုက်သမများဖြင့် ပြန်လည်စိုက်ပျိုးကြပြီး စပါးစိုက်ခင်းတွင် တစ်ကေလျှင် ပျမ်းမျှစပါးတင်း ၈၀ မှ ၁၀၀ အထိ ထွက်၍ စပါးကြဲခင်းစိုက်ပျိုးသော လယ်ယာမြေများတွင် ပျမ်းမျှ တစ်ကေလျှင် ၅၀ မှ ၈၀ ထိထွက်ကာ ကောက်စိုက်သမငှားရန် အခက်အခဲရှိသဖြင့် စပါးကြဲခင်းသာ စိုက်ပျိုးခြင်းများပြားလာကြသည်။ ကောက်စိုက်သမငှားရမ်းရာတွင် နေ့စားခ တစ်ဦးငွေကျပ် ၄၅၀၀ ပေးရကာ တစ်ကေအတွက် တစ်ရက်စိုက်ပျိုးလျှင် ၁၅ ဦးခန့် စိုက်ပျိုးရသည်။

"ယခုအခါ အလုပ်သမားတွေက မြို့ပေါ်ရှိ စက်ရုံ၊ အလုပ်ရုံများကို သွားရောက် လုပ်ကိုင်နေကြပြီး တချို့မှာ ပြည်ပသို့ထွက်ကာ အလုပ်လုပ်နေကြသောကြောင့် ကောက်စိုက်သမားရှားပါးတာပါ"လို့ ကောက်စိုက်အဖွဲ့ခေါင်းဆောင် ဦးညွန့်စိန်က ရှင်းပြသည်။

ကောက်စိုက်သမများ ငှားရမ်းရန်ခက်ခဲသဖြင့် အထွက်နှုန်းနည်းသော်လည်း ကြဲခင်းသာ စိုက်ပျိုးမှုများပြားလာရခြင်းဖြစ်ကြောင်း စပါးစိုက်တောင်သူများထံမှ သိရသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**



# မျက်မမြင်ကွန်ပျူတာသင်တန်း ဖွင့်လှစ်

**မိတ္ထီလာ ဇွန် ၂၈**

မိတ္ထီလာမြို့ ရှမ်းတဲလေတပ်စခန်းအနီး ညောင်ကန်ကျေးရွာအုပ်စု ဓမ္မပါလကျေးရွာ၌ ဖွင့်လှစ်ထားသော ဘဝသစ်မျက်မမြင် သင်တန်းကျောင်းမှ မျက်မမြင်ကျောင်းသား ကျောင်းသူ ၄၀ အတွက် မြန်မာနိုင်ငံမျက်မမြင်အသင်းချုပ်၏ ဆက်သွယ်မှုဖြင့် အမေရိကန်နိုင်ငံ မျက်မမြင်အသင်းက ကူညီပံ့ပိုးမှုဖြင့် မျက်မမြင်ကွန်ပျူတာသင်ကြားရန်အတွက် အသံဖိုင်ပါသည့် ကွန်ပျူတာနှစ်လုံးကို ပေးအပ်လှူဒါန်းခဲ့သည်။

အမေရိကန် မျက်မမြင်အသင်းမှ မျက်မမြင် ကျောင်းသားကျောင်းသူများအတွက် လှူဒါန်းခဲ့သော ကွန်ပျူတာသင်တန်း ဖွင့်ပွဲကို ဇွန် ၂၅ရက်က ဘဝသစ်မျက်မမြင်သင်တန်းကျောင်း၌ ကျင်းပခဲ့သည်။ မျက်မမြင် ကွန်ပျူတာသင်တန်းဖွင့်ပွဲ၌ နာယက ဦးသောင်းမြိုင်က အမှာစကားပြောကြားသည်။

မိတ္ထီလာဘဝသစ်မျက်မမြင် ကျောင်းသားကျောင်းသူများအတွက် ကွန်ပျူတာ သင်တန်းကို မြန်မာနိုင်ငံ မျက်မမြင်အသင်းမှ မျက်မမြင်အသင်းနည်းပြ ဆရာနှစ်ဦးက ခြောက်လကြာ သင်ကြားပေးပို့သွားမည်ဖြစ်သည်။ ကွန်ပျူတာသင်တန်းအတွက် ဘဝသစ်မျက်မမြင်ကျောင်းတွင် လက်ရှိ လျှပ်စစ်မီးမရသေးသဖြင့် မီးစက်အသုံးပြု သင်ကြားရမည့်အတွက် စက်သုံးဆီဖိုး လှူဒါန်းမည့် အလှူရှင်များ လိုအပ်လျက်ရှိသည်။ ကွန်ပျူတာသင်တန်းအတွက် စက်သုံးဆီနှင့် အလှူငွေများ လှူဒါန်းလိုပါက ဖုန်း-၀၉၄၀၂၅၂၇၀၉၄နှင့် ၀၉-၇၉၈၈၆၉၂၀၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

ဇွန်လ ၂၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ ၌ ပါရှိသော "ပုဂံနှင့် စွယ်တော်လေးဆူ" ဆောင်းပါး၏ ပုံစာအညွှန်းများတွင် ရွှေစည်းခုံစေတီအစား လောကနန္ဒာစေတီ၊ လောကနန္ဒာစေတီအစား တုရင်တောင်စေတီနှင့်တုရင်တောင်စေတီအစားရွှေစည်းခုံစေတီဟူ၍ ပြင်ဆင်ဖတ်ရှုပေးပါရန်။ **(စာတည်း)**

*စာမျက်နှာ ၁၆ မှ*

**အခြေခံသမဝါယမအသင်းက ရရှိနိုင်မည့် အကျိုးကျေးဇူး**

(၁) ဗဟိုကပေးသော ချေးငွေဖြင့် အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်း လုပ်ကိုင်ရာတွင် ဝန်ဆောင်ခ (အတိုး)ကို အချိုးကျရရှိခြင်း၊

(၂) အသင်းသားများ၏ စုဆောင်းငွေများကြောင့် အသင်း၏ ရင်းနှီးငွေများပြားလာခြင်း၊

(၃) အသင်းပိုင်ရင်းနှီးငွေဖြင့် အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း လုပ်ကိုင်ရာတွင် ဝန်ဆောင်ခ (အတိုး)ကို အသင်းနှင့် အသင်းသားများက အပြည့်အဝရရှိခြင်း၊

**အသေးစားအရင်းအနှီးချေးငွေ (Micro Capital Loan) လုပ်ငန်း၏ ရည်ရွယ်ချက်**

ပြည်သူများ ပြင်ပမှအတိုးကြီးပေး၍ ငွေချေးယူရမှုမှ လတ်တလော သက်သာစေရန်နှင့် နောင်(၄၊ ၅) နှစ်ကြာသည့်အခါတွင် ပြင်ပမှ ငွေချေးစရာမလိုတော့ဘဲ မိမိပိုင်ငွေကြေးဖြင့် မိမိဘာသာ ရပ်တည်နိုင်စေရန် (Self Reliance) နှင့် ၎င်းမှတစ်ဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေသို့ ရောက်ရှိစေရန် မျှော်မှန်းဆောင်ရွက်နေခြင်းဖြစ်သည်။

**သမဝါယမအသင်းသားများ ထားရှိရသည့် စာရင်းဇယားရှစ်မျိုး**

(က) ငွေစာရင်းစာအုပ်
(ခ) စုဆောင်းငွေနှင့် အစုစာရင်းစာအုပ်
(ဂ) အထွေထွေ လယ်ဂျာ
(ဃ) ချေးငွေ/ဆပ်ငွေ မှတ်တမ်းစာအုပ်
(င) အစည်းအဝေးမှတ်တမ်းစာအုပ်
(စ) ဝိုင်းကြီးချုပ်အဖွဲ့လိုက် မှတ်တမ်းစာအုပ်
(ဆ) ချေးငွေလျှောက်လွှာပုံစံ
(ဇ) ချေးငွေစာချုပ်

**သမဝါယမလုပ်ငန်းများနှင့် သမဝါယမစနစ် ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်များ**

(၁) သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် သမဝါယမသဘောတရားကျင့်ဝတ်၊ အနှစ်သာရနှင့်သမဝါယမအခြေခံမူများနှင့်အညီ ကူညီဆောင်ရွက်ပေးမည်။

(၂) သမဝါယမအသင်းများအား သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားခြင်း၊ ဖွဲ့စည်းထားရှိသည့် သမဝါယမအသင်းများအားလည်း ကျစ်လျစ်ခိုင်မာစွာဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးမည်။

(၃) ကျေးလက်နေပြည်သူများနှင့်မြို့ပြနေ အခြေခံလူတန်းစားများ၏ ဝင်ငွေရလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားအရင်းအနှီး ချေးငွေအစီအစဉ် ဆောင်ရွက်ပေးမည်။

(၄) တောင်သူလယ်သမားများသို့ လယ်ယာသုံး၊ ရေလုပ်ငန်းစသည့် စက်ကိရိယာများနှင့် သွင်းအားစုများအား အရစ်ကျစနစ်ဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် ဆောင်ရွက်ပေးမည်။

(၅) စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် မြေယာပြုပြင်ခြင်း လုပ်ငန်းများအား သက်ဆိုင်ရာဌာနများနှင့်ဆက်သွယ်ပူးပေါင်းဆောင်ရွက်၍ လိုအပ်သည်များကူညီပေးခြင်း၊ ငွေကြေးပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်။

(၆) သမဝါယမအသင်းများ၏ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းတို့ကို ထိရောက်စွာ ဆောင်ရွက်ပေးခြင်းဖြင့် သမဝါယမအသင်းများအား စွမ်းဆောင်မှုအဆင့်မြှင့်တင်ပေးမည်။

(၇) သမဝါယမအသင်းများအား သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများဖြင့် ထိန်းကျောင်းတည့်မတ်ပေးခြင်း၊ သမဝါယမကျင့်ဝတ်၊ အနှစ်သာရနှင့် အခြေခံမူတို့ကို သိရှိနားလည်စေရန် ဦးစီးဌာန ဝန်ထမ်းများနှင့် သမဝါယမအသင်း အဆင့်ဆင့်ရှိ အမှုဆောင်များ၊ ဝန်ထမ်းများအတွက် လုပ်ငန်းစွမ်းဆောင်ရည်မြှင့် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မည်။

(၈) သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အရင်းအနှီး ငွေကြေးများအား နိုင်ငံတကာမှ အကူအညီ၊ အထောက်အပံ့နှင့် ချေးငွေများရရှိအောင် ဆောင်ရွက်မည်။

(၉) သမဝါယမအသင်းသား မိသားစုများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုအဆင့်မြှင့်တင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်။

**ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (Action Plan ) (၈)ရပ်**

(၁) သမဝါယမအသင်းများဖွဲ့စည်းခြင်း။
(၂) အသေးစားအရင်းအနှီးချေးငွေ ထုတ်ချေးခြင်းလုပ်ငန်း (Microfinance) ။
(၃) လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းစက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်းလုပ်ငန်း (Hire Purchase System)။
(၄) စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေးအတွက် မြေယာပြုပြင်ခြင်းလုပ်ငန်း။
(၅) လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းများ ပေါ်ပေါက်လာရေးလုပ်ငန်း။
(၆) လယ်ယာကဏ္ဍအတွက် သွင်းအားစုများ ဖြန့်ဖြူးပေးနိုင်ရေးလုပ်ငန်း။
(၇) ငွေကြေးအရင်းအနှီး ရယူဆောင်ရွက်ရေးလုပ်ငန်း။
(၈) သမဝါယမပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း (Capacity Building) ။

**ပါတီစုံ ဒီမိုကရေစီခေတ်သုံးသပ်ချက်**

လက်ရှိပြုပြင်ပြောင်းလဲရေး ဖော်ဆောင်မှုများကို ကြည့်ပါက စနစ်တကျနှင့် အောင်မြင်မှုရရှိအောင် ဆောင်ရွက်နေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ပညာရပ်ဆိုင်ရာ သီအိုရီများနှင့် ကိုက်ညီအောင် ဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရသည်။

အသင်းဖွဲ့စည်းထားသော အဖွဲ့များ၏ အမှန်တကယ်လုပ်ဆောင်နိုင်မှုကို အထူးဂရုပြုရန် လိုအပ်သလို ရရှိလာသော အခွင့်အရေးများကိုလည်း ထိရောက်အောင်သမဝါယမအသင်းများ၊ အသင်းသားများ၊ တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါမည်။ ယခင်ခေတ်အဆက်ဆက် မြန်မာ့သမဝါယမလုပ်ငန်းများသည် အောင်မြင်မှုများရှိခဲ့သလို အလုံးစုံပျက်စီးမှုများနှင့်လည်း ကြုံတွေ့ခဲ့ရသည်။ သမဝါယမလုပ်ငန်းများနှင့် ပတ်သက်သည့် ခေတ်အဆက်ဆက် အတွေ့အကြုံများ၏ သင်ခန်းစာများကိုလည်း ရယူ၍ သမဝါယမလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။

သမဝါယမအသင်းများသည် Social Business, Social Enterprise ဖြစ်သည်နှင့်အညီ စီးပွားရေးလုပ်ငန်းဆောင်ရွက်ပြီး လူမှုရေးတာဝန်ကျေပွန်သော အဖွဲ့အစည်းဖြစ်ပေါ်လာစေရေးအတွက် လွတ်လပ်သော ဆန္ဒနှင့်အများအကျိုး၊ အသင်းသားများ၏ အကျိုးအတွက် ဦးထိပ်ထားပြီး ဆောင်ရွက်သော အသင်းများအဖြစ်ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်မည်ဆိုလျှင် အောင်မြင်မှုရရှိမည်ဖြစ်သည်။

**နိဂုံး**

မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် သမဝါယမလုပ်ငန်းများ၏ အခြေအနေအကျဉ်းချုပ်အား ခေတ်အလိုက်တင်ပြခဲ့သည်။ သမဝါယမလုပ်ငန်းများသည် ခေတ်အဆက်ဆက်နိုင်ငံ၏ စီးပွားရေးနှင့် သက်ဆိုင်သောကဏ္ဍတွင် အရေးပါသောကဏ္ဍမှ ပါဝင်ခဲ့သည်ကိုလည်း တွေ့ရှိရမည်ဖြစ်သည်။ ခေတ်စနစ်နှင့် လျော်ညီအောင် ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့ကြသည်။ မည်သို့ပင်ဆိုစေကာမူ သမဝါယမလုပ်ငန်းများသည် လူသားများနှင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်သည်နှင့်အညီ မည်မျှပင်စနစ်ကောင်းကောင်း၊ မူဝါဒလုပ်ငန်းစဉ်များ ကောင်းကောင်း ရေရှည်အောင်မြင်မှုရရှိရေးမှာ အကောင်အထည်ဖော်ဆောင်ကြမည့်လူများ(ဝါ) အသင်းသားများ၏ စိတ်ဓာတ်နှင့် စွမ်းဆောင်ရည်အပေါ်တွင်သာ မူတည်နေမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ သမဝါယမလုပ်ငန်းအောင်မြင်မှုရရှိရေးအတွက် ပြုပြင်ပြောင်းလဲရေးသည် စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည်နှင့်အညီ စဉ်းစားတွေးခေါ်မှု ပြောင်းလဲခြင်းမှသည် စွမ်းဆောင်နိုင်ရည်မြင့်မားလာသည်အထိ အဆင့်ဆင့်ကြိုးပမ်းရင်း သမဝါယမအသင်းများ ရှင်သန်အောင်မြင်အောင် အစဉ်ကြိုးစားနေရမည်ဖြစ်ပြီး သမဝါယမကဏ္ဍပြုပြင်ပြောင်းလဲရေးမူဘောင်အတွင်း ပိုမိုကောင်းမွန်သည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်မဟာဗျူဟာများချမှတ်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း ဖော်ပြရင်း နိဂုံးချုပ်အပ်ပါသည်။


**ကျမ်းကိုးစာရင်း**

| စဉ် | စာရေးသူ | စာအုပ်အမည် | ပုံနှိပ်တိုက် | ခုနှစ် |
|---|---|---|---|---|
| ၁ | ဘိုးဝန်၊ ဦး<br>ထွန်းသင်၊ ဦး | စီးပွားရေးသမဝါယမ<br>(ပထမတွဲ) (ဒုတိယတွဲ) | ယောဂီ | ၁၉၅၃ |
| ၂ | လှမောင်၊ ဦး | သမဝါယမနိဒါန်း | မိုးဇော်ရောင်စုံ | ၁၉၇၆ |
| ၃ | မင်းသန့်ခေါင် | သက်တန့်ရောင်အလင်းတန်းများ | ဖြိုး | ၂၀၀၁ |
| ၄ | English AE | A hand book of Co-operative for Burma | Gov; Press | 1914 |
| ၅ | Aung Soe U | A shortnote on the history of Co-operative | Gov; Press | 1944 |
| ၆ | စာတည်းအဖွဲ့ | သိမှတ်ဖွယ်ရာဗဟုသုတအဖြာဖြာ<br>(ပြန်/ဆက်) | သိန်းသန်းဦး | ၂၀၁၅ |
| ၇ | ဝန်ကြီးရုံးအဖွဲ့ | သမဝါယမဝန်ကြီးဌာန<br>လေးလပတ်အစီရင်ခံစာများ | - | ၂၀၁၁ မှ<br>၂၀၁၅ ထိ |

# ကွန်ဖက်ဒရေးရှင်းဖလား အကြိုဗိုလ်လုပွဲ ပေါ်တူဂီနဲ့ ဂျာမနီတို့ နောက်ဆုံးဗိုလ်လုပွဲတက်ရောက်နိုင်ပါ့မလား

ကမ္ဘာတစ်ဝန်းက ဘောလုံးပရိသတ်တွေ စိတ်ဝင်တစားနဲ့ စောင့်မျှော်ကြည့်ရှုနေကြတဲ့ ကွန်ဖက်ဒရေးရှင်းဖလားဘောလုံးပြိုင်ပွဲကတော့ အကြိုဗိုလ်လုပွဲအထိ ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ အကြိုဗိုလ်လုပွဲကို ဇွန် ၂၉ ရက်နဲ့ ၃၀ ရက်တွေမှာ ကျင်းပမှာမို့ အကြိုဗိုလ်လုပွဲ တက်ရောက်လာတဲ့ ပေါ်တူဂီနဲ့ ချီလီ၊ ဂျာမနီနဲ့ မက္ကဆီကိုတို့ရဲ့ပွဲတွေကတော့ ပရိသတ်တွေအတွက် အကောင်းဆုံးရသတွေပေးဦးမှာ ဖြစ်ပါတယ်။ ပရိသတ်အများစု ကြိုတင်တွက်ဆထားတဲ့အတိုင်း ဂျာမနီနဲ့ ပေါ်တူဂီအသင်းတွေ နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်နိုင်ခြင်းရှိ မရှိကတော့ ရင်ခုန်စရာကောင်းနေတာတော့ အမှန်ပါပဲ။

### ပေါ်တူဂီနှင့် ချီလီ

ဗီဒယ်၊ ဆန်းချက်ဇ်၊ ဗားဂတ်စ်တို့ရဲ့ အားနဲ့ အကြိုဗိုလ်လုပွဲ တက်ရောက်လာတဲ့ ချီလီအသင်းဟာ အခက်အခဲတွေ အများကြီး ဖြတ်ကျော်ခဲ့ရပါတယ်။ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲသမိုင်းမှာ ပထမဆုံးအကြိမ် အုပ်စုအဆင့်က တက်ရောက်နိုင်ခဲ့တဲ့ ချီလီဟာ သမိုင်းမှတ်တမ်းကောင်း ဆက်လက်ရေးထိုးနိုင်ဖို့ ခြေကုန်ဖွင့်ကစားလာမှာ သေချာပါတယ်။ ၁း၄း၃း၃ ကစားကွက်နဲ့ ပွဲထွက်လာဖွယ်ရှိတဲ့ ချီလီအသင်းမှာတော့ တိုက်စစ်မှာ ဆန်းချက်ဇ်၊ ဗားဂတ်စ်၊ လီဒါတို့နဲ့ နေရာချထားဖို့ ရှိသလို ကွင်းလယ်မှာ ဗီဒယ်၊ မာဆယ်လိုဒီယက်ဇ်၊ အရန်ဂီတို့နဲ့ ထိန်းချုပ်နိုင်ရေး စီစဉ်ပါလိမ့်မယ်။ နောက်တန်းမှာ အတွဲမိနေတဲ့ အစ်လာ၊ မီဒယ်လ်၊ ဟာရာ၊ ဘူဆီယူတို့က တာဝန်ယူမှာမို့ ပေါ်တူဂီတို့ ထင်တိုင်းတော့ မပေါက်နိုင်ပါဘူး။ ချီလီအသင်းက ကွန်ဖက်ဒရေးရှင်းပြိုင်ပွဲမှာ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ရုရှားကို တစ်ဂိုးစီသရေ၊ ရိုမေးနီးယားကို နှစ်ဂိုးသုံးဂိုးနဲ့ ရှုံးပြီး ကင်မရွန်းကိုတော့ နှစ်ဂိုးပြတ်နိုင်ပွဲရထားခဲ့ပါတယ်။ ဂျာမနီကိုတော့ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပြီး ဩစတြေးလျကိုတော့ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ချီလီဟာ နောက်ဆုံးငါးပွဲကစားခဲ့ရာမှာ တစ်ပွဲသာ အနိုင်ရခဲ့ပြီး သရေပွဲ သုံးပွဲနဲ့ တစ်ပွဲရှုံးခဲ့တာမို့ ချီလီရဲ့ခြေစွမ်းက အားရစရာတော့ မကောင်းပါဘူး။ ပေါ်တူဂီတို့ကတော့ စီရော်နယ်ဒိုရဲ့ ဦးဆောင်မှုနဲ့ နောက်ဆုံးငါးပွဲကစားခဲ့ရာမှာ ဆိုက်ပရပ်စ်ကို လေးဂိုးပြတ်နိုင်ခဲ့ပြီး လတ်ဗီးယားကို သုံးဂိုးပြတ်နိုင်ခဲ့သလို ရုရှားကို တစ်ဂိုးဂိုးမရှိ အောင်ပွဲခံခဲ့ပါတယ်။ နယူးဇီလန်ကိုတော့ လေးဂိုးပြတ်နိုင်ခဲ့ပြီး မက္ကဆီကိုအသင်းကိုတော့ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပါတယ်။ ပေါ်တူဂီတိုက်စစ်မှူးတွေဟာ နောက်ဆုံးငါးပွဲမှာ ၁၄ ဂိုးသွင်းယူခဲ့တာမို့ တိုက်စစ်မှူးတွေရဲ့ဂိုးသွင်းစွမ်းရည်က အကောင်းဆုံး အနေအထား ရောက်ရှိနေပါတယ်။ စီရော်နယ်ဒို၊ အန်ဒရေဆေးလ်ဗား၊ ဘာနာဒိုဆေးလ်ဗား၊ ဂိုမက်ဇ်၊ မော်တင်ဟို၊ နာနီတို့လို ကစားသမားတွေကြောင့် အတောင့်တင်းဆုံး စုဖွဲ့မှုကို ပိုင်ဆိုင်ထားပါတယ်။ ပေါ်တူဂီဟာ ကွန်ဖက်ဒရေးရှင်းဖလားကို တစ်ကြိမ်မျှ မပိုင်ဆိုင်ဖူးသေးတာမို့ အခုပွဲမှာတော့ ရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားတော့မှာ ဖြစ်ပါတယ်။ စီရော်နယ်ဒိုကလည်း ကွန်ဖက်ဒရေးရှင်းပြိုင်ပွဲမှာ အခုချိန်အထိ နှစ်ဂိုးသွင်းယူထားလို့ ဂျာမနီမှ စတင်ဒယ်နဲ့ ဝါနာတို့နဲ့အတူ ဂိုးအများဆုံးသွင်းနိုင်သူအဖြစ် ရပ်တည်နေပါတယ်။ အသင်းလိုက်ရော၊ တစ်ဦးချင်းမှာပါ ခြေစွမ်းသာလွန်တဲ့ ပေါ်တူဂီတို့ပဲ အောင်ပွဲခံပြီး နောက်ဆုံးဗိုလ်လုပွဲတက်ရောက်သွားပါလိမ့်မယ်။



### ဂျာမနီနှင့် မက္ကဆီကို

၁၉၉၉ ခုနှစ်မှာ ကွန်ဖက်ဒရေးရှင်းဖလားကို ရယူနိုင်ခဲ့တဲ့ မက္ကဆီကိုဟာ ဒီနှစ်မှာလည်း အဲဒီလို အောင်မြင်မှုမျိုး ရရှိနိုင်ဖို့ အစွမ်းကုန်ကြိုးစားနေပါတယ်။ ဟာနန်ဒက်ဇ်၊ ဟီမင်နက်ဇ်၊ ကားလို့စ်ဗီလာတို့အားနဲ့ တိုက်စစ်ကို ဦးဆောင်ကာ ဂွာဒါဒို၊ ဟာရဲရား၊ ဒေါ့ဆန်းတို့စ်စတဲ့ ကွင်းလယ်ဖန်တီးမှုတွေနဲ့ အခုအကြို ဗိုလ်လုပွဲအထိ တက်ရောက်လာတဲ့ မက္ကဆီကိုဟာ လျှော့တွက်လို့မရတဲ့အသင်းဖြစ်ပါတယ်။ အခု ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲမှာ ဟွန်ဒူးရပ်စ်၊ နယူးဇီလန်၊ ရုရှားအသင်းတွေကို အနိုင်ကစားပြီး အမေရိကန်နဲ့ ပေါ်တူဂီအသင်းတွေကိုတော့ သရေပွဲကစားနိုင်ခဲ့တာမို့ ရှုံးပွဲတော့ရှိမထားပါဘူး။ ခံစစ်ပိုင်းကောင်းမွန်တာမို့ ဂျာမနီတိုက်စစ်မှူးတွေ ဂိုးရဖို့ ခက်ခဲမှာပါ။ အပေးအယူ အချိတ်အဆက် မြန်ဆန်ပြီး အကျပ်အတည်းကြားက ကျော်ဖြတ်နိုင်တာကြောင့် ဂျာမနီတို့ သတိထားရပါလိမ့်မယ်။ ဂျာမနီတို့ကလည်း ဝါနာ၊ စတင်ဒယ်လ်တို့ တိုက်စစ်တွဲလုံးနဲ့ ယူနက်စ်၊ ဒရက်ဇ်လာ၊ အမ်မရီချန်၊ ဘရန့်၊ ဂိုဟက်ဇ်ကာတို့ရဲ့ကွင်းလယ် ထိန်းချုပ်အားတွေ၊ တိုက်စစ်၊ ခံစစ်အထောက်အကူပြုအားတွေနဲ့ ဂိုးရအောင်ကြိုးစားပါလိမ့်မယ်။ ဂျာမနီတို့က နောက်ဆုံးငါးပွဲကစားခဲ့ရာမှာ ကင်မရွန်း၊ ဆန်မာရီနို၊ ဩစတြေးလျတို့ကို နိုင်ပွဲရခဲ့ပြီး ဒိန်းမတ်နဲ့ ချီလီကိုတော့ သရေပွဲဖြစ်ခဲ့ပါတယ်။ ခြေစွမ်းပိုင်း ကွာဟချက် ကြီးကြီးမားမား မရှိတဲ့ နှစ်သင်းမို့ ပွဲကောင်းတစ်ပွဲဖြစ်ပြီး အကြိတ်အနယ်လည်း ရှိမယ့်ပွဲပါပဲ။ ပွဲချိန်အတွင်း ရလဒ်မပြတ်ဖို့ များနေပြီး အချိန်ပိုအထိ ဆက်သွားရမယ့် အခြေအနေမျိုး ဆိုက်ရောက်သွားနိုင်ပါတယ်။ ။

◆ မိုးမြင့်လင်းလက် ◆

## မန်ယူကွင်းလယ်အတွက် မာတစ်ကိုခေါ်ရန် ကြိုးစားနေ




မန်ယူအသင်းအတွက် လာမည့်ဘောလုံးရာသီတွင် အကောင်းဆုံးစုဖွဲ့မှုနှင့်အတူ ဖြတ်သန်းရန် နည်းပြ မော်ရင်ဟို ပြင်ဆင်ကြိုးစားလျက်ရှိရာ ချယ်လ်ဆီးကွင်းလယ်ကစားသမား နေမင်ဂျာမာတစ်အား ယခုသီတင်းပတ်အတွင်း စာချုပ်ချုပ်ဆို ခေါ်ယူနိုင်တော့မည်ဖြစ်သည်။ အသက် ၂၈ နှစ်အရွယ်ရှိ မာတစ်သည် ချယ်လ်ဆီးတွင် ပြီးခဲ့သည့်ဘောလုံးရာသီက ပုံမှန်ပွဲထွက်ခွင့်မရရှိဘဲ အရန်ခုံ၌ ထိုင်နေခဲ့ရသည့်အတွက် အသင်းပြောင်းရွှေ့ရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးနည်းပြ ကွန်တီ၏ အနာဂတ် အစီအစဉ်တွင်လည်း ဆက်လက်ပါဝင်ရန်ရှိနေကြောင်း အရိပ်အမြွက် ဖော်ပြခဲ့သော်လည်း မန်ယူက ခေါ်ယူရန် ကြိုးစားနေခြင်းဖြစ်သည်။

မန်ယူအသင်းတွင် လက်ရှိ ပေါ့ဂ်ဘာနှင့် တွဲဖက်ကစားရန် စွမ်းရည်တူကစားသမားလိုအပ်လျက်ရှိရာ နည်းပြမော်ရင်ဟိုက ခေါ်ယူရန် ကြိုးစားခဲ့ရာ ယခုအခါ လက်မှတ်ထိုးဖို့ အဆင့်သာ ကျန်ရှိနေပြီဖြစ်သည်။ မန်ယူနည်းပြ မော်ရင်ဟိုသည် မန်ယူကွင်းလယ်အတွက် ကစားသမားသုံးဦးကို ပစ်မှတ်ထားလျက်ရှိရာ စပါးမှ အဲရစ်ဒိုင်ရာ၊ ရိုးမားအသင်းမှ နိုင်ဂိုလန်နှင့် ချယ်လ်ဆီးမှ မာတစ်တို့ဖြစ်သည်။ ချယ်လ်ဆီးအသင်းက မာတစ်ကို ထုတ်ရောင်းရန် လောလောဆယ် ဆန္ဒမရှိသော်လည်း မန်ယူအသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ပေးပါက စဉ်းစားရန်ရှိကြောင်း မီဒီယာများက ဖော်ပြသည်။

## ချယ်လ်ဆီးက ဗီတိုလိုအား ခေါ်ယူရန် ကြိုးစားနေ

ချယ်လ်ဆီးအသင်းသည် ကစားသမားသစ်များကို အနည်းဆုံး ငါးဦးအထိ ခေါ်ယူ အားဖြည့်သွားရန် ကြိုးစားလျက်ရှိရာ ဆီဗီလာအသင်းမှ ကွင်းလယ်တိုက်စစ်မှူးတစ်ဦးဖြစ်သည့် ဗီတိုလိုအား ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းပေး၍ ခေါ်ယူရန် ဆွေးနွေးလျက်ရှိကြောင်း ဒေးလီးစတား သတင်းမီဒီယာက ဖော်ပြသည်။ အသက် ၂၂ နှစ်အရွယ်ရှိ ဗီတိုလိုသည် ချယ်လ်ဆီးနည်းပြ ကွန်တီအလိုရှိနေသော ကစားသမားတစ်ဦးဖြစ်ပြီး လျင်မြန်မှုနှင့် အဆုံးသတ်မှုများ ကောင်းမွန်သည့်အပြင် တိုက်စစ်ကို ထိထိရောက်ရောက် လိုက်ပါ ပံ့ပိုးနိုင်သူတစ်ဦးဖြစ်သည်။ ဆီဗီလာအသင်းက ဗီတိုလိုအား ထုတ်ရောင်းရန် ဆန္ဒမရှိသော်လည်း ကစားသမား၏ ဆန္ဒက အသင်းမှ ပြောင်းရွှေ့လိုသော စိတ်ပြင်းထန်နေကြောင်း သိရသည်။ ချယ်လ်ဆီးအသင်းသည် မိုနာကိုအသင်းမှ ဘာကာယိုကိုအား ခေါ်ယူရန် စောင့်ကြည့်လျက်ရှိပြီး ဗီတိုလိုအား မခေါ်ယူဖြစ်ပါက ဘာကာယိုကိုအား ခေါ်ယူနိုင်ရေး ပြင်ဆင်ထားခြင်းဖြစ်သည်။ မိုနာကိုအသင်းကမူ ဗီတိုလိုအား ထုတ်ရောင်းမည်မဟုတ်ဟု ငြင်းဆိုထားသည်။

## ကမ္ဘာ့ထိပ်တန်း ဂေါက်သီးရိုက်အားကစားမယ် ဆိုယောင်ယူ ဖြစ်လာ

အမျိုးသမီး ကမ္ဘာ့ဂေါက်သီး အဆင့်သတ်မှတ်ချက်တွင် တောင်ကိုရီးယားမှ ဂေါက်သီးရိုက်အားကစားမယ် ဆိုယောင်ယူက ထိပ်ဆုံးနေရာ၌ ရပ်တည်နေကြောင်း အမျိုးသမီးကြေးစားဂေါက်သီးမယ် အာရီယာနေရာကို ရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် အားကစားမီဒီယာများက ဖော်ပြသည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်အားကစားမယ် ဆိုယောင်ယူသည် အမေရိကန်နိုင်ငံ အာကင်ဆက်ပြည်နယ်တွင် ကျင်းပခဲ့သည့် Walmart Open ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သဖြင့် ကမ္ဘာ့အဆင့်နံပါတ်တစ်နေရာကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယခု ၂၀၁၇ ခုနှစ်အတွင်း ဆိုယောင်ယူသည် အဓိက ပြိုင်ပွဲကြီးတစ်ရပ်၌ ပထမဆုံးဗိုလ်စွဲခြင်းလည်း ဖြစ်သည်။ ပြီးခဲ့သည့် သီတင်းနှစ်ပတ်ခန့်က ကမ္ဘာ့အဆင့်တစ်နေရာကို အာရီယာက ရယူခဲ့ခြင်းဖြစ်ပြီး ဆိုယောင်ယူက တတိယနေရာ၌သာ ရပ်တည်နေခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့အဆင့်နှစ်နေရာတွင် လီဒီယာက ရယူထားခဲ့သဖြင့် အာရီယာ၊ လီဒီယာနှင့် ဆိုယောင်ယူတို့က အစဉ်လိုက်ရှိနေခဲ့ကြခြင်းဖြစ်သည်။



တစ်နှစ်တာ ဂေါက်သီးရိုက်ပြိုင်ပွဲများ ဆင်နွှဲခဲ့ရာတွင် ဆိုယောင်ယူက ၄၃၂ ဒသမ ၇၃ မှတ်ရရှိသော်လည်း အာရီယာက စုစုပေါင်း ၄၈၉ ဒသမ ၁၈ မှတ်ရရှိခဲ့သည်။ သို့သော် ပြိုင်ပွဲဝင်ခဲ့သည့် ပွဲအရေအတွက်တွင်မူ အာရီယာက ၅၇ ပွဲ ကစားခဲ့ပြီး ဆိုယောင်ယူက ၄၉ ပွဲ သာ ကစားခဲ့ရာ တစ်ပွဲလျှင် ပျမ်းမျှအမှတ်တွက်ရာတွင် အာရီယာက ၈ ဒသမ ၅၃ မှတ်ရရှိပြီး ဆုယောင်ယူက ၈ ဒသမ ၈၃ မှတ်ရရှိခဲ့သည်။ တစ်ပွဲပျမ်းမျှရမှတ်နှင့် Walmart Open ပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သဖြင့် ဆိုယောင်ယူမှာ ကမ္ဘာ့အဆင့်တစ်နေရာသို့ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## ရှမ်းပြည်နယ်တစ်ခွင် ဆေးလိပ်ငွေ့ကင်းစင်ရေး ဆောင်ရွက်

**ဟိုပန် ဇွန် ၂၈**
ရှမ်းပြည်နယ်တစ်ခွင် ဆေးလိပ်ငွေ့ကင်းစင်အောင်စတင်ဆောင်ရွက်ခြင်း အသိပေး အခမ်းအနားကို ဇွန် ၂၄ ရက်က 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့ရှိ ဝဏ္ဏကျော်ထင်စဝ်ခွန်ဆမ်ခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာစိုင်းဇော်ဝင်းလှိုင်က ရှမ်းပြည်နယ်တွင် ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရေးတွင် ဌာနဆိုင်ရာ များ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်ရေးကို ရှင်းလင်းပြော ကြားခဲ့သည်။

ထို့နောက် 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌက ကျန်းမာရေးအသိ ပညာပေး လက်ကမ်းစာစောင်နှင့် ပိုစတာများကို ပေးအပ်ခဲ့ပြီး အားကစားနှင့်ကာယ ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်က အားကစားပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

## လျှပ်စစ်ဝိုင်ယာရိန်းနည်းပညာသင်တန်းဆင်းပွဲ သံတွဲ၌ကျင်းပ

**သံတွဲ ဇွန် ၂၈**
သံတွဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ DUAL TEACH Co.,Ltd နှင့် ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက် အကူပြုဆိုင်ရာ လျှပ်စစ်ဝိုင်ယာရိန်းနည်းပညာသင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၂၇ ရက် နံနက်က အဆိုပါရုံး၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်ဦးစီးမှူးကိုယ်စား မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဌေးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို မြို့နယ် ဦးစီးမှူး ဦးတင်မောင်ဌေး၊ DUAL TEACH Co.,Ltd မှ နည်းပြဆရာ ဦးအောင်ဌေး၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ခရိုင်/ ကျေးလက်ဒုတိယဦးစီးမှူး ဦးအေးနိုင်တို့က ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရ သည်။

**သန့်ဇင် (ပြန်/ဆက် )**

## ကရင်ပြည်နယ်တွင် ခြောက်လခန့်အတွင်း မူးယစ်ဆေးဝါးမှု ၃၀၀ နီးပါးဖမ်းမိ

**ဘားအံ ဇွန် ၂၈**
၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဇွန်လ ၂၀ ရက်အထိ ခြောက်လနီးပါးကာလအတွင်း ကရင်ပြည်နယ်၌ ဖမ်းဆီး ရမိသည့် မူးယစ်ဆေးဝါးအမှုပေါင်း ၂၉၅ မှုရှိခဲ့ကာ အဆိုပါအမှုများမှ တရားခံပေါင်း ၄၃၉ ဦးကို ဖမ်းဆီးရမိ ခဲ့ကြောင်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားဖမ်းမိမှုမှာ ဆေးပြားရေ ၁၆ သိန်းကျော်ရှိကြောင်း သိရသည်။

ဘားအံမြို့ဇွဲကပင်ခန်းမ၌ ဇွန် ၂၆ ရက်က ကျင်းပခဲ့ သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်း အမှတ်အခမ်းအနားတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြည်လင်း၏ ပြောကြားချက်အရ အဆိုပါ မူးယစ် ဆေးဝါးအမှု ၂၉၅ မှုမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၄၀၀၀၊ ဆေးခြောက် ၆၆၃၉၀ ဂရမ်၊ ဘိန်းစာရွက် ၁၀၃၀ ဂရမ်၊ ဘိန်းမည်း ၁၆၃ ဒသမ ၃ ဂရမ်၊ ICE ၁၉၀၅ ဒသမ ၆ဂရမ်၊ မူးယစ်ဆေးဝါးမှုနှင့် သက်ဆိုင်သည့်ငွေ ကျပ် ၁၀၇ သိန်းကျော်နှင့် ထိုင်းဘတ် ၈၄၉၀၊ လက်နက် မျိုးစုံ ၃၄ လက်၊ ကျည်မျိုးစုံ အတောင့် ၂၅၀၊ ကား ၃၇ စီး၊ ဆိုင်ကယ် အစီး ၈၀ တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရ သည်။



အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်း အမှတ် အခမ်းအနားတွင် တစ်နှစ်တာအတွင်း မူးယစ် ဆေးဝါးတိုက်ဖျက်ရေး ဖမ်းဆီးဖော်ထုတ်ခြင်းလုပ်ငန်း များ ဆောင်ရွက်ရာ၌ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော ရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ နယ်ခြားစောင့်တပ်မှ သုံးဦးနှင့် ပူးပေါင်းပါဝင် လက်တွဲကူညီခဲ့သော ပြည်သူငါးဦးတို့ အား ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်းက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစော ချစ်ခင်၊ ပြည်နယ်တရားသူကြီးချုပ် ဦးစောစံလင်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများကလည်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ ပြည်နယ်အဆင့် နှင့် ဗဟိုအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီ ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများချီးမြှင့် ပေးအပ်ခဲ့ကာ အခမ်းအနားတွင် ခင်းကျင်းပြသထား သော မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေး နံရံကပ်စာစောင်များကိုလည်း အခမ်းအနား တက်ရောက်သော ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများက လေ့လာ ကြည့်ရှုခဲ့ကြသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသော အန္တရာယ်များအကြောင်း ပညာပေးဟောပြော

**ထားဝယ် ဇွန် ၂၈**
